www.burmeseclassic.com

# ခင်ခင်မြတ်နိုး

## မင်းအနားမှာ နေပါရစေ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၉၁၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၇၃၀၆၀၈

ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြဲ-၁၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးဇော်မင်းအေး (မြဲ-၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်၊ အမှတ် (၃၈၆)၊
အင်ကြင်းမြိုင်လမ်း၊ ၂၃ ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊
၂၀၀၉ ခုနှစ်၊ မေလ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊
၃၁. လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764


# အခန်း (၁)

မှန်ပြုတင်းပေါက်ခန်းဆီးလိုက်ကာလေးကို ဆွဲဖွင့်လိုက်တာနှင့် လျှပ်စစ်မီးရောင်အောက်တွင် ဝေဝါးဝါးလေး ဖူးနေသော နှင်းပွင့်လေးတွေကို ဖြူလွလွဖြင့် အတိုင်းသား မြင်နေရသည်။

ဒီနေ့မှ ဝိုင်းစု စိတ်ထဲ ဒီနှင်းလွှာလေးတွေက ပိုပြီး လှသွေးကြွယ်နေသည်ထင်၏။

နှင်းလွှာလေးတွေက မီးရောင်အောက်မှာတစ်မျိုး လေးလှနေတာလို့ သူမထပ်ဆင့်တွေးမိပြန်ပါသေး၏။

'ဟင်း. . . ဝိုင်းက နှင်းပွင့်လေးတွေဆို ရှင်က မီးအလင်းရောင် ဖြစ်မှာပေါ့နော်'

www.burmeseclassic.com



တဒင်္ဂတစ်ရက်ကလေး ဆုံတွေ့လိုက်ရပေမယ့် ခုထိ သူမနှလုံးသားမှာ ဘာကြောင့်များ စွဲထင်ထင်ဖြစ်နေခဲ့ရတာလဲကွယ်. . .

ရှိုင်းသန့်နေတဲ့ သူ့ပုံစံနဲ့ မျက်ဝန်းညို့ညို့များကို သူမ ဘယ်သို့မေ့နိုင်ပါ့မလဲ . . .

'ဟော့. . ဝိုင်း နင်ဘာတွေတွေးပြီး ပြုံးစစဖြစ်နေတာလဲဟဲ့၊ တန်တော့ ပျော်ပွဲစားနေ့က အဖြစ်တွေ ပြန်သတိရနေပြီမို့လား၊ နင်တို့ စုံတွဲသီချင်းဆိုတာ တကယ် ပီပြင်ပါ့ပါတယ်'

ဘုရားရေ သူမရင်ထဲဖြစ်နေတာ ငုဝါ ဘယ်လိုများ သိနေပါလိမ့်ကွယ်၊ သို့ပေမယ့် ရှက်မျက်နှာကို ဟန်ဆောင်ဖုံးရင်းမှ . . .

'ငုဝါ ကောင်မစုတ်နော် ၊ ငါတို့ ပညာရေးကြိုးစားနေတဲ့အချိန်မှာ ဒါမျိုးဝေးသေး'

'ဩော် . . ဩော် ကျောင်းပြီးရင်တော့ စဉ်းစားမယ်ပေါ့၊ အဲဒါဆိုလဲ ပုလဲအစ်ကို ကိုနေ့ကိုသာ စဉ်းစားပေါ့၊ နင်နဲ့တော့ ရွှေ့သွားနောက်လိုက် ညီတယ်ဟ၊နေနဲ့လ ရွှေနဲ့မြပဲ'

'ငုဝါနော် ပေါက်တက်ကရ'





ရှက်မျက်နှာဖြင့် ပေါက်တက်ကရလို့သာ ပြော…တ်ရပေမယ့် အမှတ်မထင် သူနှင့် ဆုံစည်းခဲ့ရပုံလေးများ…ား အပျိုစင်အပျိုဖြန်းလေး သူမအတွက်တော့ဖြင့် …တယ့်ရင်ခုန်မှုများပဲဖြစ်သည်။

'ငါလည်း အကဲခတ်လို့ရပါတယ်ဟယ်၊ ပုလဲတို့က …င်းရဲလို့သာပဲနော်၊ သူ့အစ်ကိုရော ပုလဲရော တကယ့် …တ်ဆံရှိအသိုင်းအဝိုင်းရုပ်မျိုးဟ'

အမှတ်ရမိနေသူကိုမှပဲ ငုဝါက လာပြီးအစပျိုးပေး…နေပြန်သည်။

တဒင်္ဂဆုံတွေ့ခဲ့ပေမယ့် ရင်ထဲမှာသူမ ဆွေးဆွေး…မြဲ့မြေ့ဖြစ်နေရသည်။

'သိပ်ပြီးလဲ အတွေးနယ်ချဲ့မနေနဲ့ဝိုင်း၊ ပုလဲက ခုဆို …ကို မေ့ရင်မေ့နေလောက်ပြီဟ'

'တစ်နေကုန်လဲ စာကျက်ရလို့ပင်ပန်းထားတာ၊ …ာ. . အိပ်စို့ ဝိုင်း'

'မင်းအိပ်နှင့်ပါ ငုဝါရယ်နော်၊ ခဏနေတော့ ငါလာ…အိပ်မယ်'

'ဘာလဲ အတွေးနယ်ချဲ့ဦးမယ်ပေါ့'

'အင်း. . .'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . ကဲ. . . မမဝိုင်းစု သဘောပါတဲ့ရှင်'

ငုဝါပြောပြီး အခန်းထဲဝင်သွား၏။ ဝိုင်း အတွေး စိတ်လေးများသည်လည်း တစ်ချိန်ကရင်ခုန်ခဲ့စေသော နေ့လေးများကို ပြန်ကာအမှတ်ရ လွမ်းဆွတ်နေမိတော့၏။

✤ ✤ ✤



## အခန်း (၂)

ဝိုင်းစုတို့ ပထမနှစ်ကျောင်းသူဘဝ မောင်မယ် သစ်လွင်ပွဲပြီး၍ ပျော်ပွဲစားထွက်သည့်နေ့။

'ဟေ့. . . တို့ ဒီနေ့ဘယ်သွားကြမှာလဲ ဝိုင်းစု'

'ထူးထူးခြားခြားလေးလည်းဖြစ်၊ ကုသိုလ်လည်း ရအောင် ရွှေမော်ဓောဘုရား သွားဖူးမယ်၊ အပြန်မှာ ဆော်ကားဥယျာဉ်ဝင်ပြီး ပါဆယ်ဂိမ်းကစားကြမယ်'

'အေး. . . ကောင်းတယ်၊ ပုလဲ မရောက်သေးဘူး ဟဲ့ သူပဲ လိုတော့တာ၊ ကျန်တဲ့သူတွေ အားလုံးစုံနေပြီ'

'အေးဟယ်. . . ဘာလို့နောက်ကျနေတာလဲ မသိဘူး လိုက်မှာရော သေချာလို့လား'



www.burmeseclassic.com

www.burmeseclassic.com



'သေချာတယ် ငုဝါ၊ ငါ့ကိုတော့ သေချာပြောသွားတာ'

ရောင်စုံမလေးများ အလှချင်းပြိုင်လျက် အလုပ်ရှုပ်နေကြ၏။ ထိုစဉ်အခိုက်ဝယ် . . .

'ဟော. . .ဟိုမှာ လာပြီဟဲ့'

'ဟုတ်ပ. . .နင် ပေါ်လာသေးတယ်နော် ပုလဲ'

အနီးရောက်လာသော ပုလဲကို အောင်ဝင်း ပြုံးစစနဲ့ ပြောတော့ ပုလဲနံဘေးမှ အစ်ကို့အား လက်ညှိုးထိုးပြကာ. . .

'ငါက မလိုက်ချင်ပါဘူးဟာ၊ ဝိုင်းစုနဲ့ ငုဝါက အတင်းလိုက်ရမယ်ဆိုလို့ပါ'

'ခုလည်း ကိုကို့ကို ငါအပြန် အဖော်ရအောင် ခေါ်ခဲ့ရတာ၊ ခု ကားမဆွဲဖြစ်တော့ဘူး'

ဒီတော့မှ ပုလဲနံဘေးမှ သူ့အား ဝိုင်းစုတို့သူငယ်ချင်းတစ်စု သတိထားမိသွားခဲ့ကာ . . .

'ပုလဲကလည်းဟာ အပြန် ငါလိုက်ပို့ပေးမှာပေါ့ဟဲ့'

'ခုတော့ အားနာစရာ၊ ပြီးတော့ ဝိုင်းတို့ကြောင့် အလုပ်ပျက်နေပြီပေါ့'

'ဟုတ်ကဲ့ ရပါတယ်၊ တို့ ကိုယ်တိုင်လည်း ညီမလေး



အပြန်မိုးချုပ်မှာကို စိတ်မချလို့ပါ'

အရွှန်းလက်ဆုံး မျက်ဝန်းများနှင့် ကောင်မလေးတားကို နေဟန် အပြုံးဖြင့် ပြန်ပြောဖြစ်သည်။

'ဝိုင်းတို့ သူငယ်ချင်းတွေနဲ့တော့ စိတ်ချ၊ နောက်ပြောင်တာကလွဲလို့ မောင်နှမလိုပဲနေကြတာ'

'ဟုတ်ကဲ့ ခင်ဗျ'

'ဝိုင်းစု. . . ဒါ ပုလဲပြောပြောနေတဲ့ ပုလဲရဲ့ကိုကို ကိုနေဟန်လေ'

'ဟုတ် တွေ့ရတာဝမ်းသာပါတယ်ရှင်၊ နောက်လမ်းမှာတွေ့လည်း ခေါ်ပေါ့'

'ဟုတ်ကဲ့ တို့ခေါ်မှာပါ'

'ကိုကို ဒါ ပုလဲရဲ့ အချစ်ဆုံးသူငယ်ချင်းတွေ၊ သူက ဝိုင်းစု၊ သူက ငုဝါ၊ ဟိုကောင်လေးတွေက အောင်ဝင်း၊ နေမောင်၊ ညီဂျော်'

'ဟုတ်ကဲ့ ကျွန်တော်တို့လည်း တွေ့ရတာဝမ်းသာပါတယ်ဗျာ'

'လမ်းတွေ့လည်း တွေ့ရှောင်သွားပေါ့၊ ကျွန်တော်တို့ဟာ အစားကြူးတယ် အစ်ကို'

ခဏချင်းမှာပဲ ပုလဲရဲ့သူငယ်ချင်းအားလုံးနှင့်

www.burmeseclassic.com

www.burmeseclassic.com



နေဟန် ခင်မင်သွားခဲ့သည်။

'အောင်ဝင်းရေ လူစုံသွားပြီဟေ့၊ နေမြင့်လာရင် ပူမှာဟ'

'အေး. . . အေး'

သို့ဖြင့် ဝိုင်းစုတို့ သူငယ်ချင်းများအဖွဲ့တွင် ညီမလေးပုလဲနှင့် ပက်သက်ပြီး နေဟန် လိုက်ပါခွင့်ရရှိခဲ့သည်။

အမှန်တော့ တက္ကသိုလ်ကျောင်းနှင့် ကင်းကွာနေခဲ့ပြီဖြစ်သော နေဟန်အဖို့ ဒီလိုအပျော်အပါးပွဲမျိုးကို မလိုက်လိုပါ။

ဖေဖေ မေမေတို့ ကွယ်လွန်ပြီးနောက် သူ ဒုတိယနှစ်ကို ဆက်မဖြေတော့ဘဲ တက္ကစီကားသမားဘဝဖြင့် မောင်နှမနှစ်ယောက်ဘဝကို ရုန်းကန်ခဲ့ခြင်းဖြစ်သည်။

သူမျှော်မှန်းထားတဲ့ဘဝ လွဲချော်ခဲ့သည်မို့လည်း တက္ကသိုလ်မြေကို ပြန်အမှတ်ရမနေချင်တော့ချေ။

ခုတော့ဖြင့် ညီမငယ်က အပြန်အဖော်မရှိဟု အတင်းခေါ်သဖြင့် သူ လိုက်ပါခဲ့ရခြင်းဖြစ်သည်။

'အစ်ကိုကြီး ဘာတွေတွေးနေတာလဲ၊ လာလေ





အရှားသွားဖူးစို့'

'ဟင်. . . နေ. . နေ ညီ၊ အစ်ကို မလိုက်တော့ဘူး'

'အို. . . ဘယ်ဟုတ်မလဲ၊ လာ. . . လာ'

လူငယ်တွေကြား ရှုပ်နေမည်စိုးတာကြောင့် ငြင်းမိသည်တွင် . . .

'ဘယ်ဟုတ်မလဲ ဝိုင်းနဲ့ ပုလဲတို့က ညီအစ်မလိုနေတာ၊ ဝိုင်းတို့နဲ့ ပျော်ပျော်ပါးပါးလိုက်လာပြီးမှ လိုက်ခဲ့ပါနော်၊ အားပေါ်မှာ ပျင်းနေမှာပေါ့'

'ဟုတ်တယ် ကိုကို၊ လာ'

ညီမငယ်ကရော အားလုံးထဲမှ အပြာဝမ်းဆက်အလေးနှင့် လှချင်တိုင်းလှနေသော ဝိုင်းစုကပါ အကြည့်နွှမ်းရွှန်းလေးများနှင့် ခေါ်နေတော့ နေဟန် ဘယ်လိုမှ မငြင်းသာတော့ချေ။

စမြင်မြင်ချင်းပင် သူမကိုယ်တိုင်ပင် နေဟန်ရဲ့ အကြည့်နွေးနွေးအောက်၌ မိန်းမောပျော်ဝင်သွားမိတာ အမှန်ပါ။

သူမနည်းတူ ငုဝါကပါ မှတ်ချက်ပေးနေခဲ့သေးတာ



www.burmeseclassic.com

www.burmeseclassic.com



မှု ဘာရယ်မသိ မနာလိုတောင်ဖြစ်ချင်မိသည်။

'ဟဲ့. . . ဝိုင်း ပုလဲအစ်ကိုကြီးက ဖြောင့်တယ်နော်'

'ရှူး. . . ပုလဲ ကြားသွားပါ့မယ်၊ နင့်ဟာကလည်း'

'အို. . . ကြားတော့လည်း ယောင်းမတော်လိုက်ပေါ့ဟဲ့၊ မောင်နှမနှစ်ယောက်စလုံး ချောလိုက်ကြတာ'

'နင့်ကို ကြည့်တဲ့အကြည့်တွေ မရိုးဘူး မိဝိုင်း၊ လူပျိုကြီးတဲ့နော်'

'ငုဝါကလည်းဟယ် ဇွတ်ကိုပြောနေတော့တာပဲ'

သူမရှက်ဟန်လေးနဲ့ပြောမိပေမယ့် ကျေနပ်နေမိခဲ့တာ အမှန်ပင်။

သူမကိုယ်၌သာပဲ နေဟန်ဆိုတဲ့ ညို့မျက်ဝန်းပိုင်ရှင်ကို မကြာခဏ ပုလဲမသိအောင်ခိုးကြည့်နေမိသည်။

'ရွှေမော်ဓော့ဘုရားဝယ် ဘုရားဖူးပြီးအပြန် လော်ကားဉယျာဉ်ဝင်ကြတော့ နေ့ခင်းပိုင်တောင် ရောက်နေခဲ့ပြီ။

အားလုံးထဲတွင် ဝိုင်းစု၊ ပုလဲနှင့် ငုဝါတို့က စကားသွက်မလေးများပီပီ ကားတစ်စီးလုံး သူမတို့အသံလေးများသာ ဖုံးနေ၏။

အတွေးနှင့် ငြိမ်နေခဲ့သူကား နေဟန်။





သူ မိန်းကလေးများနှင့် ကင်းနိုင်သမျှကင်းအောင်နေခဲ့မိပါလျက် ဝိုင်းစုဆိုတဲ့ကောင်မလေးနှင့်ကျမှ သူ့နှလုံးသားတွေ ဘာကြောင့်များ အခုန်မြန်နေခဲ့ရတာလဲ။

မချစ်ခဲ့ဖူးသောကြောင့် ဒီရင်ခုန်သံလေးကိုပဲ သူ့အဖို့ ခက်မောတွယ်တာနေမိသည်။

ညီမလေးပုလဲ အတင်းခေါ်သဖြင့် လိုက်ခဲ့ရသော သူ့အတွက် များစွာကံကောင်းသွားခဲ့ခြင်းဖြစ်၏။

ဒီထက်ကံအကြောင်းလှခဲ့တာက သူမနှင့်ရင်ခုန်ရသော အဖြစ်ကလေးကို နှစ်ယောက်သား ဖြတ်ဆန်းခဲ့ရခြင်းပင်။

ထမင်းစားသောက်ပြီးနောက် အားလုံးပျော်ရွှင်စရာ ပါဆယ်ဂိမ်းကစားကြရာမှ စခဲ့ခြင်းဖြစ်၏။

'ကဲ. . . ကဲ လာကြဟေ့၊ ပါဆယ်ကစားကြစို့'

'ကိုကို လာလေ၊ ပါဆယ်ဆော့ကြမလို့'

'ညီမလေးတို့ပဲ ဆော့ပါကွာ'

'ဟင့်အင်း. . . ကိုကိုပါ ပါမှ'

'ဟာ. . . အစ်ကိုနေဟန် ပါရမှာပေါ့၊ လာပါအစ်ကိုရာ၊ ပျော်ပျော်ပါးပါးပေါ့'

အားလုံးက ဝိုင်းဆွဲခေါ်နေသဖြင့် နေဟန်ပါ သူမ



www.burmeseclassic.com

www.burmeseclassic.com



တို့ကစားရာသို့ရောက်ခဲ့ရသည်။

အားလုံးဝိုင်းဖွဲ့ထိုင်ကာ ပါဆယ်ထုပ်ကို တစ်ယောက်သော ဦးဆုံးအလှည့်ကျသူက ဝိုင်းထိုင်နေသူများနောက်မှ တစ်ယောက်အနောက်၌ မသိအောင်ပါဆယ်ထုပ်ချရခြင်းပင်။

အချက်ပေးစရာမှတ်၍ ကိုယ့်အနောက်ကိုယ်လှည့်ကြည့်မိကြရာ . . .

'ဟေး. . . ငုဝါ မဲပေါက်ပြီဟေ့'

'တင်ဇာမော် သီချင်းဆိုပါဗျို့'

ငုဝါ မငြင်းသာတော့ပြီ အောင်ဝင်းတို့တီးပေးသော ဂီတာသံနှင့်လိုက်ဖက်အောင် သီချင်းဆိုရသည်။

'နှောင်ဖွဲ့ထားတဲ့ ကြိုးကလေးတွေ ပြတ်တဲ့အချိန်ရောက် . . . တားမြစ်ထားလဲ ဆုံးဖြတ်ပြီ မင်းအဝေးကြီးသွားတဲ့နေ့ . . .''

'ရှိုး. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း'

ငုဝါအသံကလည်း မခေ။

ရင်ခုန်နေမိသူက ကစားကြဖို့ဆော်အောခဲ့သော ဝိုင်းစုပဲဖြစ်၏။

သီချင်းတွေဘာတွေ ဆိုတတ်ပေမယ့် သူမ အလှည့်





… ထဆိုပြရမှာ ရှက်နေမိသည်။

အထူးသဖြင့် မျက်ဝန်းညိုစိမ့်စိမ့်နှင့် မကြာခဏ ခိုး…ကြည့်နေတတ်တဲ့ နေဟန့်ကို ပိုအရှက်သည်းနေမိတာပါ။

ဒုတိယကျတော့ပုလဲ။

မှန်ရွှေရည်အကဖြင့် သူငယ်ချင်းများအား ဖျော်ဖြေ…ရ၏။

ရင်တွေခုန်လာရသူက ဝိုင်းစု။

လူအားလုံး အသီးသီး အလှည့်ကျဖျော်ဖြေပြီးသွား… ကျန်နေသူက သူမနှင့် ပုလဲအစ်ကိုဖြစ်သူ ညို့မျက်ဝန်း…ရှင် နေမာန်တို့ နှစ်ယောက်သာ။

အထုပ်ကျသူကို အဖွဲ့သားတွေက အတွဲသီချင်း…တောင်းလာပါက အတွဲသီချင်းသီဆိုပေးရတာဆိုတော့ သူ…များ အတွဲသီချင်းတောင်းခဲ့ရင်ဖြင့် ခက်လှချည်ရဲ့လေ။

အားလုံးရဲ့မျက်နှာတွေကလည်း အကြည့်တစ်မျိုး…ရှုပျက်နေသော ကိုလူချောနှင့် မျက်နှာလေးနီမြန်းကာ…သီရောင်ပြေးနေသော ဝိုင်းစုတို့အား ပြုံးစစမျက်နှာပေး… ဝိုင်းကြည့်နေခဲ့ပြီ။

'ကဲဟေ့ ကံထူးရှင်ရွေးပြီ'

အချက်ပေးသံကြားတာနှင့် ကိုယ့်…ကိုယ့်…နောက်ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိတော့ ကံကောင်းစွာပါဆယ်ထုပ်က နေဟန့်နောက်မှာ သွားတည့်နေ၏။

'ကိုနေဟန် အလှည့်ကျပြီဗျို့'

ဝိုင်းစု သက်မ, မချနိုင်သေး၊ သူတို့များ အတွဲသီချင်းတောင်းဆိုပါမှ တစ်ဦးတည်းကျန်နေသူက သူမသာလျှင် ဖြစ်၏။

'ဟေး. . . အတွဲသီချင်းဆိုပါဗျို့'

'ဟုတ်တယ် စုံတွဲသီချင်းဆိုပါ'

'ဝေး . . ဟေး'

ငုဝါတို့ မိန်းကလေးအဖွဲ့သားများကလည်း တညီတညွတ်ထဲ တောင်းဆိုနေလေသောအခါ ဝိုင်းစုနဲ့ နေဟန် သီချင်းဆိုရလေပြီ။ နေဟန်က သူနှစ်မြို့က်သော စုံတွဲသီချင်း မင်းအနားမှာနေပါရစေ သီချင်းလေး ဝိုင်းလည်း ရမရ မေးကြည့်မိတော့ ဝိုင်းခေါင်းညိမ့်ပြသည်။ ရင်ထဲမှာလဲ တစ်မျိုးလေးကြည်နူးသွားရလျှက် . . .

အတွဲသီချင်းနှင့်လိုက်အောင် အတွဲတွေလို လက်ကိုင် ဘာညာတွေပါ သရုပ်ဆောင်ပြရလေသည်။

'ရန့်လေးတွေ ပိုင်ဆိုင်ပါရစေ . . . မင်းအနားမှာ . . . မနေချင်ဘူး . . . မင်းအဝေးမှာ . . တစ်သက်လုံး





မင်းအနားမှာ နေပါရစေ'

× × × × × × × × ×

'ရှိုး. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း'

သီချင်းမြန်မြန်ပြီးဆုံးကာမှပင် 'ဝိုင်းစု' သက်ပြင်းချနိုင်၏။ သူနှင့်မှ တိုက်ဆိုင်လှစွာ အတူတွဲဆိုရတဲ့အဖြစ် ရင်ခုန်သံတွေက တဒုန်းဒုန်းတဗိုင်းဗိုင်း။

ပြီးတော့ သူက အစပထမ ခပ်အေးအေးပုံစံနှင့် ခုတ်တတ်တဲ့ကြောင်လို၊

ဒါပေမယ့် တကယ်သီဆိုသောအခါ တကယ့်အဆိုတော်တွေထက်ပင် အသံကော သရုပ်ဆောင်မှုပါ ဆန်ပါပါလုပ်နေသေးတော့ သူနှင့် သဏ္ဍာန်တူအောင် သရုပ်ဆောင်နေရသော ဝိုင်းစုအတွက် ရင်ခုန်သံမြန်ရတာပင် . . .

ဆိုနေရင်းမှ လက်ကလေးဆွဲကိုင်တာမျိုး ပုခုံးလှမ်းဖက်တာမျိုးဆိုတော့ အပျိုဖျန်းလေး ဝိုင်းစုအတွက် ဖိန်းရှိန်းသွားရတာ အခါခါ။

'ဝိုင်းစုတို့အတွဲက သိပ်လိုက်ဖက်တာပဲကွာ၊ အားလုံးထဲမှာ အသံရော လှုပ်ရှားမှုလေးတွေပါ အကောင်းဆုံးပဲ'

www.burmeseclassic.com

www.burmeseclassic.com



'တီးတိုးပြောပါ ငုဝါရယ်၊ ငါရင်တုန်လို့ပါ။ ပုလဲ ရော သူပါ ကြားသွားရင် အားနာစရာ'

'အံမယ်. . . ပုလဲကြားတော့ရော ဘာဖြစ်သေးလဲ ဟဲ့၊ ယောက်မတော်လိုက်ပေါ့'

'ဟယ်. . . ကောင်မစုတ်၊ ကဲ ကဲ'

'ဟင်း. . ဟင်း ခစ်ခစ် ဘာအခုမှ ရှက်နေတာလဲ ဆိုတုန်းကတော့ ဟုတ်လို့'

'ငုဝါရယ် တော်တော့ကွာ၊ ရှက်လို့ပါဆို'

ကားခေါင်းခန်းဝယ် ဝိုင်းစုနှင့် ငုဝါ တွတ်ထိုးပြီး စကားတွေပြောကြလျက် နောက်ခန်းမှ နေဟန်ကို အတင်း ဆိုနေမိကြသည်။

'အပြန် နင် ပုလဲကို လိုက်ပို့မယ်ပေါ့၊ ဟုတ်လား ဝိုင်းစု'

'အင်းလေ ပို့ပေးမယ်၊ လိုင်းကားတိုးစီးတော့ သူ့ ဒုက္ခရောက်နေမှာ'

'ဩော်. . . ဒါ ယောက်မပုလဲအတွက်ကို ပူတာ ဟုတ်ရဲ့လား'

'ပုလဲရော၊ သူရောပေါ့ဟာ၊ လိုက်ပို့လို့ ဆီကုန်မှ တစ်ဂါလံပေါ့၊ သူတို့ တက္ကစီငှားပြန်ဦးတော့၊ လေး



ဆောင်ကုန်မှာ'

'ဟင်း. . ဟင်း ဒီအထိတောင် မိဝိုင်းစုတို့များ မှတ်နေပြီကော'

သူမတို့ ရှေ့ခန်းမှ တွတ်ထိုးနေသမျှ နောက်ခန်းမှ ပုလဲနှင့် နေဟန်တို့မှာ ဘာမှမသိရှာဘဲ အောင်ဝင်းတို့ အုပ်စု နှင့် ပွဲကျနေလေသည်။

ဘာဆိုဘာမှ သတိမထားမိ။ ဝိုင်းစုမှာသာ မိန်းက လေးတန်မဲ့ နေဟန့်မျက်နှာချောချောကို မကြာခဏနောက် ကြည့်မှန်မှတဆင့် ခိုးကြည့်နေမိခဲ့တာပါ။

'မမချော တဆိတ်တော့လွန်နေပြီနော်၊ ရှေ့လဲ ကြည့်ပြီးမောင်းဦး၊ တော်ကြာ မာလကီးယားကုန်မယ်'

ငုဝါက ရိပ်မိဟန်နဲ့ မကြာခဏသတိပေးရသည်။ ဒီအထိ ဝိုင်း မူတွေပျက်နေခဲ့တာ ရှင့်ကြောင့်ပေါ့။

ရိုးရိုးအေးအေးဝတ်စားထားတဲ့ နေဟန့်ပုံစံက သေသေသပ်သပ်ဖြီးသင်ထားတဲ့ ဆံပင်ပုံစံနှင့် ရှင်းသန့်ကာ တစ်မျိုးကြည့်ကောင်းနေ၏။

ပြီးတော့ ဝိုင်းနှင့်အကြည့်ချင်းဆုံတိုင်း ရင်ခုန်ရ သော သူ့မျက်ဝန်းများမှာ ဆွဲဆောင်မှုတွေရှိနေသည် ထင် ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ ရန်ကုန်ပြန်ရောက်လို့ လူစုခွဲတော့ အားလုံးကို ကားပိုင်ရှင်ဝိုင်းစုက တစ်အိမ်စီလိုက်ပို့ပေးခဲ့သည်။

နောက်ဆုံး ပုလဲတို့မောင်နှမနှင့် ဝိုင်းစုသာ ကျန်ခဲ့သည်။

'ဟင်. . နင် ငါတို့ကိုပါ လိုက်ပို့မယ်လား ဝိုင်းစု'

'အေးလေ. . နင်တို့လိုင်းကားက ကြပ်နေမှာ'

'ဟာ. . . မလုပ်ပါနဲ့ ဝိုင်း၊ ကျွန်တော်တို့ကို ဒဂုံအထိ ပို့ရမှာ အပြန်ဝိုင်းတစ်ယောက်ထဲ'

'ရတယ် ကိုနေ အဲ . . .'

'ဝိုင်း အဆင်ပြေသလို ခေါ်ပါ၊ ကျွန်တော့် သူငယ်ချင်းတွေက ဒီလိုပဲခေါ်နေကြတာ'

'ဟုတ်'

နာမည်အဖျားဆွတ်ကာ ခေါ်လိုက်မိပြီးမှ ပုလဲ့ရှေ့မှာမို့ ဝိုင်း ကိုယ့်ဘာသာအရှက်သည်းသွားမိ၏။

'ကျွန်တော်တို့ တက္ကစီနဲ့ပဲ ပြန်လိုက်မယ်'

'အို. . . ရတယ်၊ ဝိုင်း လိုက်ပို့ပါ့မယ်'





ထပ်ငြင်းနေလျှင် စေတနာကိုစော်ကားရာ ကျနေမှာမို့ နေဟန်ရော ပုလဲပါ မောင်နှမနှစ်ယောက်စလုံး လက်ခံလိုက်ရ၏။

'ဝိုင်းရယ်. . . တို့က မောင်နှမနှစ်ယောက်၊ အဖော်ရှိသေးတယ်၊ နင်က ပြန်ရမှာ တစ်ယောက်ထဲ၊ တို့ဘာသာပဲ လိုင်းကားနဲ့ဖြစ်ဖြစ်၊ တက္ကစီနဲ့ဖြစ်ဖြစ် ပြန်လိုက်ပါ့မယ်'

'ဟင့်အင်း. . . ပုလဲ ရတယ်၊ ငါက ကားနဲ့ပြန်ရင် ခဏ်ဆိုရောက်သွားမှာ'

ဝိုင်းကိုယ်တိုင် ကိုယ့်ဘာသာကိုယ်လည်း အံ့သြမိနေ၏။ 'ခုမှမြင်တွေ့ဖူးသူအပေါ် မိန်းကလေးတစ်ယောက်အနေနဲ့ အညှာလွယ်လွန်းသလိုများ ဖြစ်နေမလား။

ဘာပဲဖြစ်ဖြစ် သူ့မှာအခြားယောကျ်ားလေးများနှင့် မတူအောင်ဆွဲဆောင်မှုရှိနေတာက ဘယ်လိုမှငြင်းမရချေ။

ရှင်းသန့်နေသော မျက်နှာနှင့်ဆံပင်ကို သေသပ်စွာ ဖီးသင်ထားသည့်ဟန်က စွဲမက်ချင်စရာ၊ လယ်ကတုံးဖြူ လက်ရှည်ကို ဆိတ်ခွံကွက်စိပ်နှင့်တွဲဝတ်ထားတာကအစ သေသေသပ်သပ်။

ဝိုင်း ကားမောင်းနေရင်းမှ နောက်ကြည့်မှန်က တဆင့် ခိုးခိုးကြည့်နေမိတတ်သည်။

www.burmeseclassic.com



တစ်ခါတစ်လေ ကိုရွှေလူချောကလည်း ဝိုင်းကိုနိုးပြီး အကြည့်နှင့်ဆုံခိုက်ဝယ် သူမရင်တွေ ပြောင်းဆန်သွား၏။

အို. . . စိုးမိုးလွန်းလှပါလားကွယ်. . .

အပျိုဖျန်းလေးဝိုင်း ရွှေရင်အစုံက နိမ့်ချည်မြင့်ချည် ရင်ခုန်နှုန်းမြန်နေရပါပြီ။

ဝိုင်းနံဘေးက ပုလဲကဖြင့် အစ်ကိုလုပ်သူနှင့် ဝိုင်းရဲ့အဖြစ်ကို လုံးဝမှသတိမပြုမိ။ စကားတွေသာ ဖောင်ဖွဲ့ရင်း လိုက်ပါလာသည်။

'ဟိုရှေ့က ပျဉ်ထောင်အိမ်လေးက ပုလဲတို့အိမ်ပဲ ဝိုင်း၊ ဝိုင်းကို ကျေးဇူးသိပ်တင်တယ်ကွာ'

ကိုယ်ကပြန်ကျေးဇူးတင်ရမှာ ပုလဲရဲ့၊ ပုလဲအစ်ကို ကိုဝိုင်းနဲ့ဆုံအောင် ခေါ်လာပေးလို့လေ. . .

ဝိုင်း ပြုံးလျက်သာ ရင်ထဲမှာ ပြောဖြစ်သည်။

'ရပါတယ် ပုလဲရယ်၊ နင်နဲ့ငါက ပြောရမယ့်သူတွေ ကျနေတာပဲ'

'ဝိုင်း. . ခုလို အိမ်အထိလိုက်ပို့တာ ကျေးဇူးနော်'

'ဟုတ်'

ကားတံခါးနားအထိ သူလာပြောတော့ ဝိုင်းရှက်





နေ၍ ဟုတ်တစ်လုံးသာပြောနိုင်၏။

မိန်းကလေးတန်မယ့် အရှက်နည်းလွန်းရာများကျနေမလားကွယ်။

'ဝိုင်း သွားမယ်နော်'

ကားကိုနောက်ပြန်ဆုတ်ပြီး မောင်းထွက်ခဲ့သည့်တိုင် အပြန်လမ်းတစ်လျှောက်လုံး နေဟန်အကြည့်စူးစူးများကသာ မင်းမူပြီးပါလာကြသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

'ဒါကတော့ မင်းလွန်နေပြီ နေဟန်၊ ကိုယ်က သူ့အပေါ် စိတ်ဝင်စားနေမှ သတ္တိရှိရမှာပေ့ါ၊ သူတို့ကျောင်းကို သွားတွေ့လိုက်ပေ့ါ'

တက္ကသိုလ်သမားများ အလှည့်ကျစောင့်ဆိုင်းရင်းနှင့် ရင်မှာဖြစ်နေတဲ့ သောကကို အဝတူကားသမား ကိုငြိမ်းအား ဝိုင်းနှင့်ပက်သက်သမျှ ရင်ဖွင့်မိ၏။

'ဟား. . ဒါတော့ မဖြစ်ဘူးထင်တယ်ဗျာ၊ ညီမလေး ပုလဲသိသွားလို့ မဖြစ်ဘူးဗျ၊ ကျွန်တော့်ကို အကြည်ညိုတန်သွားမှာဗျ'

'အင်း. . . ခက်တော့နေပြီကွာ၊ မင်း ဒီ့ပြင် မိန်းက





သေးတွေတုန်းက ဥပေက္ခာပြုနိုင်သမျှ ဒီမိန်းကလေးနဲ့မှ ဇွဲဇွဲ နန်းလန်း ဖြစ်ရတယ်လို့'

နေဟန်အဖို့ နှလုံးသားရေးအတွေက် အခက်တွေ့ နေရ၏။

ဝိုင်းစုတဲ့. .

ာမည်လေးလှသလောက် ရုပ်ကလေးကလည်း မှုန်နေ အောင်ချောလေသည်။

သူ့ရင်ကို လှုပ်ခတ်သွားစေ၏။

တဒင်္ဂလေးဆုံလိုက်ရကာတောင် ရင်မှာ ဆွေးဆွေးမြေ့မြေ့ ခံစားနေရသည်။

ညီမဖြစ်သူကို စိတ်မှချ၍ အဖော်လိုက်ခဲ့ရာမှ မထင် မှတ်ဘဲ ဆုံဆည်းခဲ့၏။

ဝင်းဝါသော အသားအရည်လေးနဲ့ လိုက်ဖက်စွာ အပြာရောင်ဝမ်းဆက်လေး ဝတ်ထားပုံက သူ့အမြင်မှာ အားလုံးထက် ထင်ရှားပေါ်လွင်နေသည်။

ဒါဖြင့် မမျှော်လင့်ဘဲ သူမနှင့်မှ တိုက်ဆိုင်စွာ စုံတွဲ သီချင်းဆိုခဲ့ရသေး . . .

နေဟန့်မှာက အကျင့်တစ်ခုရှိသည်။

မလုပ်လျှင်သာ နေမည်။ လုပ်မိပြီဆိုလည်း ပီပီ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပြင် ပြီးပြတ်အောင် လုပ်တတ်တဲ့အကျင့်ရှိ၏။

ပထမတော့ ရှက်နေခဲ့တာပင်။ နောက်တော့ သဏ္ဍာန်လုပ် သရုပ်တူရလေအောင် တကယ်စတိတ်ရှိုးမှာ စုံတွဲသီဆိုဟန်နှင့် သူမလေးလက်ကိုဆွဲ၊ ပခုံးကို ဖက်ကိုင်ကာ သီဆိုလိုက်မိသည်။

ဒီတုန်းက သူမမျက်နှာလေး ရှက်သွားပြီး ပန်းဆီသွေးရောင်ထနေခဲ့တာ အနီးကပ်မို့ သူကောင်းကောင်းကြီး သတိထားမိခဲ့သည်။

သူမလေး ဘယ်လောက်ရှက်နေမလဲ။

ဒါပေမယ့် သူမကိုယ်တိုင် အချိတ်အဆက်မိစွာ သူနှင့် အံဝင်ခွင်ကျဖြစ်အောင် သူမက သီဆိုသရုပ်ဆောင်ပြခဲ့၍ အကောင်းဆုံး ဖျော်ဖြေတင်ဆက်မှု ဖြစ်ခဲ့သည်။

အိမ်ပြန်ရောက်တဲ့အထိ သူမရဲ့မျက်နှာလေးကို သာ မြင်ယောင်နေမိခဲ့သည်။

မိဘတွေမရှိတော့တဲ့နောက် ကျောင်းထွက်ကာ ညီမလေးဖြစ်သူနှင့် ဘဝကို ရင်ဆိုင်ရုန်းကန်ရင်း အချစ်ဆို တာကို ဥပေက္ခာပြုနိုင်ခဲ့ပေမယ့် သူမနှင့်တွေ့ကာမှ သူ့ရင် အစုံ လှိုင်းထလာခဲ့ရသည်။

ဒါဟာ ငုံ့လျှိုးနေခဲ့သော ရင်ထဲကအချစ်ထင်၏။





ခက်နေတာက ညီမလေးရဲ့အပေါင်းအသင်း မိတ်ဆွေသူငယ်ချင်း ဖြစ်နေခြင်းပင်။

နောက်တစ်ကြိမ် သူမနှင့်ထပ်မံဆုံတွေ့နိုင်ဖို့ အခက် တွေ့နေရသည်။

ညီမဖြစ်သူနှင့် ပက်သက်နေသူမို့ သူဆင်ခြင်ရမည်။

ခက်နေတာက သူမမျက်နှာလေးကိုပဲ သူမြင်ချင် နေမိတာ၊ စွဲလန်းနေမိတာ။

ဆုံနိုင်ဖို့ ကြိုးစားချင်သည်။ သို့သော် စိတ်ကူးနဲ့တင် ပျက်ပြယ်သွားခဲ့သည်။

ကျောင်းမှာ သွားတွေ့နိုင်ဖို့ရှိပေမယ့် ညီမလေး ရယ်လဲနှင့်က သူငယ်ချင်းတွေ။

ရင်မှဆန္ဒများစွာကို ချုံးနှိမ်ထိန်းချုပ်ရသာ ရှိတော့ ၏၊

ဒါကြောင့်လည်း အကြံညဏ်လေးရလိုရငြား ကိုငြိမ်းအား ဖွင့်ဟတိုင်ပင်မိခြင်းဖြစ်သည်။

'အင်း. . . မင်းအဖြစ်က ဆုပ်လည်းစူး စားလည်း ရှူးဖြစ်နေမယ်၊ ပဒိုင်းသီးလိုဖြစ်နေတာ နေဟန်ရ'

'သိပ်ဟုတ်တာပေါ့ ကိုငြိမ်းရာ၊ သူ့ကို ချစ်နေတော့ ဘာလိုနေမှ မေ့လို့မရဖြစ်နေတာ'

www.burmeseclassic.com

www.burmeseclassic.com



သူမအတွက် ခံစားရသမျှ ပွင့်လင်းစွာဝန်ခံမိ၏။ ကိုငြိမ်းပြုံးသည်။

ငါသိပါတယ်ဆိုတဲ့ အပြုံးမျိုး။

အရင်က အာသွက်လျှာသွက် ဖော်ဖော်ရွေရွေရှိခဲ့သောသူ ဒီရက်ထဲမှာ ငေးတိငေးငိုင်ဖြစ်နေတာက အပေါင်းအသင်းအရင်းကြီးတွေမို့ သိသာပေါ်လွင်နေတာပါ။

'သိပ်လည်း စိုးရိမ်ပြီး ကြွေမနေပါနဲ့ ငါ့ကောင်ရာ၊ အချစ်စစ်မှန်ရင် မဟာတံတိုင်းကြီးခြားနေပါစေ မေရှိတဲ့ အရပ်ကို မောင်အရောက်လာလို့ရပါတယ်'

ကိုငြိမ်းက အပျော်အပျက်ပြောတော့ သူပြုံးဖြစ်၏။ ကူကယ်ရာ ဆေးမဲ့ပြီထင်သည်။

'ဘာလဲ ကိုငြိမ်း၊ သီချင်းစာသာကြီး ရွတ်ပြနေတာလား'

'ဟာကွာ မင်းညံ့သေးတာပဲ နေဟန်'

ကယ်ကူရာမဲ့သူလို သူပြောတော့ ကိုငြိမ်းမျက်နှာမဲ့သွား၏။

'တို့ ကားသမားတွေဟာ စေလိုရာရောက်နေတဲ့သူတွေဆိုတာ မင်းမေ့မထားနဲ့ ကိုယ့်ဆရာ၊ ပိုက်ဆံရှိမိန်းကလေး တော်တော်များများဟာ ပလာဇာတို့၊ မိုလ်ချုပ်





ဈေးတို့ ဆိုတာတွေနဲ့ ကင်းမနေနိုင်ကြပါဘူးကွာ'

'အင်း. . . ဒါတော့ ဟုတ်သလိုလိုပဲဗျ'

'အေး. . . အချစ်စစ်မှန်ရင် အဲဒီနေရာတွေမှာပဲ ခင်းတို့ ပြန်တွေ့ကြလိမ့်မယ်'

ဟုတ်သော်ရှိ မဟုတ်သော်ရှိသူ့ရင်ထဲ အတော်အသင့်တော့ ပေါ့ပါးသွားခဲ့ပါသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကိုငြိမ်းစကားမှန်ခဲ့ပြီ။

ဒီနေ့ နေဟန့်ကားက စီးနေကျဖောက်သည် မစ္စတာလီအား ယုဇနပလာဇာနှင့် ဗိုလ်ချုပ်ဈေးသို့ ပို့ပေးရလေသည်။

နိုင်ငံခြားသားတော်တော်များများက အစွဲရှိ၏။ သူတို့အပေါ် သစ္စာရှိ ဖော်ရွေပျူငှာတဲ့ကားကိုသာ စီးလေ့ရှိသည်။

မစ္စတာလီက ဒဂုံစက်မှုဇုံမှာ စက်ရုံနှစ်ရုံပိုင်သည်။ နေဟန့်ကားကိုလည်း အမြဲလိုလိုစီးပြီး ခင်မင်နေကာ မန်နေဂျာလုပ်ဖို့ပင် ဖိတ်ခေါ်၏။





အထည်ချုပ်လုပ်ငန်းအပေါ် သူက ခေါင်းရှုပ်စရာ ထင်ခဲ့သဖြင့် ငြင်းပယ်ခဲ့စမြဲ။

'အပြန် ကွန်တော်စောင့်ခေါ်ရဦးမလား မစ္စတာ

'အင်း. . . ဒီနေ့တော့ မစောင့်နဲ့တော့ ကျုပ်ကို တို့ ပြန်ပို့ပေးမှာဗျ။ ကျေးဇူးတင်ပါတယ်'

ကိုရီးယားလူမျိုးခြားဖြစ်ပေမယ့် မြန်မာစကားကို တော်ပင် ကျွမ်းကျင်စွာပြောတတ်နေ၏။

'ကျေးဇူးတင်ပါတယ်' ဆိုတာကတော့ မစ္စတာလီ တ တကယ့်လက်သုံးစကားလို အလွတ်ရနေတတ်တာ

ကားကို နောက်ဆုတ်ပြီး ပလာဇာရှေ့ဘက်မှ ပတ် တ်ခဲ့တော့ ကားဂိတ်မှာ မထင်မှတ်ထားသော လမင်း တစ်စင်းကို တွေ့လိုက်ရသည်။

လက်ထဲမှာ ဝယ်ခြမ်းထားတာ တစ်ပွေ့တစ်ပိုက် နှင့် စောင့်နေသော ဝိုင်းစုပါ။

ဒီနေ့မှ ဖေဖေရော မေမေပါ ကာတစ်စီးစီယူသွား ဖြစ်သဖြင့် အကျီအသစ်အဆန်းပေါ်ပြီဆို ဝယ်လိုက်ရမှ နပ်သူပီပီ အငှားကားနှင့်ပဲ ဈေးဝယ်ထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကားစောင့်နေစဉ် ဟွန်းသံပေးလျက် တက္ကစီတ
စီး ထိုးရပ်လာ၏။

'တီ . . . တီ'

'ဟော်တော့ . . . ကို . . ကိုနေဟန်'

မထင်မှတ်စွာ တွေ့လိုက်ရသဖြင့် ဝိုင်းစုအံ့အ
သင့်သွားမိသည်။

နေဟန်

သူမကို ရင်ခုန်မှုတွေ ပေးစွမ်းခဲ့သူ။

'ဝိုင်းစု၊ တို့ကို မှတ်မိပါတယ်နော်'

'ဟုတ်. . မှတ်မိပါတယ် ကိုနေဟန်၊ ဝိုင်း အံ့
သွားလို့ပါ'

'လာလေ. . . ကျွန်တော်လိုက်ပို့ပေးပါ့မယ်'

'ဟင့်အင်း. . . မလုပ်ပါနဲ့ ၊ ဝိုင်းကြောင့် အလု
ပျက်နေပါ့မယ်'

'ဟာ. . . မဟုတ်တာ ဝိုင်း၊ တို့ ပါစင်ဂျာပို့ပြီး ပြန်
ပါ၊ လိုက်ပို့ပေးမယ်နော်'

ပါးစပ်ကပြောသလို လက်ကပါ သူမအထုပ်အ
တွေ ဆွဲယူနေပြန်သဖြင့် ဝိုင်းစု သူ့ကားပေါ်ရောက်သွား
ပြီ။



'အားနာစရာရှင်၊ ဝိုင်း ကားငှားပြီး ပြန်လို့ဖြစ်ပါ
တယ်'

'ဟာ. . . ဘယ်ဟုတ်ပါ့မလဲ၊ တို့က ပုလဲအစ်ကို
အစ်ယောက်အနေနဲ့ ကူညီတယ်ပဲ သဘောပေါက်လိုက်
ပါ'

ကိုယ့်ကို အမြင်မမှားစေချင်တာ ဘာကြောင့်မှန်း
သိပေမယ့် အခွင့်အရေးသမားလို့ထင်မှာ စိုးရိမ်နေမိ သည်။

အနီးကပ်မြင်တွေ့ရလေမှ သူမရဲ့ရင်ခုန်သံများ ပိုပြီး
မြန်ဆန်ခဲ့ရ၏။

'ကိုနေ ကားမောင်းနေတာ ကြာပြီလားဟင်'

'အင်း. . . မေမေနဲ့ဖေဖေ ဆုံးပါးသွားပြီးကတည်း
က ဆိုပါတော့'

'ကျောင်းရော တက်သေးလား'

'တို့ တတိယနှစ်နဲ့ပဲ ထွက်လိုက်တာလေ၊ ညီမလေး
ပုလဲအတွက်ပဲ အရေးကြီးတာမို့လား'

'တို့က ယောကျ်ားလေးလေ'

'ဝိုင်း စပ်စုသလိုဖြစ်သွားရင် ဆောရီးနော်'

'ရပါတယ်ဗျာ၊ အဖြစ်မှန်ဆိုတာ ဖုံးကွယ်ထားလို့မှ
ရတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်း. . . ဝိုင်းကို တို့ တောင်းပန်စရာရှိလို့'

'ရှင်. . . ဘာများလဲ'

'ဩော်. . . ပျော်ပွဲစားနေ့က ဝိုင်းနဲ့သီချင်းတွဲဆိုတော့ တို့အပြုအမူ ရိုင်းပြခဲ့တာအတွက်ပါ'

'အို'

သူပြောတော့မှ ဝိုင်းရှက်သွေးဖြာသွားရ၏။ သူ့မျက်နှာကို ခုန်နေသောရင်အစုံကြောင့် ပြန်မကြည့်ရဲခဲ့တာဘာကြောင့်များလဲကွယ်။

ဝိုင်းကိုယ်၌က ထွေးကိုင်လာတဲ့ သူ့လက်ကို ပြန်လို့လက်တွဲပြီး သီဆိုခဲ့တာလေ။

ဒီအဖြစ်တွေကို သူမကိုယ်တိုင် မေ့လို့မှမရတာ။

'ဝိုင်း. . . ဖြေဦးလေ တို့ကိုခွင့်လွှတ်မှာလား'

နေဟန် မချင့်မရဲထပ်မေးတော့ သူမခေါင်းငုံ့ကာ

'ဝိုင်း ဘာယ်လိုမှသဘောမထားပါဘူး၊ သူငယ်ချင်းတွေပျော်ချင်လို့ ကစားကြတာပဲဟာ'

'ဗျာ'

'ဟုတ်တယ်လေ တကယ်တော့ ကိုနေဟန်လည်းအားလုံးက တောင်းဆိုလို့ ဆိုပေးရတာပဲဟာ၊ အခွင့်အရေးယူချင်လို့ မှမဟုတ်ဘဲ'



ရင်မှာ အတိုင်းမသိဝမ်းသာရ၏။ သူ့မျက်နှာကြည်မြမြလေးမှာ ခွင့်လွှတ်မှုတွေက အထင်းသားပါ။

'တို့လေ အဆုံးအထိ တွက်ထားတာက ဝိုင်း တို့ကိုအခွင့်အရေးသမားဆိုပြီး စိတ်ဆိုးနေမယ်ထင်မိတာ'

'အဟင်း. . . ဝိုင်းနားလည်တတ်ပါတယ်ရှင်'

'ဟား. . . တို့ သိပ်ဝမ်းသာသွားပြီကွာ၊ ဩော်. . ဒါနဲ့ ဝိုင်းကို ဘယ်အထိ ပို့ပေးရမလဲဟင်'

'အိမ်အထိလေ ဝိုင်းက ဗဟန်းမှာနေတာ၊ ခုပဲ ရွှေဂုံတိုင်ပွိုင့် ရောက်နေပြီ၊ ဝိုင်းအိမ်လည်း ရောက်ဖူးသွားအောင်ပေါ့၊ မုလဲကတော့ ခဏခဏရောက်ဖူးတယ်'

သူမနှင့် ထပ်တွေ့နိုင်ဖို့ အခွင့်အရေးမို့ ဝမ်းသာမိသည်။

ကျယ်ဝန်းသော ခြံရှေ့အရောက်။

'အဲဒါ ဝိုင်းတို့ခြံပဲ၊ မောင်းဝင်လိုက် ကိုနေ'

ကွန်ကရစ်လမ်းအတိုင်း မောင်းဝင်ခဲ့လိုက်၏။ ခေတ်မီလှပသော နှစ်ထပ်အိမ်လေးက ဝိုင်းစုတို့ရဲ့ကြွယ်ဝချမ်းသာမှုကို ပြနေသည်။

ကားရပ်တော့ သူမက အိမ်ထဲဝင်ဖို့ အစောင်းခေါ်နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လာဝါ ကိုနေတန်၊ မေမေတို့နဲ့ မိတ်ဆက်ပေးမ အောင်ပါ'

သူမက ရိုးသားစွာပြောနေပေမယ့် ကိုယ့်အတွက် တော့ စိုးရွံ့မှုတွေဖြစ်မိသည်။

'နေပါစေ ဝိုင်း၊ တို့ မဝင်တော့ပါဘူး၊ သွားစရာလေး ရှိနေသေးလို့'

မမှီပန်းကို မှန်းမိသည်မို့ ရင်မောရတာလားမဆို သာ။ ကိုယ့်ဘဝနှင့်ရွှေအိမ်စံ သူမ ဘဝပေးက မိုးနဲ့မြေလို ကွာခြားနေခဲ့ပြီ။

'အို. . . ဒါဖြင့်လည်း ကားခယူသွားဦးလေ'

'ဟာ. . . နေပါစေ မဟုတ်တာ'

သူပြာပြာသလဲငြင်းမိပေမယ့် အချည်းနှီးသာ၊ ကား ဒက်ရှ်ဘုတ်ပေါ် တစ်ထောင်တန်သုံးရွက်တင်ပေးခဲ့၏။

'ဝိုင်း. . . ဝိုင်း. . . ပြန်ယူသွားပါ'

'ဟင့်အင်း. . . ဝိုင်းကိုခင်ရင် ယူရမယ်နော်၊ ဒါပဲ'

ဒီစကားလုံးတစ်လုံးထဲနှင့်ပင် သူမက အနိုင်ပိုင်း ကာ အိမ်ထဲဝင်သွား၏။

သူမနှင့်ပက်သက်ပြီး ရင်ခုန်ခဲ့သောသူ ကားကို သာ မောင်းထွက်ပြီး ပြန်ခဲ့ရပါ၏။





'ဝိုင်းရယ်'

ကိုယ့်စေတနာကို တုန့်ပြန်ခဲ့တဲ့ သူမပေးထားရစ်ခဲ့ သော တစ်ထောင်တန်အသစ်လေးတွေက ကားဒက်ရှ် ဘုတ်ပေါ်မှာ ပိုင်ရှင်မဲ့နေသည်။

နေဟန် သူမရဲ့ ကိုယ်ပွားလေးတွေအဖြစ် သိမ်း ဆည်းထားလိုက်မိသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

'နှင်ကလဲဟာ သူကစေတနာနဲ့ဆို ဘယ်လိုလု
မလဲ၊ နှင်က ငွေနဲ့စော်ကားလိုက်သလို ဖြစ်သွားမှာပေါ့'

ငုဝါထင်မြင်ချက်က သူမရင်ကို ဗလောင်ဆူသွာ
စေခဲ့သည်။

သူမ ဒီအထိဘာလို့ အတွေးမပေါက်ခဲ့တာပါလိမ့်

သူ့စေတနာကို စော်ကားမိသလို ဖြစ်ခဲ့ပြီလားကွယ်
သူမ မရည်ရွယ်ခဲ့ရိုး အမှန်ပင်။

'ငါ့ . ဒီသဘောမျိုးနဲ့ ပေးခဲ့တာမဟုတ်ပါဘူးဟာ
စေတနာအရင်းခံနဲ့ကို ဖြစ်သွားတာ'





လက်လှမ်းမီရာဖြေရှင်းချက်ကို ရှာမိပေမယ့် ရင်မှာ
သက်သာမှုတော့မရှိခဲ့တာ သူမဘာသာပဲ သိနေ၏။

'သူက ညီမကျောင်းစရိတ်နဲ့ စားဝတ်နေရေးပါ
ဖြေရှင်းပေးနေရတော့ ငါသနားသွားမိလို့ပါဟာ၊ ဘာရယ်
လို့ မရည်ရွယ်ပါဘူး ငုဝါရယ်'

'ကဲပါ မရွှေချောရယ်၊ ငါကလည်း ဖြစ်နိုင်ချေ
လောက် ရမ်းတုတ်နေတာပါ၊ နှင် ဒီလောက်ခံစားနေရရင်
ကျောင်းရောက်မှ ပုလဲကို ဖွင့်ပြောပြပြီး တောင်းပန်လိုက်
ပေါ့ဟယ်'

သက်သာရာသက်သာကြောင်း ငုဝါအကြံပေးရှာ
ပေမယ့် စိတ်ဖြေရာလောက်သာ။ လက်တွေ့လုပ်ဖို့ကျ တော့
စိုးရွံ့မိတာအမှန်။

ငယ်ပေါင်းသူငယ်ချင်းဖြေမို့ ပုလဲစိတ်ဓာတ်ကို ဝိုင်း
အသိဆုံးပဲဖြစ်၏။

ဆင်းရဲပေမယ့် ပုလဲမှာ မာနရှိသည်။

'ပုလဲကို အသိပေးလို့မဖြစ်ပါဘူး ငုဝါရယ်၊ သူ့အစ်
ကိုကို ငါက ကြောတယ်လို့ ထင်သွားမှာစိုးတယ်ဟာ၊ ဒါကို
က မှားတာပါဟယ်'

သူ့မျက်နှာချောချောကို ပြန်မြင်ယောင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကဲဟော့ ဒါဖြင့်လည်း ပုလဲကိုလည်း အသိပေးမနေနဲ့ သူ့အိမ် ဘစ်ခနဲ့သွားတွေ့ပြီး တောင်းပန်လိုက် ပြတ်ရော'

'ငါ သူ့မျက်နှာတောင် ရင်မဆိုင်ရဲတော့ပါဘူး ဟယ်'

'ဩော်. . ဒါများ ငါပါလိုက်ခဲ့ပေးပါ့မယ် ဝိုင်းရယ်၊ နင့်ရင်ထဲ ဘာတွေဖြစ်နေတယ်ဆိုတာ ငါခန့်မှန်းလို့ရပါတယ်ဟာ'

သူမရှက်ဖို့ပင် သတိမရချင်တော့။

သူ့မျက်နှာ နွမ်းသွားတာကို ပြန်မြင်ပြီး စိတ်ထဲမှာ မကောင်း . . .

သူမကိုယ်တိုင်က သူ့အပေါ် သနားစိတ်နှင့် ဖြစ်သွားခဲ့ရတာပဲဖြစ်၏။

'အေးဟယ် သူ့ကိုဒီကိစ္စ ကျေနပ်အောင်ရှင်းပြမှဖြစ်မှာ'

ဘယ်လိုသဘောမျိုးမှ ဝိုင်း မရည်ရွယ်ခဲ့ပေမယ့် ငါ့ဝါရှင်းပြကာမှ သူများသိပ်ရှက်နေမလား ရင်ဖိုနေမိပါ၏။

မရည်ရွယ်ပေမယ့် ဖြစ်ခဲ့ရပြီ။

✤ ✤ ✤



## အခန်း (၆)

သူမမျက်နှာလေး မေ့ဖျောက်မရအောင် စွဲလမ်းနေမိ၏။

ဒုတိယအကြိမ်ပြန်တွေ့တော့ နေဟန့်အတွက် ကြည်နူးဝမ်းသာမှုဖြစ်ရမယ့်အစား ဝေဒနာအဖြစ် ပိုတိုးလာခဲ့၏။

ဝိုင်းစုဘဝက သူ့ဘဝနှင့်နှိုင်းစာလျှင် များစွာကွာခြားနေသည်။

ဝိုင်းက ရွှေလင်ပန်းနှင့် အချင်းဆေးသူဘဝမျိုး။

သူ့မှာက မောင်နှမနှစ်ယောက်ဘဝကို ဖြင့်တစ်ခါ နှိမ့်တစ်လှည့် ရင်ဆိုင်ရုန်းကန်နေရသူ။



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာဖြစ်တည်လာတဲ့ စွဲလန်းစိတ်ကို ချိုးနှိမ်လို့ ဖျောက်ဖျက်ပစ်ရလေမလား။

ဖြစ်နိုင်မည်မဟုတ်တာသိပေမယ့် သူမဘဝက မြင့်လွန်းသဖြင့် ရင်မောရသည်။

'ဟား. . . ခက်လှပါလားကွယ်'

သက်ပြင်းမောကို မှုတ်ထုတ်မိသည်။

'ကိုကို ညီမလေး သတိထားမိနေတာ ကြာပြီ သက်ပြင်းတွေ ခဏခဏချပြီး ဘာတွေဖြစ်နေတာလဲ၊ ညီမလေးကို ပြောပြပါလား'

'ဟို. . . ဟို ဘာမှမဟုတ်ပါဘူးကွာ'

ညီမလုပ်သူကို သူမနှင့်ပက်သက်သမျှ ရင်ဖွင့်လိုက်ချင်ပေမယ့် စောင့်ထိန်းနေရသည်မို့ ပြောမထွက်ခဲ့။ ခံစားနေရတာကလည်း ရင်နှင့်မဆံ့အောင်။

'ကိုကို ညာနေတာ ပုလဲသိတယ်နော်'

ပုလဲ အစ်ကိုလုပ်သူ အခြေအနေကို ကောင်းကောင်း အကဲဖမ်းမိသည်။

ဝိုင်းတို့နှင့် ပျော်ပွဲစားထွက်ပြီး ပြန်လာကတည်းက အမူအယာတွေ သိသာစွာပျက်နေခဲ့တာ ပုလဲအသိဆုံး။

'ပုလဲကို မညာနဲ့ကိုကို'





မထူးတော့ ဝေဒနာသက်သာလို သက်သာငြား …ပြောပြလိုက်မှပင်။ ပြီးတော့ ပုလဲနှင့်ဝိုင်းက အကြောင်း… သူငယ်ချင်းများ။

ဝိုင်းစုရင်တွင်းစိတ်ကို ထွင်းဖောက်မသိနိုင်တောင် …သင့်သလောက်ကိုတော့ သူ့လိုအစိမ်းသက်သက်ထက် …လျှင်တော့ သိနိုင်ကောင်းမည်။

ကျန်တဲ့အချက်တွေချန်ထားလို့ ရနိုင်ပေမယ့် ကား…အဖြစ် ပိုက်ဆံပေးသွားတာကိုတော့ ပြောပြလိုက်မှပါ။

ကိုယ့်ရဲ့ခင်မင်ကျွမ်းဝင်မိတဲ့ စေတနာကို သူမက …ငွေနဲ့များတန်ဖိုးဖြတ်တိုင်းတာသွားတာလား၊ ဒီအတွက် …သူမှာ အဖြေမရနိုင်ခဲ့ချေ။

'ကိုကို ဝိုင်းစုနဲ့ မနေ့ကတွေ့တယ် ပုလဲ'

ညီမလုပ်သူ အံ့ဩသွား၏။ ထင်တော့ထင်မိသား…င်၊ ကျောင်းမှာလည်း ယောကျ်ားလေးတော်တော်များ…များက ဝိုင်းစုကို စိတ်ဝင်စားနေခဲ့ကြတာအမှန်။

ငွေကြေးမနေ ပြည့်စုံကြွယ်ဝယ်မှုမက ရုပ်ရည်ကျပြန်…တော့ မှန်နေအောင်ချောမောသူ။

သို့ပေမယ့် ဝိုင်းဘက်က ဘယ်သူ့မှ စိတ်ဝင်စားမှု…ရှိခဲ့ရုံမက ရည်းစားသန်အဖြစ်လည်း မရွေးချယ်ခဲ့။ ခါးခါး

www.burmeseclassic.com

www.burmeseclassic.com



သီးသီး ငြင်းပယ်ခဲ့တာပင်။

ကိုကို ခံစားသွားရမှာ ပုလဲ စိုးရိမ်မိသည်။ ဝိုင်းက
မာနကြီးသည်။

ဒါပေမယ့် ကိုကို့အပေါ် ဆက်ဆံတာတော့ ပုလဲ
တို့နှင့်တန်းတူပင်။

'ဘယ်မှာတွေ့ခဲ့တာလဲ ကိုကို၊ ကိုကို့ကိုရော ဖော်
ဖော်ရွေရွေရှိရဲ့လား'

မေးရင်းအကဲခတ်နေမှန်း နေဟန်သိလိုက်၏။ ဟို
က သူဌေးသမီး၊ ကိုယ်က အငှားကားသမား၊ ဘဝများစွာ
ကွာခြားလွန်းနေတာအမှန်။

မမှီတဲ့ပန်းကို ကမ်းလင့်နေမှန်းညီမဖြစ်သူ သိသွားခဲ့
ပြီလား မဆိုသာ၊ ဘာပဲဖြစ်ဖြစ် အဖြစ်မှန်ဖွင့်ဟလိုက်ခြင်း
ဖြင့် ဝေဒနာတော့ သက်သာကောင်းရဲ့ဟု သဘောပိုက်
လျက် ဝိုင်းနှင့်ကြုံဆုံသမျှကို ဖွင့်ပြောမိခဲ့သည်ပေါ့။

'ကိုကိုက စေတနာနဲ့ပါကွာ၊ ဝိုင်းက ကားခဆိုပြီး
ငွေတွေပေးသွားတယ်လေ၊ ဒီမှာ'

နေဟန် ပိုက်ဆံအိတ်ထဲက ငွေများထုတ်ပြလိုက်
သည်။

တစ်ထောင်တန်အသစ်လေးများက သူ့အား ကျီ



ငယ် နေကြသည့်နှယ်ပါ။

'ဟင်. . . ကိုကိုက ယူလိုက်တာပဲလား'

ပုလဲ အံ့ဩသွားပါသည်။

'ကိုကို ပြန်ပေးရဲ့သားနဲ့ အတင်းပေးသွားတာ ပုလဲ၊
ပေးပြီးအိမ်ထဲဝင်သွားတာ'

ကျေးဇူးအတင်မခံချင်လို့ ငွေနဲ့တန်ဖိုးဖြတ်သွား
တာဟု မှတ်ယူလိုက်မိသည်။

သို့ပေမယ့် အဖြစ်မှန်ကိုသိပြီး ကိုကိုခံစားနေရမှာ
လည်း မကြည့်ရက်တာမို့။

'အဟင်း. . . ကိုကို အထင်မှားနေတာပါ၊ ဝိုင်းက
စိတ်ရင်းအရမ်းကောင်းတာ၊ ပုလဲတို့မှာ မပြည့်စုံမှန်းသိလို့
ပေးတာနေမှာပါ။ ကျောင်းမှာဆိုလည်း ပုလဲနဲ့ ငုဝါစားသမျှ
သူပေးလိုက်တာချည်းပဲ၊ စိတ်ထဲမှာ ဘာမှထားမနေနဲ့ ကိုကို'

'အေးပါကွာ ကိုကိုက တလွဲတွေးပြီး ရင်ထဲဒွိဟဖြစ်
နေလို့'

အစဉ်ချောအောင် ပြောလိုက်ရပေမယ့် နောက်
ဆုံးအဖြေက နေဟန့်အတွက် မမှီနိုင်တဲ့ပန်းတစ်ပွင့်ပဲ
ဖြစ်ခဲ့ပါသည်။

'ဟူး. . . မလွယ်ပါလား ဝိုင်းရယ်'

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ဖြစ်တည်ခဲ့သော သံယောဇဉ်ဆိုတဲ့ အမွှင်တန်းက အလွယ်တကူဖြတ်နိုင်ဖို့ ခဲယဉ်းလှတယ်မို့ လား။

နှလုံးသားစေတသိတ်မှ ပုံရိပ်လေးအား ထုတ်ပယ်ခြင်းမှာ အစွမ်းမရှိခဲ့ဘူးပေါ့။

ဒါပေမဲ့ သာမာန်အခြေအနေမျိုးဖြင့် မဟုတ်တော့။ မြင့်တဲ့ပန်းကို အမြင့်ရောက်မှပဲ ခူးဆွတ်ဖို့ဆုံးဖြတ်လိုက်မိတော့သည်။

ကောင်းသောဆုံးဖြတ်ခြင်းပါ ချစ်သူ၊ ကိုယ်ချစ်ခဲ့တာ ဖြူစင်မြင့်မြတ် တန်ဖိုးထားခဲ့လို့လည်း ဖြစ်နိုင်ပါသည်။

✤ ✤ ✤



## အခန်း (၇)

တွေ့ချင်မြင်ချင်ပါသည်ဆိုမှ မတွေ့ဖြစ်ခဲ့။ ဒီနေ့နဲ့ သူ ဝိုင်းတို့ အိမ်ဘက်ရောက်ခဲ့သည်မှာ နှစ်ကြိမ်မက ကြိမ်တိုင်ရှိခဲ့ပြီ။

'တီ . . . တီ . . . တီ'

ကားဟွန်းသံကျယ်ကျယ်ကြောင့် ဝိုင်း ပန်းခူး မှ ခြံတံခါးအနီး လှမ်းခဲ့တော့ နေဟန့်ကို တွေ့လိုက်ရ ည်။

ပြီးတော့ နေဟန့်ကားနောက်မှာ မေမေနှင့်ဖေဖေ သူမဘယ်လိုလုပ်ရပါ့။ အခက်တွေ့ရပြီ။

ဆုံးဖြတ်ချက်နှင့်အတူ ခြံရှေ့က သူ့ကို မျက်စိမှိတ် း . . .



www.burmeseclassic.com

www.burmeseclassic.com



'ဟို. . . ဒီနေ့ ကျွန်မ အိမ်ကကားနဲ့ပဲ အပြင်သွား
တော့မှာရှင့်၊ တက္ကစီ မစီးတော့ဘူး'

'ဗျာ'

နေဟာန် 'ဗျာ' တစ်လုံးသာ တနိုင်၏။ သူမ ဘာ
ပြောနေတာလဲ။

ကိုယ့်မှာသာ တွေ့ချင်လွန်း၍ အရဲစွန့်လာခဲ့ရ
ပင်။ သူမ ဆက်ဆံပုံက တစ်မျိုး။

လောကကြီးက ဘာတွေမှားယွင်းခဲ့ပြီလဲ။

'ဟဲ့. . . သမီး အိမ်မှာ ဒီရှနေ့ ကားတွေအားရဲ့သား
တက္ကစီကား ဘာလို့ငှားနေတော့မလဲ'

'ဟုတ်သားပဲ သမီး၊ ဖေဖေလည်း ဒီနေ့ ရုံးမှမသွ
တာ'

'ဖေဖေ့ကား ယူသွားလည်း ရရဲ့သားနဲ့ တက္က
ကျတော့ စိတ်ဖြောင့်ဖြောင့်ဘယ်သွားရမလဲ'

တက္ကစီဘုတ်ထောင်ထားသော သူ့ကားနောက်
နောက်ဆုံးပေါ် ကားတစ်စီး။ အမျိုးသားကြီးနှင့် အမျိုး
သမီးကြီးပြောနေပုံအတိုင်းဆို ဝိုင်းရဲ့မိဘများပင်။

ခက်သည်က ဝိုင်း။ သူ့အား မိတ်ဆွေအပေါ်
အသင်းသဖွယ် သတ်မှတ်ချင်ပုံမရတာ အံ့ဩစရာပါ။



နေဟာန် ဒွိဟဖြစ်နေရသလို ဝိုင်းစုကိုယ်တိုင်လည်း
နှင့်မေမေရဲ့ ရှေ့မှောက်မှာ ယောက်ျားလေး သူငယ်
နှင့် တွေ့ဆုံကာ စကားပြောဖို့ အခက်တွေ့နေရသည်။
သူ့ပုံစံနှင့်သာဆို မေမေတို့က ခင်မင်တဲ့မိတ်ဆွေ
သတ်မှတ်မှာမဟုတ်။ သမီးရည်းစားလို့သာ ထင်မှာ

ဒီတော့ အကောင်းဆုံးနည်းအဖြစ် သူမဉာဏ်ကို
သုံးရတော့သည်။

'သမီးမေ့ပြီး တက္ကစီခေါ်လိုက်မိလို့ မေမေရဲ့'

'အေးလေ ဒါဖြင့်လည်း အကျိုးအကြောင်းပြောပြီး
လွှတ်လိုက်ပေါ့ကွယ်'

'ဟုတ်ကဲ့. . . မေမေ'

ရွှေတွေညွှတ်နေသော အမျိုးသမီးကြီး စကားသံ
အထက်စီးဆန်လှသလို မျက်နှာမာထန်နေ၏။

ပြဿနာက စပြီ။

ဝိုင်းစုရဲ့ သတိပေးအချက်ပြလိုက်သော အမူအ
ရာကို နေဟာန်လုံးဝမှ သတိမထားမိလိုက်။

သူ့စိမ်းပြင်ပြင် ဆက်ဆံလိုက်သော ဝိုင်းအပြုအမူ
လွှတ်ရင်မှာ ဆစ်ကနဲ နာကျင်သွားရသည်။

www.burmeseclassic.com



ဝိုင်းစုထံမှ နောက်ထပ်ဘာစကားမှ ထွက်မလာနိုင်
ခင် တားကိုဘက်ခ်ဆုတ်ပြီး တရကြမ်းမောင်းထွက်ခဲ့၏။

ဒါတောင် နောက်ကပြောဆိုနေသံများက အတိုင်
သား ကြားလိုက်ရသေး၏။

'ဟွန်း . . . ကားသမားများ အငှားကား မောင်းနေ
တာတောင် စိတ်ထားက သူမငှားတော့ဘူးဆိုတာနဲ့ မောင်း
ထွက်သွားလိုက်တာ'

'လာပါ မေမေရယ်၊ ဒီလူမျိုးတွေက ဒီလိုပဲ'

ဝိုင်းက မိခင်ကို ဖြေသိမ့်နေရ၏။ စိတ်ထဲမှာဖြင့်
သူ့အတွက် ဘယ်လိုမှ မကောင်းနိုင်တော့ . . .

နေဟန့် ဒေါသတွေက ကားလီဗာခုံပေါ် ဖိနင်းကာ
ကျရောက်နေ၏။

မယုံကြည်နိုင်ခြင်းတွေက ရင်မှာအပြည့်။

'လုပ်ရက်လိုက်တာ ဝိုင်းရယ်'

ဒီစကားကိုရင်ထဲမှာ အတန်တန်ပြောဖြစ်နေ၏။
ဝိုင်းအား မြတ်နိုးစွာ သံယောဇဉ်တွယ်ခဲ့မိလေသမျှ ဝိုင်းက
ရက်ရက်စက်စက်နှင့် နင်းခြေရက်ခဲ့သည်။

ဖြူစင်ဝင်းမွတ်သော အပြစ်ကင်းစင်တဲ့မျက်နှာ
လေးနှင့်ဆန့်ကျင်စွာ မူယာမာယာတွေက အံ့မခန်းတိတိ



ဟိုစဉ်အချိန်တုန်းက မသိခဲ့မဆုံခဲ့၊ သံယောဇဉ်ဆို
တာ မတွယ်ခဲ့ရင် ကောင်းမယ်ဝိုင်းရယ်။

✤ ✤ ✤

ဖြစ်ပျက်ခဲ့သမျှ အဖြစ်တွေအတွက် ရင်ဖွင့်မိတာ
က ငုဝါကိုပါ။

သူ့အပေါ်ထားတဲ့ ဝိုင်းရဲ့သဘောထားကို ငုဝါသာ
သွင် နားလည်မည်ထင်၏။

ယောကျ်ားလေးများနှင့် ကင်းနိုင်သမျှကင်းအောင်
နေခဲ့သော သူမနှင့်နေဟန်နှင့်ကျမှ ပြောင်းလဲပြီး ဆက်ဆံခဲ့
တာ ငုဝါလည်း ရိပ်မိနေတာပါ။

'ငါတော့ ဒီတစ်ကြိမ် အတော့်ကိုလွန်သွားပြီဟာ၊
သူ့အထင်လွဲသွားမှာ ကျိန်းသေမလွဲဘူး'

'ဟဲ့ နင် သူ့ကို မျက်ရိပ်ပြပြီးမှ ပြောလိုက်တာဆို၊
သူ့သဘောပေါက်မှာပါ'

ငုဝါက ဖြေသာအောင်ပြောပေမယ့် မထူးခြားခဲ့။
ကာယကံရှင် သူမသာအသိဆုံးမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ချိုရှင်ချောမွတ်နေခဲ့တဲ့ သူ့မျက်နှာဟာ အဲဒီအချိ
တသိသိသာသာပဲ မာကြောခက်ထန်သွားခဲ့တာ ဝိုင်းဘ
လို့မှ ဖျောက်မရနိုင်အောင်ပါ။

‘ငါ့ဆန္ဒကို သူသေချာသဘောမပေါက်သွားလို့ သူ
ကားကို တအားမောင်းသွားတာပေါ့ဟာ၊ အေးေ
ငါကိုကသူ့ကို မေမေ့တို့ရှေ့မှာ နှိပ်ကွပ်လိုက်သလိုဖြစ်သွ
ခဲ့တာ’

‘အေးဟယ် နင်တို့အဖြစ်ကလဲ တွေ့တော့လဲ ထ
ထူးခြားခြားစုံတွဲသီချင်းနဲ့၊ ဖြစ်လာတော့လဲ ပြဿနာ
ဆန်းဆန်း အားနာစရာ နှစ်ခါတောင်ရှိနေပြီနော်၊ အာ
လျှော့ပါနဲ့ဟာ ခုတစ်ခါပြန်တွေ့မှ ပြန်အတိုးချပြီး တော
ပန်လိုက်ပေါ့’

တကယ့် မလွယ်တဲ့အလုပ်ကိုမှ ငုဝါပြော၏။

သူနှင့်ရင်ဆိုင်နိုင်ဖို့ သူမဘယ်လိုသတ္တိမွေးယူ
မလဲကွယ်။

ပထမအကြိမ်ရော၊ ဒုတိယအကြိမ်ပါ သူမမှားခဲ့
တော့ ကိုယ့်ကိုကိုယ်တောင် ခွင့်မလွှင်ချင်ခဲ့။

❖ ❖ ❖



## အခန်း (၈)

ကားကို အုံနာပြန်အပ်လိုက်ပြီဆိုတော့ သူ့မှာ
အလုပ်လက်မဲ့ဖြစ်သွားပြီ။ စိတ်ထွေထွေနှင့် ပလက်ဖောင်း
အတိုင်းလျှောက်မိခိုက် . . .။

‘တီ . . . တီ . . .’

ကားသံကို စိတ်နာပါသည်ဆိုပါမှ နောက်ဘက်မှ
ဆွန်းသံတတီတီ ပေးနေပြန်သဖြင့် လှည့်ကြည့်မိရာ. . .

‘ဟာ မစွတာလီ ဆရာဘယ်တုန်းက ရန်ကုန်ပြန်
ရောက်တာလဲ၊ စက်ဘူသွားနေတယ်ဆို’

‘ဟုတ်တယ် ကိုနေ ပြန်ရောက်တာ မကြာသေးဘူး၊
သာဗျာ ကားပေါ်တက်၊ ရက်စ်တော့ရင့်မှာ တစ်ခုခု စားရင်း



www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြတာပေါ့'

'အကြောင်းထူးရှိလို့လား မစ္စတာလီ'

ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားလိမ့်မယ်လို့
တုန်းက နည်းနည်းမှမတွေးခဲ့။

'ရှိပြီကောဗျာ၊ လာပါ ဟိုရောက်မှ အေးအေးဆေ
ဆေး စကားပြောကြတာပေါ့၊ ကိုနေ့အတွက် ဝမ်းသာစ
သတင်းစကားပဲပြောမှာပါ'

နှစ်နှစ်ကျော်ခင်မင်ခဲ့သူမို့ ငြင်းမနေတော့
မစ္စတာလီ ကားနှင့်လိုက်ခဲ့လိုက်သည်။

ကားလေးက အနီးဆုံး စားသောက်ဆိုင်ကို မော
ဝင်လာခဲ့သည်။

စားသောက်ပြီးတာနှင့် မစ္စတာလီက သူ့ဆန္ဒ
ပြောပြတော့၏။

'ကျွန်တော် မန္တလေးမှာစက်ရုံခွဲတစ်ရုံ ဆော
ထားတယ်ဗျာ၊ ဒီကြားထဲစက်ာပူမှာ အကြောင်းကပေါ်လ
တော့ ကျုပ်အပြီးပြန်သွားရဦးမယ်၊ ဒီတော့ ကျုပ်စက်ရုံ
အုပ်ချုပ်သူမဲ့သွားပြီ၊ ခင်ဗျားကို ကျုပ်ရဲ့ကိုယ်စား မန္တလေ
ရဲ့စက်ရုံကို အုပ်ချုပ်ကြီးကြပ်ပေးဖို့ တောင်းပန်ပါရ
ခင်ဗျားကို ယုံကြည်တယ်ဗျာ'





'ဖြစ် ဖြစ်ပါ့မလား မစ္စတာလီ၊ ကျုပ်က ဒီအထည်
ချုပ်လောကမှာ ဘာမှအကျွမ်းတဝင်မရှိလှဘူးနော်'

'ဒါကအစပိုင်းမို့ပါ၊ နောက်တော့အတွေ့အကြုံ
နားလည်ပြီးသဘောပေါက်သွားပါလိမ့်မယ်၊ ခင်ဗျားအရွယ်
နဲ့ဆို အများကြီးတိုးတက်လာမှာ အမှန်ပဲ'

'ဖြစ်ပါ့မလားဗျာ'

နေဟန် တွေဝေနေဆဲ မစ္စတာလီကတော့ ဖြစ်ချင်
တာကိုယုံကြည်စိတ်ချစွာ ပြောနေလေသည်။

'ကျုပ်ယုံကြည်တယ်ဗျာ၊ ကိုနေ ကြိုးစာမှုရှိဖို့ပဲလို
တာ၊ ကျုပ်ဆန္ဒကို ဒီတစ်ခါတော့ ကြိုးစားပြီး ဖြည့်ဆည်းပေး
စေချင်တယ်၊ ကျုပ်လဲ ဟိုကလိုအပ်တာ ဖြည့်ဆည်းပေး
သွားပါ့မယ်ဗျာ၊ သဘောကတော့ ကျုပ်နဲ့ကိုနေ ရှယ်ယာ
ပေါ့၊ ကျုပ်ကငွေအရင်းအနှီးစိုက်ထုတ်သလို ကိုနေက အ
ကြံဉာဏ်နဲ့လုပ်အား စိုက်ထုတ်ပေါ့။

ဝိုင်းစုနှင့် သူ့အမေမျက်နှာကို သူတစ်လှည့်စီ မြင်
နေမိသည်။ အမြင့်ကပန်းကို မမီမကန်းခူးဖို့ အရေးထက်
အ မြင့်ဆုံးရောက်အောင် တက်လှမ်းပြီးမှ အလွယ်တကူခူး
ယူလိုက်တာ အကောင်းဆုံးပါပဲ။

'ကောင်းပါပြီ မစ္စတာလီ၊ ကျွန်တော့်ဆရာ့ဆန္ဒကို



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးဖြစ်အောင် ကြိုးစားဖြည့်ဆည်းပေးသွားမယ် ဗျာ'

'အိုတေ ကိုနေ ကျုပ်လည်း မပြန်ခင် ကိုနေ လုပ်ငန်းတွမ်းကျင်သွားအောင် ပြပေးခဲ့မှာပေ့ါ၊ ကျေးဇူးအရမ်းတင်တယ်ဗျာ၊ ကြိုးစားမှုအတွက် ခင်ဗျားခံစားရမှာပါ'

မစ္စတာလီသည် သူ့အတွက် မဟာကယ်တင်ရှင်ကြီးတစ်ပါးဖြစ်ခဲ့ပါ၏။

✣ ✣ ✣



## အခန်း (၉)

နေ့ချင်းညချင်းဆိုသလို နေဟန့်ဘဝပြောင်းလဲခဲ့၏၊

နှလုံးသားဆန္ဒကို ခဏမေ့ပျောက်ပြီး စီးပွားရေးလောကကိုသာ ခြေစုံပစ်ဝင်ခဲ့သည်။

မစ္စတာလီပြန်သွားပြီး တစ်နှစ်အတွင်းမှာပင် တုမ္ပဏီနှင့် စက်ရုံကို တိုးချဲ့နိုင်ခဲ့သလို ရန်ကုန်မှာလည်း မိနီမားကတ်တစ်ခု ဖွင့်ထားခဲ့၏။

ကြိုးစားမှုရဲ့အောင်မြင်မှုပင်။

လိုအပ်တာမှန်သမျှ မစ္စတာလီက စေတနာမှုမှဖြည့်ဆည်းပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးပုလဲပင်လျှင် မန္တလေးရတနာပုံတက္ကသိုလ်မှာ တိုယ်ပိုင်ကားစီးပြီး ကျောင်းတက်နေနိုင်ခဲ့ပြီဖြစ်သည်။

မန္တလေးစက်ရုံကို မန်နေဂျာနှင့်သာ လွှဲထားခဲ့ပြီး သူကတော့ ရန်ကုန်ကိုဆင်းတဲ့အခါဆင်းပြီး မန္တလေးမှာ နေခဲ့သည်လည်းရှိ၏။

လုပ်ငန်းအောင်မြင်တာနှင့်အမျှ နေဟန်ကုမ္ပဏီ နာမည်ရလာ၏။

တစ်ခါတစ်ရံ နေဟန်ကိုယ်တိုင် ဒီဇိုင်းထုတ်ကာ အထည်ပုံဆန်းတွေ တီထွင်ချုပ်စေခဲ့ပြီး မားကတ်မှာရောင်းချခဲ့သည်။

ကုမ္ပဏီလုပ်ငန်းအောင်မြင်မှုတွေနဲ့ ကြုံတွေ့နေတော့ ရင်ထဲကခံစားမှုတွေလဲ လျော့ပါးခဲ့ရသည်။

မထင်ထားသော တိုက်ဆိုင်မှုကြောင့် လီဆယ်ခဲ့ရရှာသော ဝိုင်းအဖို့ ရင်နှင့်အမျှ ခံစားခဲ့ရသည်။ သူ ဝိုင်းအား နာနာကျည်းကျည်းနှင့် ခြေရာပါမကျ ရေပါနှောက်သွားခဲ့၏။

သူငယ်ချင်းပုလဲတစ်ယောက်ပါ ခြေရာပျောက်လို့



သူတို့အိမ်ရောက်ပြန်တော့လဲ ပြောင်းသွားသည်တဲ့။ ဝိုင်းဘယ်မှာရှာရလေမလဲ။ လွမ်းစိတ်ကိုဖြေသိမ့်ဖို့ အခက်တွေ့ခဲ့ရပါပြီ။

ရာသီ၊ ရက်လတွေအလီလီ ပြောင်းခဲ့ပါ၏။ သို့သော် နှလုံးသားကိုစိုးမိုးခဲ့သူ သူကတော့ အရိပ်အယောင်မျှပင် မတွေ့မြင်ရပါလေတော့။ နေစိမ့်နိုင်သူ သိစေချင်ပါသည်။

အလွမ်းတွေကို စုစည်းရင်း သူနှင့်ဆုံဆည်းခဲ့ရတဲ့နေ့ကိုသာ ရင်ခုန်တမ်းတ လွမ်းယူရင်း အချိန်တွေကို ကုန်ဆုံးခဲ့၏။

အချစ်ကို စတွေ့ချိန်လေးမှာပင် သေဆုံးခဲ့လေသလားကွယ်။

ဝိုင်းရဲ့အပြုအမူတွေကို နာကျည်းမုန်းတီးခဲ့တော့လေသလားကွယ်။ တကယ်တော့ချစ်သူ မုန်းစေလိုတဲ့ရည်ရွယ်ချက်မျိုး မထားရှိခဲ့ရိုးအမှန်ပင်။

ဘယ်ဝယ်ဘယ်ဆီ ရောက်နေသူတစ်ယောက်ကတော့ သိပါလေစ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

တမင်တကာပျိုးယူထားတဲ့ သစ်ခွပန်းမီးခိုးရောင်များက ပင်ယံမှာလှပဝင့်ကြွားစွာ ပွင့်နေ၏။

အဖိုးအနဂ္ဂထိုက်လွန်းသောပန်းမို့ထင်၏။ လှလိုက်တာမှတကယ့်အစွမ်းကုန်။

ထိုသစ်ခွပန်းလေးတွေနဲ့အပြိုင် အလှချင်းပြိုင်နေသူကတော့ ဝိုင်းစု။

'သစ်ခွပန်းတွေ ပွင့်နေလိုက်တာဟယ်၊ လှလိုက်တာ မနက်ဖြန်ယူသွားရင် မမမီခိုင်ကတော့ အတော့်ကို သဘောကျဦးမှာ'

သူမဘာသာ တီးတိုးရေရွတ်လျှက် သစ်ခွပွင့်လေးတစ်ပွင့်ကို ခူးယူပြီး ခေါင်းမှာပန်ထားလိုက်သည်။





ဝိုင်းစု ပုံစံလေးက အမှုအယာမဲ့လှုပ်ရှားနေတာဖြစ်မယ့် ဖြူဖွေးသော အသားအရည်နဲ့လိုက်ဖက်စွာ ပိုးဂါဝန်ရှည်ကြီးနှင့် သစ်ခွပန်းလေးပန်လိုက်ပုံက နွဲ့နွဲ့လျလျ။ အမှတ်တမဲ့ တစ်ဦးတစ်ယောက်ကသာ မြင်တွေ့လိုက်ပါမူ ဝိုင်းစုအား ဗွီဒီယိုရုပ်ရှင်တွေများ ရိုက်နေသလားလို့ ထင်သွားကြမှာပါ။

ဝိုင်းစုကတော့ အဖြူရောင်သက်သက်။ ဘာအမူအယာဟန်ဆောင်မှုမှမပါပဲ တယုတယပျိုးယူထားတဲ့ သစ်ခွခက်လေးတွေက အရမ်းအရေးပါနေတာ မဟုတ်လား။

ဒီဝိုင်းနာ မမမီခိုင်က ကတ်တလောက်နမူနာဆွဲဖို့ ဝိုင်းစုအားယူခိုင်းခဲ့တာ။

ဒါလည်း လွယ်လွယ်နဲ့ဖြစ်လာတာမျိုးမဟုတ်။

သောကြာနေ့သင်တန်းက ပြန်လာပြီးကတည်းက အဆိုင်ဘာခြံစောင့်ကြီးဦးညိုအား အဖူးတွေပိုးထားခိုင်းရတာ [illegible]

ခုတော့ သုံးရက်မြောက်နေ့မှာပဲ ပွင့်နေကြပြီ။ မနက်သင်တန်းသွားတော့ ယူသွားလိုက်ယုံပေါ့။

ဝိုင်းစု သစ်ခွများကို အာရုံစိုက်နေသဖြင့် ခြံထဲကြွက်ဥနှစ်ရောင်ကားလေး မောင်းဝင်လာတာကို သတိမ



www.burmeseclassic.com

www.burmeseclassic.com



ထားမိလိုက်ချေ၏။

အနားမှာကပ်ပြီး ဟွန်းသံကျယ်ကျယ်ကြားလိုက် ရမှ လန့်သွား၏။

'တိ . . . တီ'

'အို ဘုရား'

'ဟယ် ကောင်မစုတ် လန့်လိုက်တာဟယ်၊ နင်ဘာလာလုပ်တာလဲ ငုဝါ'

ပြောမနာဆိုမနာ ငယ်ပေါင်းကြီးဖော်တွေဆိုတော့ ဝိုင်းစု လန့်သွားတဲ့ရင်ကို လက်ကလေးနှစ်ဘက်ယှက်တင်ရင်း ထောပနာပြုလိုက်၏။

ဝိုင်းစု လှုပ်ရှားလိုက်ဟန်လေးက ငုဝါအတွက် အတော်ပင်ကြည့်ကောင်းသော အမူအယာလေးဖြစ်သွားသလားမဆိုသာ။

'အင်း ဝိုင်းရေ နင်ကတော့ ဒီ ဒီဇိုင်နာသင်တန်းတက်တော့မှ အမူအယာတွေပါပြောင်းပြီး ဗွီဒီယိုမင်းသမီးဂိုက်ပေါက်နေပြီ'

'မြှောက်မနေနဲ့ မမ စောစောစီးစီး ကြွေးစရာကော်ဖီမစ်ပဲရှိမယ်၊ အစိမ်းစားမယ်ဆိုရင်တော့ မေမေ့ရေခဲသေတ္တာထဲမှာ ကြက်ရေခဲရှိက်တော့ ရနိုင်ကောင်းပဲ'





'ကဲ ဆို ထွေထွေထူးထူး ငါ့ဆီလာရတဲ့အကြောင်း [illegible]'

'ဒီနေ့ ဆန်းဒေးလေဟာ နင့်အိမ်မှာ ဟောလီးဒေး[illegible]င်းပမလို့ ဆေးရုံမှာ ဆေးနံ့တွေလူနာတွေနဲ့ ငြီးငွေ့လှပြီ[illegible]'

'အံမယ် ခုမှငြီးမနေနဲ့ နင်ဝါသနာပါတဲ့ လိုင်းကိုရွေး[illegible]ာဆို၊ ခုတော့ ဘယ်နှယ့်ရှိစ'

'ဟိုတု[illegible]တော့ ငါနဲ့အန်တီလေးတို့ တားတာ[illegible]င်မရဘဲနဲ့'

ငုဝါကပြောင်းပြီးတော့ ဝါသနာပါသည့်[illegible]ဆို [illegible] [illegible]မသင်တန်း[illegible]က်ပြီး အလုပ်ဝင်လုပ်နေ[illegible]

ပြည့်စုံသောမိဘအသိုင်းအဝိုင်းက ဆင်း[illegible]က်လာ[illegible]မယ့် သူ့ဝါသနာက ဝိုင်းစုတို့ပင် ဩချယူရတဲ့အထိ၊

'ကဲလာ ဒါဖြင့် ငါ့အခန်းမှာ အေးအေးဆေးဆေး [illegible]ယူလိုက်'

'နင်ရော ဒီဇိုင်းနာသင်တန်းမှာ အဆင်ပြေရဲ့လား [illegible]'

'အင်း . . . ပြေပါတယ် ဒီသင်တန်းကတော့ [illegible]ကိုယ် [illegible] စိတ်လည်းဝင်စားတယ်၊ ငါနဲ့လည်း အံကိုက်ဖြစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့တူပါတယ် ငါထွင်တဲ့အဆင်ဆန်း ဒီဇိုင်းလေးတွေ
မှ ဒီလကုန် ဖက်ရှင်ပြပွဲမှာ ရှိုးပြပြီးရင် နိုင်ငံခြားပို့တော့

အိမ်ထဲလှမ်းဝင်ရင်း ဝိုင်းစုပြောတော့ ငုဝါက
ပေါင်းအသင်းကောင်းပီသစွာ အားပေး၏။

'ငါတော့ ခါတိုင်းနင်တက်နေတဲ့ စကားပြ
ကွန်ပျူတာတို့၊ အလှဖန်တီးရှင်တို့ထက်စာရင်တော့
ဝတ်အစားဒီဇိုင်နာသင်တန်းနဲ့ ပိုလိုက်ဖက်တယ် လို့
တယ်'

'အောင်မလေး ငုဝါ၊ ဝိုင်းစုကိုများ သွားမြှောက်
နေပြန်ပြီ၊ ဒီသင်တန်းလည်း ဘယ်နှစ်ရက်ခံမှာလဲ
ကြည့်ရသေးတာပေါ့'

အိမ်အပေါ်ထပ်ရောက်ကာနီးစည့်ခန်းမှ မေ
ကားကြောင့် ဝိုင်းစုမျက်နှာလေး စူပုပ်သွားရ၏။

'ဟွန့် မေမေကလဲ ကြည့်ထား သမီး ဒီ ဒီဇိုင်
အလုပ်နဲ့ကို အောင်မြင်တဲ့လုပ်ငန်းရှင်လုပ်ပြမှာ'

'အေးပါကွယ် ဖြစ်ရင်တော့လည်း ကောင်း
ပေါ့၊ မေမေကသင်တန်းဗန်းပြပြီး သမီးဝေလေလေ
စိုးလို့ပြောနေရတာ'

'မေမေရယ် ဝေးပါသေးတယ်၊ သမီးစိတ်ဝင်စား





အလုပ်ကိုဘယ်လောက်ထိ အလေးထားတာ မေမေသိပါ
တယ်၊ ဟုတ်တယ်နော် ငုဝါ'

'ဒီတစ်ခါတော့ ကျိန်းသေနိုင်ပါတယ် အန်တီမြင့်
ရဲ့၊ ဝိုင်းအများကြီးပြောင်းလဲနေပြီ'

မေမေက ငုဝါကပါထောက်ခံပြောပေးနေသဖြင့်
ဘာမှမပြောသာတော့။ ဖေဖေကတော့ ပြုံးကြည့်နေ၏။

'လာ ငုဝါ မေမေနဲ့ရှင်းနေရတာနဲ့ ဒီနေ့အနားယူ
မယ့် နင့်အစီအစဉ်ပျက်သွားဦးမယ်၊ ငါ့ကို ဂီတာတီးပြဟာ'

'အိုကေလေ ဖြစ်တယ်'

ငုဝါရောဝိုင်းစုပါ ဒီတစ်ခုတော့ ခံစားချက်ဝါသနာ
ချင်းတူညီကြသည်။ နှစ်ယောက်စလုံး ဂီတာကို ကျွမ်းကျင်
စွာတီးခတ်တတ်သလို သီချင်းများကိုလဲ အပြင်းရော ဖီးလ်
သီချင်းများပါ နှစ်ခြိုက်တတ်ကြသည်။

'အလှလင်းရောင် . . . သန်းခေါင်ယံညနက်ထဲ'

ငုဝါက ဂစ်တာကြိုးများကို တို့ထိခံစားရင်း သီချင်း
ဆိုပါဟာစ်တော့ ဝိုင်းစုလက်ကာတားရင်း . . .

'ဟိုးထား ဆရာမ အပြင်းစားတွေမလုပ်နဲ့ကွာ၊
ကြိုက်တော့ကြိုက်တယ်၊ ဒါပေမယ့် ခံစားချက်မရှိဘူး'

သူမသည်လဲ မိန်းကလေးထဲကမိန်းကလေးပေမို့



www.burmeseclassic.com

www.burmeseclassic.com



ပြင်းလှတဲ့သီချင်းမျိုးတော့ ဘယ်လိုမှမခံစားကတ်ချေ။ ငွေ
ကကော့ရော စာသားပါပြောင်းလိုက်ရင်း . . .

'တယ်ဆိုတဲ့စာပါလား ဝိုင်း၊ ကေန္ဒတော့ ခံစားချ
လေးများရှိနေပြီနဲ့တူတယ်'

'အဝေးဆုံးပဲ ငွဝါ၊ ဝိုင်းစုတို့က မေမေ့နို့နံ့တော
မစင်သေးဘူး'

ပြောသာပြောလိုက်ရ၏။ သူမစိတ်ထဲခပ်တည
တည်မျက်နှာပေါက်တစ်ခုက ထင်းကနဲ။

'ပြောတော့ပြောတာပဲ ဝိုင်း၊ ပြီးတော့မှ ပလိုင်း
ကောက်နေရမယ်နော် အဟီး'

'လုပ်မနေနဲ့ နင်ပြောတဲ့အထဲမှာ ဝိုင်းစုမပါဘူး
ဝိုင်းစုကို အထင်ကြီးတန်ဖိုးထားမယ့် ပုဂ္ဂိုလ်ကလူပြည်မှာ
မွေးဦးမှာတောင်မဟုတ်ဘူး၊ တော်ပြီကွာ တန်ဘိုးရှိတဲ့အ
ချိန်တွေကို ဖြုန်းမနေနဲ့ တစ်ပုဒ်လောက်'

ချထားတဲ့ဂီတာကို ငွဝါအားထိုးပေးရင်း ဝိုင်းစ
တောင်းဆိုတော့ ငွဝါကြိုးညှိပြီး ရွှေအားချမ်းမေသီချင်းတ
ဟစ်ကြွေးလေသောအခါ . . .

'အမှတ်တမဲ့တွေ့လိုက်ယုံနဲ့ပဲ ဒီရင်မှာစွဲသွားပြ

သီချင်းစာသားလေး စလိုက်တာနှင့်ပဲ နောက်လာ





တာသားလေးတွေ မေ့မျောသွားတဲ့အထိ ဝိုင်းစု အတွေး
တာတစ်မြန်နေ့က အဖြစ်ဆီသို့ . . .

ဟုတ်တော့ဟုတ်၏။ မထင်မှတ်ထားပဲ ဆုံတွေ့
စ်ပေမယ့် သူ့ကိုဘာကြောင့်များ အမှတ်တရရှိနေတာ

အထူးသဖြင့် သူမလို ဂုဏ်ရောမနော ပါ စွဲမက်ဖွယ်
ောင်းတဲ့သူမကို သူ ဆိုသည့်လူကမှ မရှုစိမ့်နိုင်စွာ၊ အလို
နိုင်စွာ၊ အထင်သေးစွာဆိုတဲ့ မနှစ်မြို့ခြင်းတွေ ပေါင်းစု
တာက ပိုပြီးမှ သူမဆိုတဲ့ ဝိုင်းစုအတွက် အမှတ်တရ
နေခဲ့ခြင်းပါ။

အဲဒီနေ့က သင်တန်းသွားဖို့ စိတ်စောနေခဲ့သော
သူမမောင်းနေသော နီဆန်ဆလွန်းကားမှာ ရွှေဂုံတိုင်
လွန်ငါးထပ်ကြီးအနားအရောက် . . .

'ဝေါ ဘရောင်း ဂက် . . . ဂက်'

'ဟယ် ဒီနေ့ လက်ချာတွေ အရေးကြီးပါတယ်ဆိုမှ
ာ လုပ်ပြီ ဒုက္ခပဲ လမ်းလယ်ခေါင်ကြီးမှာမှ'

ဝိုင်းစု မကျေမနပ်ရေရွတ်ရင်း ကားတံခါးဖွင့်ကာ
လိုက်ပြီး စက်ဖုံးဖွင့်ကာ ဟိုနှိုက်ဒီနှိုက်လုပ်ကြည့်သည်။
ကားစက်အကြောင်း နားလည်ထား၍မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရော အိမ်ကဒရိုင်ဘာဦးညိုပါ ကားပျက်ပြီဆိုတာနှင့် စက်အဖုံးဖွင့်ကာ ဟိုကြည့်ဒီစမ်း လုပ်ကြတာ သူမ မြင်တွေ့ ဖူးတာကြောင့် ခုလည်း ဤသို့စူးစမ်းမိတာပဲဖြစ်သည်။

'ဟူး ကာဗရိုက်တာ၊ ဆီ၊ ဘက္ထရီ အားလုံးအ ကောင်းပါ၊ ဒါနဲ့ ဘာဖြစ်ရတာလဲ'

ကားထဲဝင်ပြီး စက်ပြန်နှိုးကြည့်တော့လဲ ချက်ချင်း ပြန်ပြန်ရပ်သွားသည်။

ဝပ်ရှော့ဘာညာမနီးသော လမ်းလယ်ခေါင်မှာ ပျက်နေခြင်းမို့ ဟိုလှူကြည့် ဒီလှူကြည့်နှင့်။ ထောပနာပြုသွား သောကားတွေကလဲ မနည်း။

'ဟော့ နှိုးမရရင် မီးသာရှို့လိုက်ဟော့'

သူတို့ပြောသလို ဝိုင်းစု သူမရဲ့ကားအား မီးသာ ရှို့လိုက်ချင်တော့သည်။

ဒီနေ့မှ စကတ်ဂါဝန်ဖားဖား ရွေးဝတ်လာခဲ့တာ ကြောင့် ကားခေါင်းဖြေးလိုက် အထဲဝင်လာနှိုးလိုက်နှင့် ရှို့ ရှို့ဖားယားနိုင်လှတာ သူမကိုသူမလဲ သတိထားမိနေ၏ ပြီးတော့ ကားအသွားအလာများတဲ့ ရုံးချိန်ဖြစ်သလို လမ်းမ အလယ်ကြီးမှာ ပုံမပျက်တောင်မှ ကပိုကရိုဖြစ်နေမှာ အသေအချာပါ။





တစ်ခါမှ ဤသို့ဆိုးဆိုးဝါးဝါး မပျက်ဖူးတာရော၊ တွေ့ကြည့်တာကို ရှက်တာရောကြောင့် ဝိုင်းစုရဲ့နား ယ်စပ်မှာ ချွေးပင်စို့ရတဲ့အဖြစ်။

လုံးဝနှိုးလို့မရတဲ့အဆုံး ဝပ်ရှော့ဆရာခေါ်ဖို့ ဟိုဟို ည်သည်ကြည့်ရတော့သည်။

ဟန်းဖုန်းနဲ့အိမ်ကို အကြောင်းကြားပြီးပြောရ အောင်ကလဲ ဒရိုင်ဘာမခေါ်ချင်သော သူမအား မေမေက ပြစ်တင်ပေလိမ့်ဦးမည်။

အနီးအနားဝပ်ရှော့ဆိုတာကလဲ ရွှေဂုံတိုင်ကို တ်အောင်သွားမှ ဒီဘက်ဆိုလဲ မီးပွိုင့်ကျော်မှရှိမှာ။

ဝိုင်းစု ကားစက်ဖုံးနားမှာ လက်ကလေးထောက် း ဟင်းချလိုက်မိသည်။

'ဟား ခက်တော့ခက်ပြီ သင်တန်းလည်းနောက် ယ့်မက ငါဘယ်သူ့ကို အကူအညီတောင်းရမလဲ'

ဒွိဟစိတ်ဖြင့် ပတ်ဝန်းကျင်ကို ဟိုဒီကြည့်မိတော့ ယာသည်လေးတစ်ယောက်သာလျှင်ရှိ၏။ ဖြတ်သွား တ်လာများရှိပေမယ့် အလွယ်တကူတော့ အကူအညီ နိုင်။

ဒီအချိန်လေးမှာပဲ သူမအားတစ်စုံတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ဒူးစိုက်ကြည့်နေသလို ခံစားရသဖြင့် လှည့်ကြည့်မိရာ .

'ဟာင်'

ဖက်ရှင်ရှော့ပ်တစ်ခုထဲမှ လူရွယ်တစ်ယော
ဝိုင်းစုအား စူးစူးစိုက်စိုက်ကြည့်ကာ အကဲခတ်နေပုံ။

ကြည့်ရသည်မှာ မျက်နှာကြောက အလိုမကျ
က အထင်းသား . . .

အလိုမကျရအောင် သူ့ဆိုင်ရှေ့ပိတ်ပြီး ဝိုင်းစု
က ပျက်နေတာမဟုတ်။ သူက ဘာလို့အလိုမကျဖြစ်နေ
တာလဲ။

အနေသာကြီးပါ။

တစ်လောကလုံး သူ့လုပ်စာစားနေတဲ့ပုံ၊ ရုပ်ကို
ဝိုင်းစု ခပ်စူးစူးလေးပြန်ကြည့်မိလိုက်၏။

မိန်းကလေးတစ်ယောက် လမ်းလယ်မှာဒု
ရောက်နေတာကို မကူညီတဲ့အပြင် ဘာသဘောနဲ့ ဘုကြ
ကြည့်နေပါလိမ့်။

သူမကိုများ သိနေလို့လား။

သူ့မျက်နှာပေါက်မျိုးအား မြင်ဖူးသလိုရှိခဲ့ပေမ
ဟိုတစ်ယောက်က ဒီလိုချမ်းချမ်းသာသာမျိုးမဟုတ်။ ဒီ
ကတော့ ချမ်းသာကြွယ်ဝပြီး အထက်တန်းတကျရှိလှ သည်





သူ့မျက်လုံးများကသာ သူမအား အလိုမကျဟန်
နှင့် အကျည်းတန်နေတော့တာပါ။

တဒင်္ဂလှမ်းအကြည့် မျက်လုံးချင်းဆုံခိုက် ဝိုင်းစုက
သည်း လိုအပ်တာထက်ပင် မျက်နှာချောချောလေးအား
တင်းထားလိုက်တော့၏။

'ဟွန်း . . . ဘယ်လိုလူစားလဲဟ၊ ရှုတည်တည်နဲ့'

ဝိုင်းစု မျက်နှာလွှဲပြီး ကားထဲသာနှိုက်နေလိုက်၏။
သူမမှာလည်း အထက်တန်းစား ပြည့်စုံသူပီပီ မာနနှင့်ပဲ
ဆလ။

ဘယ်သူ့ကိုမှ ကူပါကယ်ပါ ဘာညာလုပ်နေစရာ
ခလို။ ဒီကားပျက်ကို ဒီအတိုင်းထားခဲ့ဦးတော့။ ဖေဖေရော
မေမေပါ ဝိုင်းစုအား တွေ့တွေ့ထူးထူးဆူနေမှာ မဟုတ်ပါ။

စက်ပြန်နှိုးကြည့်သည်။
ဘာမှမထူး။

ဝိုင်းစုလက်လျှော့ပြီး ပလက်ဖောင်းဘေးရှိ ကွမ်း
သာဆိုင်လေးသို့ ထွက်ခဲ့ကာ . . .

'ဟိတ် . . . ချာတိတ်'

'ဗျာ . . . အစ်မလေး ဘာယူမလဲ'

'ဟော့အေး ဘာမှမယူဘူး၊ မမကားပျက်နေလို့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အနီးအနားက ဝပ်ရှော့ဆရာတစ်ယောက်လောက် သွားခေါ်ပေးပါလားကွာ၊ ရော့ . . . မင်းဖို့ မုန့်ဖိုး'

'ဟုတ်ကဲ့ အစ်မလေး၊ ခဏစောင့် ခုပဲသွားခေါ်ပေးမယ်'

ငါးရာတန်တစ်ရွက်အစွမ်းနှင့် ကောင်လေးက ကားပြင်ဆရာကိုခေါ်ပြီး ချက်ချင်းပြန်ရောက်လာ၏။ ကားပြင်သူနှင့်တွေ့လိုက်တော့လည်း ဘာရယ်မဟုတ်။ ကားက ချက်ချင်းသူမဟုတ်တဲ့အတိုင်းပါ။

'ဝူး . . . ဝူး ဘရော . . . ဝူး'

'ရပြီ ညီမလေး၊ မောင်းကြည့်'

'ဟုတ်ကဲ့ ကျေးဇူးပါပဲရှင်'

ကျသင့်ငွေရှင်းပေးပြီး ဝိုင်းစု ကားကိုတရကြမ်းမောင်းထွက်ရင်း မတ်ရှေ့မှလူအား ငေ့ဝဲကြည့်မိတော့ သူမကို ရှုတည်တည်နဲ့လက်ပိုက်ပြီး ကြည့်နေဆဲပါ။

'တောက်'

ဝိုင်းဒေါသတွေက ကားလီဗာခုံပြားလေးပေါ် စုပြုံရောက်ရှိသွား၏။ ထိုနေ့က သင်တန်းရောက်ဖြစ်ခဲ့ပေမယ့် ခပ်တည်တည်ရုပ်နှင့် ဒီလူ့အကြောင်း ဘာမဆိုင်ညာမဆိုင်တွေးနေမိခဲ့သည်။





ပက်သက်ဆက်နွယ်ခဲ့ဖူးခြင်းမရှိခဲ့ပါဘဲ ဘာဖြစ်လို့များ သတိတရဖြစ်နေမိပါလိမ့်။ ဝိုင်းစု ကိုယ့်ဘာသာကိုယ်လည်း နားမလည်နိုင်။

ဒီလူ့ကြည့်ရတာ လုပ်ငန်းရှင်တစ်ယောက် ဖြစ်နိုင်ပေမယ့် မာနကထောင်လွှားလိုက်မယ့်ပုံ။

တကယ်ဆို မိန်းကလေးတစ်ယောက် အတိဒုက္ခရောက်နေချိန်မှာ ဘာလို့များ ပျက်ရည်ပြုမသိကျိုးကျွံပြုနေရက်ပါလိမ့်။ လူ့အတ္တ၊ လူ့ဝဋ္ဋစာတစ်ယောက်ပဲဖြစ်မယ်ဟု သူမ မှတ်ချက်ချမိသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

'ဟဲ့. . . ဝိုင်း၊ မှန်ရှေ့မှာထိုင်ပြီး မဲ့လိုက် ရှုံ့လိုက် တည်လိုက်နဲ့ ဘာလဲ ရှိုးပွဲတွေလိုက်ပြီး မော်ဒယ်လ်ဂဲလ်တွေ အားကျနေပြီလား'

လူမိသွားခြင်းမို့ ဝိုင်း ရှက်ရယ်ရယ်ရင်း. . .

'ဟုတ်ပါဘူးဟယ်၊ ငါ အေးချမ်းမေသီချင်းထဲ ဈာန်ဝင်သွားလို့ အမှတ်တမဲ့ တွေ့လိုက်ရုံနဲ့ ရင်မှာ အမြင်ကိုကတ်သွားတာ'

'ဘာရယ်. . . ဘယ်သူလဲဟ'

ငုဝါ ပျာပျာသလဲမေးတော့ ဝိုင်း ဘာဖြေရမည် မသိ။ တစ်ကြိမ်ဆုံမိတာနှင့် အမှတ်ရနေမိတာ ဝိုင်းတို့လို မိန်းမသားတွေအတွက် သင့်တော်ပါမတဲ့လား။





'တစ်ယောက်ပါဟယ်၊ ရှုတည်တည်နဲ့ မုန်းဖို့ကို ကောင်းတယ်'

'အံမယ်. . . ငါ့ကိုလျှိုတာလား မိဝိုင်း'

ငုဝါက မယုံ။ တကယ်လည်း ဒီလူနဲ့ဝိုင်းက ဘာဆို ဘာမှ မပတ်သက်တာမို့ . . .

'အလကား လူကြောင်နေမှာပါကွာ၊ ငါ့ကိုဘုကြည့်ပြီး အကြောကိုမတည့်လို့ ဒေါက်နေတာ၊ ဒါနဲ့ ငုဝါ နင်သူနှင့်ဦးနော် ဖေဖေ့ကို ငါပြောစရာရှိလို့ဟ'

'အေး. . . သွားလေ'

ဝိုင်းဧည့်ခန်းဆီ ထွက်ခဲ့၏။

အကြောင်းကတော့ လမ်းမအလယ်မှာ အရှက်ခွဲခဲ့တဲ့တာကို ဝိုင်းဆက်ပြီး မစီးချင်တော့။ ဖေဖေကုမ္ပဏီသွားတဲ့တာကိုလည်း ယူမသုံးချင်။ မေမေ ဈေးဝယ်ထွက်တဲ့ကားကျတော့လည်း ပါပလေကာ ဒိတ်အောက်ကြီးမို့ ကားတစ်စီးချိန်းခိုင်းဖို့ပါ။

ဧည့်ခန်းရောက်တာနှင့် သတင်းစာဖတ်နေသော ဖေဖေ့လက်မောင်း ကို ဖက်တွယ်ကာ ဖေဖေ့နားကပ်ထိုင်လိုက်၏။

'ဖေဖေ. . . ဖေဖေ့ကို သမီးပြောမလို့'



www.burmeseclassic.com

www.burmeseclassic.com



ဒါက ဝိုင်းစုပူဆာချင်ပြီဆို ပြုလုပ်တတ်သော
ငယ်ငယ်တည်းက အကျင့်ဆိုတာ ဦးလွန်းမောင်ကလည်
သိနေပြီးသားမို့။

'ဘာလဲသမီး မုန့်ဖိုးပြတ်ပြန်ပြီလား၊ ဘာအထူ
ဆန်းတွေ တွေ့ပြန်ပြီလဲ'

'အဟွန်း . . . ကို့သမီးက သင်တန်းကောင်းတစ်
ထပ်ပြောင်းချင်ပြီ နေမှာပေါ့ရှင့်'

ဖေဖေ့စကားအဆုံး ရတနာများအား ဈေးသန့်
နေရာမှ မေမေပြောတော့ ဝိုင်း လက်ကာပြလျက် . . .

'ဘာသင်တန်းမှ သမီးဆက်မပြောင်းတော့ပါ
မေမေရဲ့ အခုတက်နေတဲ့ အဝတ်အစား ဖက်ရှင်ဒီဇိုင်
သင်တန်းက သမီးတစ်ဘဝစာအတွက်ပဲ။ မကြာခင် ဒီဇိုင်
နာကောင်းတစ်ယောက်အနေနဲ့ ဖေဖေမေမေတို့ကို ဝင်
ရှာပေးတော့မှာ'

ရည်ရွယ်ချက်ကို ပြောပြမိတော့ မေမေပြုံး
စောင့်ကြည့်ရသေးတာပေါ့လေ သမီးရယ်ဆိုတဲ့ အပြုံး
ပါ။

ဖေဖေကသာ အလိုလိုက်တတ်သူပီပီ။

'ဒီစကားကြားရတာနဲ့တင် ဖေဖေတို့ဝမ်းသာလှ





ပြီကွယ်၊ ဒါဖြင့် သမီးက ဘာပြောချင်လို့လဲ'

'ဟိုလေ သမီးကားကို ကားအသစ်တစ်စီးနဲ့ ချိန်း
ပေးပါလား ဖေဖေနော်'

ဝိုင်း အားကိုးတကြီးပြောတော့ ဖေဖေအံ့သြသွား
လျက် . . . .

'ဟင် . . . သမီးကားက နီဆန်(၃/က)လေ
ဘာဖြစ်လို့လဲသမီး၊ ဝယ်ထားတာတောင် မကြာသေးတဲ့
ဘာ'

'ဟုတ်သားပဲ သမီး၊ ကားတစ်စီးချိန်းတယ်ဆိုတာ
ကိုယ်လိုချင်တဲ့ကားအတွက် ငွေသိန်းဂဏန်းအလိုက်ပေး
ရတာသမီး'

'ငွေမလိုက်လို့က ကားစုတ်ပဲပြန်ရမှာ'

စီးပွားရေးသမားမေမေက ဝင်ပြောတော့ ဝိုင်းမျက်
နှာလေး ရှုံ့မဲ့သွားရ၏။

သို့သော် ဆန္ဒကဖြင့် မလျှော့ခဲ့ချေ။

'ဟင့်အင်း မေမေရာ၊ သမီး ဒီကားကို မစီးချင်တော့
သို့ပါ။ ဖေဖေ့မှာက ကားပွဲစားမိတ်ဆွေတွေရှိတာ မဟုတ်ပါ
ဘူး နော် ဖေဖေ . . . နော်လို့'

'ကဲ . . . ကဲ မမြင့်၊ မင်းမပြောနဲ့ ပြော သမီးက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ကားမျိုးလိုချင်လို့လဲ'

'မက်ခ်တူးလောက်ဆို ဖြစ်ကယ် ဖေဖေ'

'အေး . . . အေး ရမယ်ကွာ ဟုတ်လား'

'ဟား . . . ဖေဖေ့ကိုဒါကြောင့်ချစ်တာ'

ဝိုင်းနှင့်ဦးလွန်းမောင်အား ဒေါ်မြင့်ခိုင် ခပ်သိုးသိုး ကြည့်ကာ . . .

'ဟွန်း . . . ရှင်ကြပ်ကြပ်အလိုလိုက်၊ ရှင့်ကြောင့် ခက်တယ်၊ ဝိုင်းစုနေ့ သမီး ကလေးမဟုတ်တော့ဘူး၊ တစ်လတစ်လ ပေးလိုက်ရတဲ့ သင်တန်းကြေး သူ မတက်ချင်တဲ့ သင်တန်းကိုမရှိတော့ဘူး'

'အာ . . . မေမေကလည်း ပထမသင်တန်းတွေ တက်တာက သမီးလေ့လာနေတဲ့အဆင့် တက်ထားသင့်တယ်ထင်လို့၊ ဒီသင်တန်းကတော့ သမီးဘဝတစ်သက်တာ ဆုံးဖြတ်ချက်နဲ့ ကြီးပွားအောင်လုပ်မဲ့ သင်တန်းပါ မေမေရဲ့'

'ကဲပါကွာ သွား . . . သွား ဖေဖေ ကားချိန်းပေးမယ် ဟုတ်လား၊ သမီးကျေနပ်တော့'

ဦးလွန်းမောင် စကားနည်းရန်ဆဲ ပအေနှင့်သမီးကို ခွဲထုတ်လိုက်၏။





ဝိုင်းပျော်ရွှင်စွာ အိမ်ပေါ်ပြန်တက်ခဲ့သည်။ မေမေ ပါးစပ်ကသာပြောပေမယ့် ပိုက်ဆံထုတ်ပေးမှာတော့ ဝိုင်း ဆဒင်မေးနေစရာမလိုချေ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဖေဖေဝယ်ပေးသော မက်ခ်တူး အဖြူရောင်က
လေးကို ကြည့်ပြီး ဝိုင်းစုအကျေနပ်ကြီးကျေနပ်နေမိသည်

ကားပုံစံကြည့်ယုံနှင့် တန်ဖိုးကိုလည်း ချက်ချင်း
မှန်းနိုင်လောက်အောင် အိစက်ညက်ညောနေသလို။

အထင်သေးမှုတွေနဲ့ ကြည့်တဲ့အဲဒီလူဆိုင်
ရောက်မှ ဒလကြမ်းဖြတ်မောင်းပြလိုက်မယ်ဟု ကြိမ်း
တဲ့အထိ။

ကိုယ့်ကို ဘာသဘောနဲ့ဒီလိုအကြည့်မျိုးနဲ့ ကြ
နေခဲ့ရတာလဲ။

အငုံ့ခံမဟုတ်တဲ့ မာနစိတ်က တင်းထလာ၏။





အားလုံးလည်းပြင်ဆင်ပြီးသွားပြီမို့ မမမီခိုင်မှာတဲ့ သစ်ခွခက်တွေကို ကားခေါင်းဘေးခုံမှာတင်ပြီး ကားကို မောင်းထွက်ခဲ့သည်။

ကားသစ်လေးမို့ထင်။ စိတ်ထဲမှာ မြှောက်နေခဲ့၏။

ပါရမီလမ်းမှ ကမ္ဘာအေးလမ်းအတိုင်း မောင်းလာခဲ့၏။ ကားလေးက ဝိုင်းစုရဲ့မောင်းနှင်မှုအောက်မှာ အလိုက်သင့်ပြေးလွှားနေသည်။

ဖေဖေ့အား စိတ်ထဲမှကျိတ်ပြီးကျေးဇူးတင်မိသည်။

ဝိုင်းစုအတွက် ဖေဖေဟာ လိုတရက္ကဆာသယရွှေဆောင်ကြီးတစ်ခုပါပဲ။

ရွှေဂုံတိုင်မီးပွိုင့်က လွတ်ပြီဆိုတာနှင့် တာမွေသွား ဆောင်ငါးထပ်ကြီးဘက် သူမချိုးကွေ့လိုက်ပါသည်။

ရှေ့ဆို ဟိုလူ့ဂွစာရဲ့ မားကတ်ရှေ့ရောက်တော့မည်။ ခပ်ကြမ်းကြမ်းဖြတ်မောင်းလိုက်မယ်။ ဒီလူကောရှိနေပါ့မလား။

ကလပ်နင်းဂီယာချိန်းကာ လီဗာကိုဖိအနင်း . . .

'ဒိုင်း'

'ဟိုက် . . . ဘုရားရေ သွားပြီ'

အံ့သြအံ့အားသင့်မှုက ဝိုင်းကနဲ သူမဆီရောက်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ အသေအချာ အံဝင်ခွင်ကျဖြစ်အောင် ဖန်တီး
လှျှင်တောင် ယခုလိုကွက်တိဖြစ်ချင်မှဖြစ်ပေမည်။

ယခုမူ ဝိုင်းစု ကားက ဘီးပေါက်ပြီး ဟိုတစ်နေ့
နေရာလေးမှာပဲ ရပ်တန့်သွားခဲ့ပါပြီ။

'ဟွန့်. . . သွားပြီ ဘီးပေါက်ပြီဆို ငါအလုပ်ရှုပ်
တော့မှာပဲ၊ ဒီလိုမှန်းသိ ဦးညိုကြီးခေါ်လာပါတယ် ငါ့နှ
နော်'

စိတ်ပျက်လက်ပျက် ညည်းညူကာ ကားတံခါး
ပြီး ဆင်းကြည့်တော့ ဘီးက ပုလင်းကွဲစကို နင်းမိပြီး သုံး
တော့ချေ။ ဘီးသစ်လဲရတော့မည်။

ဘီးအပိုအသင့်ပါလို့ တော်သေးပေမယ့် မိန်း
လေးတစ်ယောက်အတွက် ဒါဟာ မဟာစွန့်စားခန်းပေ

လမ်းလယ်ကောင်မှာ ဂျိုင့်ထောက်ဟယ်၊ ဘီးဖြု
ဟယ်နဲ့ တကယ့်ပြဿနာပင်။

မလုပ်လို့ကလည်း မဖြစ်ချေ။

ဒီလိုနှင့် စိတ်ပျက်စွာ ဘီးကိုကြည့်နေရာမှ အပို
နှင့် လဲဖို့စီစဉ်ရတော့၏။

✤ ✤ ✤

## အခန်း (၁၃)

ဒါဟာ တမင်စီစဉ်ပြီး အချက်ကျကျလုပ်တာ
ဘုံနိုး သေနေပါပြီ။

နေဟန်တို့က ဒီလိုအိုက်တင်တွေ အချိုးပေးတွေ
စိတ်မဝင်ဝင်စားအောင် အမျိုးမျိုးသရုပ်ပြ ဂုဏ်ပကာသန
တွေနဲ့ မြူစွယ်တာမျိုးလောက် နေဟန် မုန်းတာမရှိချေ။

မိန်းကလေးဆိုတာ ဣန္ဒြေသိက္ခာနဲ့ မိန်းကလေးပီ
သတာမျိုးပဲ ဖြစ်စေချင်သည်။

မလွှဲသာလို့ မားကတ်ဖွင့်ပြီး စီးပွားရှာနေပေမယ့်
ဟန်ပန်အမူအယာများလွန်းသူကိုတော့ သူရွံမိသလိုပါ။
ခုလည်း ကောင်မလေးတစ်ယောက် နေဟန်ထက်တော့
သိမည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့က ကားပျက်ချင်ဟန်ဆောင်လျက် သူ့ဆိုင်ရဲ့ရှေ့ကားလမ်းမကြီးအလယ်မှာ ဟန်ပန်အမူအယာတွေမခို့တရို့အမျိုးမျိုးလုပ်ပြကာ အိုင်တင်တွေပေးပဲများနေခဲ့၏။

ဟောဒီနေ့လည်းကြည့် ဝတ်ထားတော့ ခေတ်ပေါ်ဖဲသားထမီစတာတ်တွေဘာတွေနှင့်၊ ပြီးတော့ ဟန်လုပ်ပြီး ကားဘီးပေါက်ကို လဲဖို့ ကြိုးစားနေသည်။

ပြီးတော့ သူမဘာယ်လောက်ချမ်းသာတာပြတဲ့ ပုံစံမျိုးနဲ့ဟိုနေ့က ကားတစ်မျိုး၊ ဒီနေ့ကျတော့ စူပါမက်ခ်တူးကားနှင့်။ ဒါ နေဟန်ကျလာအောင် အမျိုးမျိုးမူယာမာယာတွေနဲ့ ဖြားယောင်းနေတာပေါ့။

အဝတ်အစားကျပြန်တော့လည်း ဟိုနေ့က ဖိုရိုဖားယား ဒီနေ့ကျပြန်တော့ ကြပ်သပ်လို့။ ရိုးရိုးယဉ်ယဉ်လေးသာ ဝတ်မယ်ဆို သူမမျက်နှာလှလှလေးနှင့် ဘယ်လောက်ကြည့်ကောင်းလိုက်မလဲ။

ကားဘီးမူလီတွေအား စတာက်ဝိုက်ဘာနှင့် လှည့်ဖြုတ်နေသော ဝိုင်းစုမှာ မိန်းကလေးအားနှင့်မို့ မူလီတစ်လုံးဖြုတ်ဖို့ အင်မတန်ကြိုးစားနေရသည်။

နဖူးပြင်ဆီ စို့လာတဲ့ ချွေးစများကို သုတ်ဖယ်ရှား





...မားကတ်ဆိုင်ကြီးရှေ့လှည့်ကြည့်မိတော့ သူမထင်...တဲ့အတိုင်းပါပဲ။ ဒီလူ ဝိုင်းအား မတူမတန်သလို ကြည့်...သာ မြင်လိုက်ရတာမို့ စိတ်ထဲခံပြင်းသွားမိသည်။

'တောက်. . . လူကိုများ သူ့ကိုလာမြူစွယ်နေတဲ့...အောက်မေ့နေသလား မသိဘူး ထွီ. . . ဝေးသေး'

လက်ပိုက်ပြီး အထင်သေးစွာကြည့်နေတဲ့ လူအား...မျက်နှာကိုမဲ့ပြစ်ပြီး အကြည့်ပါလွှဲလိုက်သည်။

သိပ် အောက်တန်းကျတဲ့လူ။

တယ်ပြီး စိတ်ထဲမှာ မကျေနပ်လှ။ မူလီတွေကိုသာ...တ်ရင်း သူမဒေါသကို မျိုချနေရသည်။

နဖူးပြင်မှာ ချွေးစေးတို့ကပြန်နေပြီ။ ဒီလူကြည့်နေ...တာက အသိသာကြီးပင်။

ထိုင်လိုက်ထလိုက် ကားဘီးမူလီတွေကို ခဲရာခဲဆစ်...လိုက်လုပ်နေတဲ့ သူမပုံစံက ဟန်ပြလုပ်နေပုံနှင့် မတူ...။ တကယ့်အခက်တွေ့နေတဲ့ပုံ။ နေဟန် ဆက်ပြီး...မနေတော့ဘဲ မှန်လုံရုံးခန်းထဲ ပြန်ဝင်လျက် လူ...တိုတီးနှိုပ်လိုက်သည်။

'ကလင်. . . ကလင်. . . ကလင်'

မရှေးမနှောင်းပင် ဒရိုင်ဘာကိုတူး အပြေးရောက်

www.burmeseclassic.com

www.burmeseclassic.com



လာကာ . . .

'ကိုနေ အပြင်သွားမလို့လား'

'မဟုတ်ဘူး ခိုင်းစရာရှိလို့ ကိုတူး'

သူ ပြောသင့်မပြောသင့် ချင့်ချိန်ယူနေမိ၏။ မိန်းကလေးတစ်ယောက်ကို အကြောင်းရှာပြီး ပတ်သက်ချင်နေသူလို့ ထင်သွားလေမလား။

ပြီးတော့ သူက အများကြည်ညိုလေးစားမှုခံ လုပ်ငန်းရှင်တစ်ယောက်။

အထူးသဖြင့် ဒီမိနီမားကတ်မှာ သူ့ဩဇာအာဏာကို အားလုံးရိုသေလေးစားကြသူတွေချည်းပါ။

ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်အတွက်နှင့် သူ့ကိုအထင်သေးစရာများ ဖြစ်သွားလေမလား စိုးရိမ်မိသည်။

သို့သော် သူမကြုံဆုံနေတာကလည်း ဟန်ဆောင်မှုမရှိနေတာအမှန်ပါပဲ။

ဆုံးဖြတ်လိုက်ကာ . . .

'တို့ မားကတ်ရှေ့မှာ ကားတစ်စီးဘီးပေါက်နေတယ်၊ အဲဒါ သွားလဲပေးလိုက်'

'ဟုတ်ကဲ့ ကိုနေ ဘယ်သူ့ကားလဲ'



'ဟာကွာ ဘယ်သူ့ကားဖြစ်ဖြစ် မင်းအမြန်ဆုံးသာသွားလဲပေးလိုက် ဟုတ်လား'

'အော် . . . ဟုတ်ကဲ့'

လေသံပြောင်းလာနေပြီမို့ ကိုတူး ဆက်မမေးဝံ့တော့ဘဲ မားကတ်ရှေ့ထွက်ခဲ့၏။

မားကတ်ရှေ့မှကားများလည်း တစ်စီးမှဘီးပေါက်မနေ။

'ကိုနေ ပြောတော တွေ့လည်းမတွေ့ . . . ဟာ'

ဘေးဝဲယာကိုအကြည့်ရွှေ့လိုက်မှ သူသဘောပေါက်မှုနှင့်အတူ အံ့လည်းအံ့ဩသွားပါသည်။

သိပ်လှတဲ့ကောင်မလေးတစ်ယောက်။ ကားအသစ်မက်စီဒီးလေး ဘီးပေါက်နေပါပကော။

'ဟိုက် . . . ကိုနေတော့ ဘာစိတ်ကောင်းဝင်ပြန်ပါလိမ့်ဟ'

'မိန်းမချောချောလေးတွေဆို ရူတည်တည်နေတဲ့သူကများ'

'အေးလေ ဘာပဲဖြစ်ဖြစ် သူကခိုင်းမှတော့ လုပ်ပေးရမှာ ငါ့တာဝန်ပဲလေ'

တူးမောင် ခြေလှမ်းခပ်သွက်သွက်ဖြင့် ကားလမ်းမ

www.burmeseclassic.com

www.burmeseclassic.com



ဆီ ထွက်ခဲ့၏။ အနီးရောက်မှ သူမမှာ ထင်မိထားတာထက် ပင်ပိုရှဲ့ချောနေမှန်းသတိထားမိခဲ့၏။

'အားပါးပါး ဒါကြောင့် ငါတို့ဆရာ ချာနေ~ရှာသွားတော့တာကိုး'

ကားဘီး လွယ်လွယ်ဖြုတ်မရတာကတစ်မျိုး။ ရှက်၍ထူပူနေဆဲမို့ ဝိုင်းစုခမျာ သူမအနား လူဟစ်ယောက်လုံး လာရပ်တာပင် သတိမထားလိုက်ချေ။

'ဟိတ်. . ညီမ အစ်ကိုကူပေးမယ်နော်၊ ပေး. . ပေး'

'ရှင်'

'ဟင်'

အသံရှင်ကြောင့် ဝမ်းသာအားရ ဝိုင်းစုလှည့်ကြည့်တော့ နှင့်လှမ်းကြည့်မိခိုက် သူမ ထင်မှတ်ထားတာနှင့် တက်တက်စင်အောင်လွဲသွား၏။

သူမလှမ်းအကြည့် မှားကတ်ထဲမှပုဂ္ဂိုလ် ရုတ်တရက်ပျောက်သွားတာမို့ မသိစိတ်က သူများလားလို့ ထင်မိလိုက်တာပင်။

'ဩော် ကျေးဇူးတင်လိုက်တာ အစ်ကို၊ ညီမလည်း ဘယ်လိုမှ ဖြုတ်မရဖြစ်နေလို့ပါ'





လက်ထဲက စပရင်ဒါကို ကမ်းပေးရင်း သူမပြော ာ့ တူးမောင်ပြုံးစစနှင့် ဆရာသမားဘက်က မျက်နှာ င်လိုက်သည်။

'ညီမကျေးဇူးတင်ရမှာက အစ်ကို့ကိုမဟုတ်ဘူးကွ၊ ကိုဘော့စ်က ညီမကိုလာကူညီပေးဖို့ အမိန့်ချလိုက်လို့'

'ဟင်. . . ဒါ. . . ဒါဖြင့်'

ဝိုင်းစု တအံ့တသြဖြစ်သွားမိသလို ဒီပုဂ္ဂိုလ်အပေါ် ည်း ချဉ်လည်းချဉ်သွားမိတဲ့အထိပါ။

သူကိုယ်တိုင် လာမကူညီနိုင်ရလောက်အောင် တို့က အညတရဖြစ်နေလို့လား။

ဥစ္စာရောဓနပါ မျိုးရိုးစဉ်ဆက်ဒိတ်ဒိတ်ကြဲ။

ဝိုင်းစုအား ချူချင်၊ ကမ်းချင်၊ လှမ်းချင်တဲ့ ပုရိသ မှ ခါချနေရတဲ့အဖြစ်။ ဒါတွေကို ဒီပုဂ္ဂိုလ် မသိလေရော့ လားကွယ်။

မင့်မခံ မာနစိတ်တို့ ချက်ချင်းရှန်းကြွလာခဲ့၏။

ဒါပေမယ့် သူမ နာရီဝက်နီးပါး စပရင်ဒါတစ်လက် အချွေးပြန်ခဲ့ရတာက ဒီပုဂ္ဂိုလ်ကြောင့်ပဲ ကင်းလွတ်ခွင့် တာပါလေ။

'ကဲ. . . ညီမ အိုကေသွားပြီ'



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတဲ့အချိန်လေးအတွင်းမှာပဲ တူးမောင်ဘာဘီး လဲပြီးသွား၏။

'ကျေးဇူးပဲ အစ်ကို၊ ဝိုင်းဘာသာလဲလို့ကတော့ ညမိုးချုပ်တောင် ဘီးဖြုတ်ရဦးမှာမဟုတ်ဘူး'

'အေးပေါ့ နပ်ခေါင်းတွေက ယောကျ်ားအားနဲ့ကြပ်ထားတာကိုး'

'ဝိုင်း သွားမယ်နော် အစ်ကို၊ သင်တန်းတက်ရဦးမှာမို့လို့'

'ဩော်. . . ဩော် ညီမက ဘာသင်တန်း တက်နေတာလဲ'

'ဖက်ရှင် ဒီဇိုင်နာပါ'

'ဟာ. . . ဒါဖြင့် ဟန်ကျတာပေါ့၊ အေး. . . အေးဒါဆိုရင်တော့ တို့တွေဆုံဖြစ်ကြဦးမှာ'

'ဟုတ်. . . ဝိုင်း သွားပြီနော်'

'အေး. . . ညီမ'

ဝိုင်းစု ကားလေး အဝေးရောက်သွားမှ တူးမောင်မားကတ်ထဲဝင်ခဲ့၏။

ရုပ်လေးလှသလောက် စကားပြောသွက်သွက်လေးနှင့် ဝိုင်းဆိုတဲ့ကောင်မလေး။ နေဟန် ဒါကြောင့်များ





သူ့အား စေခိုင်းခဲ့ခြင်းလား . . . .

'ဟား. . . ဆရာနေ့ ကောင်မလေးက တကယ့်အမိုက်စားလေးပါပဲလားဗျာ၊ တွေ့ထားတာကြာပြီလား'

မှန်လုံခန်းမို့သာ တော်တော့၏။ တူးမောင်အသံတ ပြလန်နေ၏။

'ဟေ့ကောင် ငါ စိတ်မဝင်စားဘူး၊ ဆိုင်ရှေ့မှာ အမူအယာမျိုးစုံနဲ့ ပဲများပြနေတာ ကြည့်မရလို့ပေ့'

'တောက်. . . ဘယ့်နှယ်ကွာ တစ်နေ့တစ်မျိုးကိုယ့်ရုပ်ကလေးမှ အားမနာ ဒိခြွေကိုမရှိဘူး'

နေဟန် ပျစ်ပျစ်နှစ်နှစ်ဝေဖန်ပစ်လိုက်တာဖြစ်သည်။

မိန်းကလေးတန်မယ့် ယောကျ်ားလေးတစ်ယောက်အပေါ် စိတ်ဝင်စားစေဦးတော့။ ဒီယောက်ဆိုးဝါးအောင် အမူအယာတွေ လုပ်မနေသင့်ချေ။

နေဟန်တို့က သဘောပေါက်နေပြီလေ။ အထင်မကြီးတဲ့အထဲမှာ ဒီလိုမိန်းကလေးမျိုးက ရှေ့ဆုံးမှာရှိနေသည်ပဲ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ထင်တဲ့အတိုင်း သင်တန်းရောက်တော့ ဝိုင်းစု နောက်ကျနေပြီ။

သစ်ခွပန်းခက်တွေပွေ့ပြီးဝင်တော့ မမမီခိုင်အပြုံး နှင့်ကြိုနေလို့ အနည်းငယ်တော့အသက်ရှုချောင်သွားလေ၏။

မမမီခိုင်က သဘောကောင်းသူဖြစ်ပေမယ့်လို့ တကယ်တမ်းသင်တန်းချိန်မှာ အချိန်တိကျသေချာလေ့ လာမှတ်သားမှု ကြိုက်သူပင်။

'ဟယ်. . ဝိုင်း သစ်ခွတွေလှလိုက်တာကွယ်၊ မမ အဲဒီသဘာဝ သစ်ခွခိုင်တွေအတိုင်း ပါတိတ်ဆင်ကတ်တ လောက်တွေထုတ်မှာ'

'မမကို ကွန်ပျူတာနဲ့ ဝိုင်းပဲ ဒီဇိုင်းထုတ်ပေးနော်





ဖြစ်လား'

'ဖြစ်ပါတယ် မမမီရဲ့၊ ဝိုင်း နောက်ကျတဲ့အပြစ် အတွက် လုပ်ပေးမှာ'

'အင်း. . . ဝိုင်း[illegible]တော့ နှစ်ကြိမ်ရှိပြီနောက်ကျတာ၊ နိုးမှ ရိုးရဲ့လားကွာ'

မမမီစကားကြောင့် ဒီပုဂ္ဂိုလ်ကိုမှ ဘာကြောင့် သတိရသွားမိပါလိမ့်။ မိန်းကလေးတစ်ယောက် အခက်အခဲ ဖြစ်နေတာ ကိုလက်ပိုက်ကြည့် နေစိမ့်နိုင်သူမို့ ချဉ်သွားမိတာ တော့ အမှန်ပါပဲ။

'ရိုးပါသတဲ့ မမမီရယ်၊ ဝိုင်း ကားဘီးပေါက်နေလို့ ပထမရက်ကလည်း ကားပျက်တာပဲ'

ဝိုင်းစုကတကယ်လည်း အေးအေးဆေးဆေး နေ တတ်သူမို့ မမမီက ဆက်မပြောတော့ဘဲ ကတ်တလောက် များ ဒီဇိုင်းဖော်နေတော့၏။

ဝိုင်းစုလည်း ကွန်ပျူတာတွင်ထိုင်ပြီး မမမီဒီဇိုင်းဖော် တဲ့ ပုံစံအမျိုးမျိုးကို ကွန်ပျူတာထဲဖမ်းသွင်းပေးရင်း ခဏ တာဖြစ်ပျက်ခဲ့သမျှတွေ မေ့လျော့သွားခဲ့သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

'ဝိုင်းရေ'

'ရှင်. . . မမမီ ဘာပြောမလို့လဲ'

ကွန်ပျူတာပိတ်ပြီးထလာသော ဝိုင်းစုကို မမမီ

အပြုံးနှင့်ကြည့်လျက် . . .

'မိနီမားကတ် ဘော့စ်တစ်ယောက်က ဒီဇိုင်နာတ

ယောက်လှမ်းခေါ်တောင်းနေပြီ ဝိုင်းရဲ့၊ အဲဒါ ဝိုင်းအတ

နောက်ကျနေလို့ မတွေ့လိုက်တာ'

'ဟင်. . . ဟုတ်လား ဒါဖြင့် မမီဘယ်သူ့လွှတ်

လဲ၊ ဝိုင်းကိုတော့ မလွှတ်နဲ့ဦးနော်၊ ပညာတွေ မမမီဆီ

မစုံသေးဘူး'

ဝိုင်းက အယူအဆကြီး၏။ ဒီဇိုင်နာကောင်းတ

ယောက်အဖြစ် အောင်မြင်အောင်ကြိုးစားချင်သေးသည





'ဟင့်အင်း. . . မမမီတော့ ဝိုင်းကိုပဲမြင်တော့တယ် ကွာ၊ အဲဒီဘော့စ်က ဝယ်လက်အရမ်းလိုက်တဲ့ စက်ရုံတွေရှိ သားတယ်၊ မားကတ်ကလည်း အတော်အရောင်းလိုက် တာကွ၊ ဝိုင်း သူ့လက်စွဲ ဒီဇိုင်နာဖြစ်ရင် အောင်မြင်ပြီပဲ'

'ညွှန်းလှချည်လား မမရယ်၊ ဝိုင်း မမတို့လက်ကခွဲ သို့ မဖြစ်သေးပါဘူးလေ'

'အဲဒါ ဝိုင်း ကိုယ့်ဘာသာနှိမ့်ချနေတာပါကွာ၊ သုဇနဂါးဒင်းမှာလုပ်တဲ့ ဝိုင်းရဲ့အထည်ဆန်းဖက်ရှင်ပွဲမှာ သူတော်တော်များများ သဘောကျသွားတာ ဝိုင်း၊ ဖန်တီး နိုင်ဝိုင်းကို ကုမ္ပဏီမားကတ်တော်တော်များများက အော်ဒါ ပိတ်နဲ့လိုချင်နေကြပြီကွ'

'ဟုတ်လို့လား မမမီရယ် တကယ်သာဆိုရင်တော့ ဝိုင်း သိပ်ကိုပျော်သွားမှာ'

သူမရင်ထဲဖြစ်တည်လာသော အပျော်များက ဘာနှင့်မှ နှိုင်းယှဉ်လို့မရနိုင်ခဲ့ချေ။

ဒါတင်မက ကြိုးစားမှုရဲ့ရလဒ်ပင်။

'မမတကယ်ပြောနေတာ ဝိုင်း၊ မားကတ်မန်နေဂျင်း ချိတ်တာတစ်ယောက်ကတောင် ဝိုင်းကိုသူတို့ကုမ္ပဏီ အတွက် ကမ်းလင့်သွားပြီကွဲ့'

www.burmeseclassic.com

www.burmeseclassic.com



'လာမယ့်ဆန်းဒေးမွေးနေ့ပွဲမှာ ဝိုင်းနဲ့လူချင်းတွေ့ပြီး အလုပ်ကိစ္စဆွေးနွေးလိမ့်မယ်၊ မမမီတောင် ဝိုင်းကိုအားကျလာပြီကွာ'

'မမမီတို့ ငကျေးရူးကြောင့်ဖြစ်လာရတာပါ မမမီရယ်'

'ဝိုင်းရဲ့စိတ်ကူးဒီဇိုင်းသစ် ဖန်တီးမှုကြောင့်လည်း ပါတာပေါ့ကွဲ့၊ မမတို့ဆီမှာ သင်တန်းသာပြီးသွားတယ် ဘာမှ မထူးခြားတဲ့သူတွေပဲ့လို့'

'အဟင်း မမမီသိပ်လည်း မြှောက်မနေပါနဲ့၊ တဲ လက်စသတ်တော့ ဝိုင်းအပြင်မှာ တစ်ခုခုကျွေးမယ်'

'ဒီလိုပြောဖော်ရတာပဲ ကျေးရူးတင်လှပါပြီကွယ် မမမီ မစားတော့ပါဘူး'

'ဒါဖြင့် ဝိုင်းပြန်မယ်နော်၊ မေမေနဲ့ဖေဖေတို့ကို ပြန်ကြွားရဦးမယ်'

'အို့ကေ ဝိုင်း'

မက်ခ်တူးကားလေးနှင့်အပြိုင် ဝိုင်းရဲ့အပျော်စိတ်များက ပြေးလွှားနေပါတော့၏။ အောင်မြင်တဲ့ ဖက်ရှင်ဒီဇိုင်နာဖြစ်ဖို့ဆိုတာ လွယ်တာမှမဟုတ်ဘဲလေ . . .

'တီ . . . တီ . . . တီ'

'ဝေါ'



ပေါ်တီကိုအောက်မှာ ကားထိုးရပ်ပြီးတာနှင့် ဝိုင်းဧည့်ခန်းထဲပြေးဝင်ခဲ့သည်။

'ဟဲ့ . . . သမီး ဝိုင်း ကားအမြန်မောင်းပြီး ဘယ်လိုများ ဖြစ်လာတာလဲကွယ်'

သိုးမွေးဆွယ်တာထိုးရင်း ဒေါ်မြင့်ခိုင်က သမီးဖြစ်သူအား ရင်ဘတ်ဖိပြီးပြော၏။

'အန် . . မေမေကလည်း သမီးဆို ကောဖို့လောက်ပဲ သမီးက ဝမ်းသာလာလို့'

'ဟဲ့ . . . မိဘကိုဒီလိုပဲ ပြောရသလား'

'ဟွန့် . . . မေမေက ဆီးဆူတာကိုး၊ တော်ပြီ ပြောပြချင်တော့ဘူး'

မှတ္တဇင်းဖတ်နေသောဦးလွန်းမောင် မနေသာတော့။

'မြင့်ကလည်းကွာ၊ ကဲ . . . သမီးပြောစမ်း၊ ဘာများဝမ်းသာစရာ ဖြစ်လာလို့လဲ'

ဒီတော့မှ ဖေဖေ့ဘေးနားဝင်ထိုင်ပြီး ဝိုင်းမျက်နှာလေးလဲ ပြုံးရွှင်သွားရကာ . . .

'ဟွန့် . . . ဖေဖေ့လိုလိမ္မာမှပေါ့ မေမေရဲ့၊ သမီးကနောက်ဆို ဒီဇိုင်းသစ်တီထွင်သူဆိုပြီး ဝင်ငွေတွေရတော့မှာမေမေရ'

www.burmeseclassic.com



'အံ့မယ် ကြီးကျယ်လို့တော်'

ပြောသာပြောရသည်။ တစ်သက်လုံး အလိုလိုက်ထားပြီး အချစ်ပိုခဲ့ရသော သမီးချောမို့ ဒေါ်မြင့်ခိုင် စိတ်တော့အလျှော့မဆိုးမိချေ။

'ကဲပါကွာ မင်းကလည်း သမီးပြောတာများ နားထောင်စမ်းပါဦး'

'ဒီလို ဖေဖေရဲ့ သမီးထွင်ချုပ်ထားတဲ့ အထည်ဖက်ရှင်ဒီဇိုင်းတွေကို ကုမ္ပဏီတစ်ခုက သဘောကျသွားလို့တဲ့ အဲဒါ သမီးကို ဒီဇိုင်နာအဖြစ်လာငှားနေပြီတဲ့၊ နောက်ဆို သမီး ဖေဖေတို့ကို လုပ်ကျွေးလို့ရပြီ'

'ဟေ... ဟုတ်လား ဝမ်းသာလိုက်တာကွာ'

'တွေ့လား အမြင့်၊ ငါ့သမီး ဘယ်လောက်အစွမ်းအစရှိတယ်ဆိုတာ မင်းမြင်ပြီမို့လား၊ ဟား... ဟား'

'အိုတော် ဟိုက မျက်စိမှားပြီးများ သဘောကျသွားတာများလားမှမသိ'

'အာ... မေမေနော်'

'ဟင်း... ဟင်း မေမေကစတာပါ သမီးရယ် သမီးအောင်မြင်တယ်ဆို ဝမ်းသာတာပေါ့၊ သမီးလုပ်စာ မေမေတို့ မစားချင်ပါဘူးကွယ်'



'ဟုတ်တယ်လေ ဖေဖေတို့ပိုင်ဆိုင်သမျှဟာ သမီးတစ်သက်ထိုင်စားအုံးတော့ မကုန်ဘူး၊ ငါ့သမီးဆန္ဒရှိနေလို့သာ ဒီသင်တန်းတွေ တက်ခိုင်းရတာ'

'အာ... ဖေဖေကလည်း သမီးဖေဖေတို့ချမ်းသာတာ သိပါတယ် ဖေဖေရဲ့၊ သမီးဘဝအောင်မြင်မှုတွေနဲ့ ဆိုတည်ချင်တာ'

'ဒါ... သိပ်ကောင်းတဲ့ရည်ရွယ်ချက်ပေါ့ သမီးရဲ့၊ ကဲ သမီးရေသွားချိုး၊ ဖေဖေတို့ထမင်းစားဖို့ သမီးကို စောင့်နေတာ'

'ဟုတ်... ဖေဖေ'

အိမ်ခန်းထဲပြေးဝင်သွားတဲ့ သမီးချောကို ကြည့်ပြီး ဦးထွန်းမောင်ရော ဒေါ်မြင့်ခိုင်ပါ ဝမ်းသာပီတိဖြစ်နေမိ၏။

သမီးလေးမှာ ထက်မြက်တဲ့စိတ်စွမ်းအားနဲ့ ကြိုးစားမှုတွေ ရှိနေတာ မိဘဖြစ်တဲ့သူတို့ မသိဘဲနေမလားလေ။ သမီးအတွက် ဝမ်းသာဂုဏ်ယူမိသည်ပေါ့။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

'ဘယ်လိုလဲ ကိုနေ ဖက်ရှင်ဒီဇိုင်း သဘောကျရဲ့…လား။ ဒါမျိုးဖန်တီးပေးနိုင်တဲ့ ဒီဇိုင်နာတစ်ယောက်လောက်… ရှိထားရင် ကျွန်တော်တို့ကုမ္ပဏီ တစ်ရှိန်ထိုးနာမည်တက်… သွားမှာအမှန်ပဲ'

'ကျွန်တော် သဘောပေါက်ပါတယ် ဝယ်လ… ကပ်စတန်မာတွေ ဒီအကျီဒီဇိုင်းတွေ့တာနဲ့ သဘောကျမှ… အမှန်ပဲ၊ ဒါပေမယ့် သူများဦးပြီးသားကို ကိုယ်ကဆွဲခေါ်… ဘယ်ဖြစ်မလဲ ကိုညီသက်'

နေဟန့်စကားကို ညီသက်သဘောကျစွာ ရယ်… မန်နေဂျာနှင့် ကုမ္ပဏီပိုင်ရှင်ဆိုပေမယ့် ညီသက်အ… နေဟန်နှင့်ငယ်ပေါင်းမို့ စိုးရွံ့မှုရှိနေဖို့ မလိုချေ။



နေဟန်ကလည်း သူဌေးဆိုကာ အဆင့်ခွဲခြားမှု …မရှိချေ။ လွတ်လပ်စွာ တိုင်ပင်ဆွေးနွေးလို့ရ၏။

'စီးပွားရေးလောကမှာ ဟိုဒီငဲ့နေလို့ မဖြစ်ဘူး ကိုနေ၊ …ကိုယ်က သူတို့ထက် ငွေပိုပေးလိုက်ရင် ကျွန်တော် …တို့ဘက်ပါမှာ'

'မျက်နှာပျက်စရာတွေ ဖြစ်နေပါ့မယ်ဗျာ'

စိုးရိမ်စွာ သူပြောမိ၏။ စီးပွားရေးဆိုပေမယ့် ကိုယ့် …အပေါ် အမြင်စောင်းပြီး ကဲ့ရဲ့ခံရမှာတော့ ကြောက်မိတာ …အမှန်။

'ဒီအတွက် မူမနေနဲ့ကိုနေ၊ ကျွန်တော်ကိုယ်တိုင် …နဲ့တွေ့ပြီးပြီ၊ ဒီဇိုင်နာက မိမိုသင်တန်းဆင်းလေး၊ လာမယ့် …ခန်းဒေးမွေးနေ့ပွဲမှာ လူချင်းတွေ့ပြီး ကုမ္ပဏီအတွက် …ထားပြောရုံရှိတော့တာ'

ညီသက်ကတော့ စေ့စပ်သေချာသူပီပီ အပိုင်ပြော …ပြီ။

သူကိုယ်တိုင်လည်း ဖန်တီးရှင် (အထည်အကျီ …ဇိုင်)နာကို သဘောကျနေပြီမို့။

'ကောင်းပြီလေ ဒါဆိုလည်း ကြိုးစားကြည့်ဦးပေါ့၊ …ဝင်ခက်ခဲနေရင်တော့ နေပါစေ ကိုညီသက်ရာ၊ ဒီလိုဒီဇိုင်

www.burmeseclassic.com

www.burmeseclassic.com



နာ ဖန်တီးသူမျိုးရရင်တော့ ကျွန်တော်တို့ကုမ္ပဏီ ဝယ်လက်
အသစ်တွေနဲ့ အောင်မြင်မှာအမှန်ပဲ'

'ဒါပေါ့ ကိုနေ၊ ဒီနေ့ခေတ်က ပုံဆန်းထွင်နိုင်မှ ဈေး
ကွက်နယ်မှာ တော့ပ်ဖြစ်မှာ'

'ကျွန်တော် အားကိုးတယ်ဗျာ၊ ဒီ ဒီဇိုင်းဖန်တီးရှ
လေးသာရ၊ ကြိုက်တဲ့နိုင်ငံမှာ စိန်ခေါ်ပြီး ဈေးကွက်ရှာ
တယ်၊ မစ္စတာလီ သိရင်လည်း သိပ်ဝမ်းသာမှာ'

စကားပြောရင်းမှ ကျေးဇူးရှိခဲ့ဖူးတဲ့ ဆရာမစ္စတ
လီကိုဖြင့် နေဟန် သတိတရရှိလိုက်မိသည်။

နေဟန်တို့ မောင်နှမနှစ်ယောက် ခုလိုကုမ္ပဏီလု
ငန်းရှင်အဖြစ်နဲ့ ကြီးပွားချမ်းသာလာခြင်းမှာ မစ္စတာလီ
ကူညီပံ့ပိုးမှုနှင့် အကြံဉာဏ်ပေးမှုတွေ အများကြီးရှိနေ
သည်။

ဒီကျေးဇူးတွေ သူဘယ်လိုများ မေ့ထားနိုင်မှာ
လဲလေ။ မိဘနှစ်ပါးတိမ်းပါးသွားပြီးတဲ့နောက် ပညာ
တစ်ပိုင်းတစ်စနှင့်သူတို့ မောင်နှမနှစ်ယောက်ရဲ့ဘဝ
အပြောင်းလဲကြီးပြောင်းလဲအောင် ဖန်တီးပေးခဲ့သူ
မစ္စတာလီပဲဖြစ်သည်။

နှီးမှီးသာဆို တက္ကစီသမားဘဝနှင့် သူဘယ်လော



များ ခါးချည့်အောင် မောင်းနေရဦးမည်မသိချေ။

ခုတော့ ညီမဖြစ်သူလည်း ဘွဲ့ရလို့စီးပွားရေးပင်
ဦးစီးထူထောင်နေနိုင်ခဲ့ပြီ။ အားမာန်ရှင် ရေသန့်စက်ရုံဆို
မန္တလေးမှာ မသိသူမရှိသလောက် အောင်မြင်မှုရနေခဲ့ပြီ။

သုံးလေးနှစ်အတွင်းမှာပဲ သူတို့မောင်နှမနှစ်
ယောက် ဘဝ အပြောင်းလဲကြီးပြောင်းလဲခဲ့တာ ဒီကျေးဇူး
တွေ သိတတ်ပြီး တစ်ဖက်နိုင်ငံက မစ္စတာလီစေခိုင်းသမျှ
သူ တသွေမတိမ်းလိုက်နာ လုပ်ဆောင်ခဲ့၏။

နေဟန် ဖက်ရှင်စတိုင်မီနီမားကတ်အောင်မြင်မှုရ
နေရာမှ ခုတလော ရောင်းအားကျနေသဖြင့် အထည်ဆန်း
တီထွင်ဖန်တီးသူ ဒီဇိုင်နာကို အမြန်ရှာဖွေနေရခြင်းဖြစ်
သည်။

တိုးတက်နေတဲ့ခေတ်မှာ ကိုယ့်ဈေးကွက်တွင်
ကျယ်နိုင်ဖို့ ဒါဟာ အရေးအကြီးဆုံး အချက်ပင်။

ခေတ်နောက်ကျနေလို့မဖြစ်။ မန်နေဂျာညီသက် က
ပြောမည်ဆိုနေဟန်အားအကိုးရဆုံး။ သူ့ပထမမားကတ်
ဈေးကွက်ရအောင် ညီသက်ပဲဖန်တီးရှာဖွေပေးခဲ့ သည်။

ဒါကြောင့် ညီသက်ကိုသာ မားကတ်အတွက် အမိ
ကတာဝန်လွှဲထားလိုက်ကာ သူကိုယ်တိုင်ကတော့ ဆိုင်ရဲ့

www.burmeseclassic.com



အမည်ခံရုံနဲ့ အိပ်စပို့ဈေးကွက်မှာသာ အခိုကလှုပ်ရှားခဲ့ခြင်းဖြစ်သည်။

✤ ✤ ✤



## အခန်း (၁၇)

'တီ တီ တီ'

'ဟဲလို ပြောပါရှင် ဝိုင်းစုပါ'

'× × × × × ×'

'ဪ မမမီပြောလေ ဘာများလဲ'

'× × × × × ×'

'ရှင် . . အဲဒီအကျီအဆင်နဲ့ ဝိုင်းကိုယ်တိုင်ဖက်ရှင်ရှိုးမှာ ဝတ်ပြရမယ်၊ ဝိုင်း မဝတ်ရဲပါဘူး မမရယ်၊ မော်ဒယ်လ်တွေပဲ ဝတ်နိုင်းလိုက်ပါ'

'× × × ×'

'ဪ မမိနိုင်ကတော့ မြှောက်နေပြန်ပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း. . . အင်း ဟုတ် ဒါဖြင့်လဲ ဝိုင်း ဝတ်ပြလိုက်ပါ့မယ်။ ဒါနဲ့ ဖေဖေနဲ့ မေမေပါ ဝိုင်းခေါ်ခဲ့မယ်လေ၊ ဖေဖေတို့ကို ဝိုင်း ကြွားချင်လို့'

'× × × ×'

'ဟင်း. . . ဟင်း ခစ်ခစ် ဟုတ်၊ ဒါပဲနော် မမမီနိုင် ဟုတ်. . ဟုတ်'

တယ်လီဖုန်းချလိုက်ပြီးတာနှင့် ဝိုင်းအပေါ်ထပ် မဖေဖေမေမေတို့ အခန်းသို့ အပြေးတက်ခဲ့သည်။ ရင်မှာ အပျော်လှိုင်းလေးတွေက အပြည့်နှင့် . . .

'မေမေ မေမေ ဖေဖေ'

'ဟဲ့ ဟဲ့ သမီးဝိုင်း၊ အလန့်တကြားကွယ်'

ဒေါ်မြင့်နိုင် ရတနာတွေချေးချွတ်နေရာမှ သမီးမျက်နှာကိုကြည့်ကာပြော၏။ ဦးလွန်းမောင်က အနားက ဆက်တီမှာ ဂျာနယ်တစ်စောင်ဖတ်နေရင်းမှ . . .

'ဘာလဲ သမီး ဘာအရေးကြီးကိစ္စပေါ်လာပြန်ပြီလဲ ကွယ့်'

'ဟွန့်. . . ဖေဖေ့လို အလိုက်သိမှပေါ့ မေမေရဲ့ ဒီလို ဖေဖေရ မမမီဖုန်းဆက်လို့'

'ဘာတဲ့လဲ သမီး'





'ဟိုလေ သမီးဒီဇိုင်းထုတ်တဲ့ ဖက်ရှင်အထည်ဆန်း…သနဲ့ မွေးနေ့ဖက်ရှင်ရှိုးပွဲမှာ သမီးကိုယ်တိုင် ဖက်ရှင်ရှိုး…တ်ပြီး လမ်းလျှောက်ပြရမယ်တဲ့ ဖေဖေ၊ သင်တန်းမှူး မမမီ…ခဲ့ ဖုန်းဆက်ပြောတာ'

'ဟေ. . . ငါ့သမီးက တယ်ဟုတ်ပါလား ဒါဖြင့် …ာ်ဒယ်လ်ငှားပြီး မသုံးတော့ဘူးပေါ့'

'ဟုတ်တယ် ဖေဖေ၊ ဖက်ရှင်အကျီက ဂါဝန် …တိုင့်လ်ဆိုတော့ သမီးအရပ်အမောင်းနဲ့ သမီးမျက်နှာ…က်နဲ့မှ လိုက်မယ်လို့ မမမီပြောတယ်'

'သမီးရယ် ဖြစ်ပါ့မလား၊ စင်ပေါ်မှာ ဖက်ရှင်ရှိုးဝတ်…း လျှောက်ပြတာ လွယ်တာမဟုတ်ဘူးနော်၊ တော်ကြာ…ယွင်းနေမှဖြင့်'

'ဟာကွာ မင်းကလည်း ငါ့သမီးများ အထင်သေး…'

ဦးလွန်းမောင် သမီးဖြစ်သူအလှနှင့် အစွမ်းကိုသိ…သည်။ ဝိုင်းကလဲ အားကျမခံ။

'ဟုတ်ပါ့ မေမေက မယုံဘူးပေါ့၊ ဖက်ရှင်ရှိုးက…နာပါ မေမေရယ်၊ သင်တန်းမှာ သမီးတို့ချုပ်၊ သမီးတို့…ရင်ဝတ်ကြည့်ပြီးမှ မော်ဒယ်လ်တွေခါးပေါ်ရောက်တာ



www.burmeseclassic.com

www.burmeseclassic.com



မေမေရဲ့ စင်ပေါ်လျှောက်ပြတာတော့ သူတို့စတိုင်
အတုနိုးရမှာပေါ့လေ'

ကြွေရုပ်ရုပ်လေးနှယ် လှသွေးကြွယ်နေသော သမီး
ဖြစ်သူက စိတ်ချယုံကြည်စွာနှင့် ပြောနေတော့ ဒေါ်မြင့်နို
လည်း မတားချင်တော့။

'အင်းလေ သမီးအဆင်ပြေမယ်ဆို ပြီးတာပဲ၊ မေမေ
က သမီးစင်ပေါ်မှာ အမှားအယွင်းနဲ့ မလျှောက်ရဲဖြစ်နေ
စိုးလို့'

'အိုကွာ ငါ့သမီးကို လျှော့မတွက်နဲ့ အမြင့်၊ အဲ
ငါနဲ့တူလို့ကွ မှတ်ထား၊ မင်းနဲ့တူလို့ကတော့ အိမ်တွင်းပုန်း
ပဲဖြစ်မှာ၊ ငါတို့သမီးရည်းစားတုန်းကတောင် . . .'

'တော်. . . တော် ကိုလွန်း ကလေးကလား သမီး
ရှေ့မှာ'

'ဟော. . . ဟော မေမေကြီး ရှက်နေပြီတေ
ကရော်. . . ကရော်'

'ဟဲ့. . . သမီးနော် မအေကို'

'ဟား. . . ဟား. . . ဟား'

မိသားစုအခန်းလေး ရယ်မောသံများဖြင့် ပျော်ရွှင်
နေခဲ့ကြသည်လေ။

ဝိုင်းစုကတော့ ကာယကံရှင်မို့ အပျော်ဆုံးပေါ့။ ဒီပွဲ
ဟာ ဝိုင်းအတွက် ပထမဆုံးရည်မှန်းခဲ့တဲ့အောင်မြင်မှုပွဲပါ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

'တီ တီ'

'ကျွီ'

'အန်တီ ဝိုင်း အဆင်သင့်ဖြစ်ပြီလား'

'ဟယ်. . . မီမီ၊သမီးရေ သမီးမမမီရောက်နေပြီ ဟေ့'

'ဟုတ်. . . ဟုတ် မေမေ လာပြီ'

မှန်ရှေ့မှာ စိတ်တိုင်းကျရှေ့နောက်ဝဲယာ အလှ ကြည့်ပြီးမှ ဝိုင်းအောက်ထပ်သို့ဆင်းခဲ့၏။

ဝိုင်းကိုမြင်တာနှင့် မမမီခိုင်ပင် အသံထွက်ပြီး ချီးကျူးရတော့သည်။





'ဟယ်. . . ဝိုင်းလေး မမလူရွေးတောင်အင်မတန် ဆတ်ကျသွားပြီနဲ့တူပါရဲ့၊ ဒီဂါဝန်ဝတ်စုံလေးနဲ့ ဝိုင်းအရမ်း နေတော့တာ'

'ဟယ်. . . မမမီကတော့ လူကိုမြင်ရင် မြှောက် ယ်ဆိုတာချည်းပဲ၊ တကယ်ဟုတ်လို့လား'

'တကယ်ပြောတာပေါ့လို့'

ဖဲသားဝမ်းဆက်ဂါဝန်လေးနှင့် လှချင်တိုင်းလှနေ သာ ဝိုင်းကို ဖေဖေနဲ့ မေမေရော ကျေနပ်စွာပြုံးကြည့်နေ ကြသည်။

အကျီဒီဇိုင်းရော ဂါဝန်ဒီဇိုင်းပါ ဝိုင်းစုဖန်တီးယူထား သမို့ သမီးရဲ့ဖန်တီးမှုကိုရော သမီးရဲ့အလှကိုပါ ကျေနပ် သည် . . .

'ဖေဖေနဲ့ မေမေ သမီးလှရဲ့လားဟင်'

'လှလိုက်တာ သမီးရယ် ဒါနဲ့ ပွဲချိန်နီးနေပြီနော် အတူ သွားကြတော့မလား'

'နာရီဝက်လောက် အကြာကြီးထိုင်နေရဦးမှာ ရဲ့၊ သမီးရှက်တယ်'

'ဩော် ဝိုင်းကလည်း မမမီတို့ရှိနေမှာပဲဟာ၊ အမ်နေဂျာတွေနဲ့ပါ စကားပြောရဦးမှာဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



စောစောရောက်ထားတော့ ကောင်းတာပေါ့'

'ဒါပေါ့ သမီး၊ သမီးဝိုင်းက နောက်ဆို ဖန်တီးရှ
အနေနဲ့ ကြီးကဲသူတွေနဲ့ ဆက်ဆံရတော့မှာနော်၊ အိမ်မှ
လိုပေါ့ပျက်ပျက်လုပ်မနေနဲ့'

'ဟုတ်ကဲ့ပါ ဖေဖေရဲ့'

'ကဲ. . . ကဲ သွားကြစို့၊ ဦးနဲ့အန်တီရော ဝိုင်း
ကားအတူတူစီး လိုက်ကြပေါ့၊ မီမီက ရှေ့ကသွားနှင့်မယ်'

'အေး. . . အေး တူမကြီး'

ကားလေးနှစ်စီး ရှေ့ဆင့်နောက်ဆင့် ထွက်ခဲ့ကြ
၏။

ဝိုင်းရင်ထဲမှာတော့ အောင်မြင်မှုအတွက် အရေး
များစွာနှင့် မမမီကျေးဇူးကြောင့် သူမဒီအထိ အောင်မြ
ခဲ့တာပါ။ ခုဆို အထည်ချုပ်ကုမ္ပဏီတွေ တော်တော်များ
များက ဝိုင်းကို သဘောကျနေကြပြီတဲ့။ ရှေ့လျှော
အောင်မြင်နေနိုင်ဖို့ သူမကြိုးစားရပေဦးတော့မည်။

❖ ❖ ❖



## အခန်း (၁၉)

စင်ပေါ်မှတစ်ယောက်ပြီးတစ်ယောက် မော်ဒယ်
လေးများ အထည်ဆန်းမျိုးစုံနှင့် ဖက်ရှင်ရှိုးလျှောက်ပြနေ
ကြလေ၏။

စတိတ်စင်ရှေ့ အထူးတန်းဝယ် အထည်ချုပ်တော်
တော်များများရဲ့ သူဌေးများ မမှိတ်မသုန် အကဲခတ်နေကြ
၏။

နေဟန်နှင့် မန်နေဂျာညီသက်တို့လည်း စတိတ်စင်
ကိုအကဲခတ်လျက်ရှိနေသည်။

'ဟော. . . ဟော ကိုနေ အဲဒါ ကျွန်တော့်စာချုပ်
ချုပ်မယ့် ဒီဇိုင်နာပဲဆရာ၊ နံပါတ်ရှစ်လေ မသိဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟား. . . ကိုညီသက် ကျွန်တော် ခင်ဗျားကို လုံးဝ
လေးစားသွားပြီဗျာ၊ ဒီလို အဆင်ဆန်းသာရစေ၊ ကျုပ်တို့
ဈေးကွက်မှာတော့ စာရင်းဝင်သွားမှာ အမှန်ပဲဗျ'

မော်ဒယ်ရော၊ အထည်ဖက်ရှင်ရော ကြည့်လိုက်
တာနှင့် အသွင်ဆန်းပြီးတစ်မျိုးကြည့်ကောင်းနေသည်မို့
နေဟာန် အတော်ကြာတဲ့အထိ ငေးကြည့်နေမိသည်။

'မပူပါနဲ့ ကိုနေ၊ မမမီရဲ့သင်တန်းက ဒီဇိုင်နာလေး
ကျွန်တော်တို့က ကုမ္ပဏီအားလုံးထက် သာနေပါတယ်ဗျာ
စိတ်သာချနေ'

'အိုကေ. . . ကိုညီသက် ဒီ ဒီဇိုင်နာသာရစေဗျာ
ကျွန်တော် ငွေဘယ်လောက်ခင်းရခင်းရ ခင်းရဲပါတယ်၊ ဖဲ
ကျွန်တော်ပြောသလို ဖြစ်အောင်လုပ်ခဲ့၊ ကျွန်တော် သွား
မယ်'

နေဟာန်ထွက်သွားသည်နှင့် ညီသက် ဧည့်ခံစားပွဲ
ဝိုင်းများဘက် ထွက်လာခဲ့၏။

ဖက်ရှင်ဒီဇိုင်းရှင်ဆရာမ မီမီခိုင်နှင့်တွေ့ဖို့ပင်။

သူရောက်သွားတော့ မော်ဒယ်ရော မီမီကပါ
အသင့် ကြိုဆိုနေကြ၏။

'ဟော. . . ကိုညီသက် ရောက်လာပြီကိုး၊ လာ



…ဆိုင်ပါရှင့်'

'ဟုတ်ကဲ့. . . ခင်ဗျာ'

'ဪ. . . ဝိုင်းရေ ဝိုင်းနဲ့မိတ်ဆက်ပေးရဦးမယ်၊
…ဒါ ဝိုင်းကိုငှားမယ့် ကုမ္ပဏီမန်နေဂျာပေါ့၊ ကိုညီညီသက်တဲ့'

'ဟုတ်ကဲ့ရှင့်'

'ကိုညီသက် ဒါ ကျွန်မရဲ့သင်တန်းဆင်း ဒီဖက်ရှင်
…တိုင်လေးရဲ့ ဖန်တီးရှင်ပေါ့ ဝိုင်းစုတဲ့၊ ဒါက ဝိုင်းစုရဲ့
…သဖေနဲ့ မေမေပေါ့'

'ဟုတ်ကဲ့ ခင်ဗျာ၊ တွေ့ရတာဝမ်းသာပါတယ်၊ ဒီက
…ဝိုင်းစုကိုတော့ သိပ်ကို အထင်ကြီးသွားပြီဗျာ'

ညီသက် ဟန်ပင်မဆောင်နိုင်စွာ ထုတ်ပြောမိတဲ့အ
…ထိ ဖြစ်သွား၏။

ငယ်ငယ်ရွယ်ရွယ်နှင့် ဒီဇိုင်နာသာမက ရုပ်လေးက
…ည်း မှန်နေအောင် ချောမောသူလေးပင်။ ဒီနေ့စတိတ်
…င် လျှောက်ခဲ့သူ အားလုံးထဲမှာ သူမအလှလေးက ဖူးဖူး
…ငင်းလေး ပေါ်လွင်နေခဲ့တာပဲ။

ဟန်မဆောင်စွာ သူထုတ်ချီးကျူးတော့ သူမလေး
…ါ အံ့ဩသွားဟန်နှင့် ။

'ရှင်. . . ဘာ. . . ဘာလို့လဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . . ဒီလိုပါ ဒီဇိုင်နာဖန်တီးရှင် အနေနဲ့ရော မော်ဒယ်အဖြစ်ပါ မဝိုင်းစု အောင်မြင်နိုင်တာကို ပြောတာပါ၊ ဒီနေ့မော်ဒယ်တွေအားလုံးထဲမှာ မဝိုင်းစု အချောဆုံးပဲ'

'ဟုတ်ပါ့မလားရှင်'

'ကျွန်တော် တကယ်ပြောတာပါ၊ မော်ဒယ်လုပ်ရင် မဝိုင်းစုအောင်မြင်မှာ'

ဝိုင်းစုရော ဖေဖေနှင့်မေမေပါ ညီသက်စကားကြောင့် ကျေနပ်နေမိကြ၏။

'အဟင်း ကိုညီသက်က ဝိုင်းစုကို မော်ဒယ်ထင်နေတာကိုး၊ မဟုတ်ဘူးရှင့် ဝိုင်းက သူ့ဒီဇိုင်းသူ့ဖာသာ ဝတ်ပြီး ရှိုးတက်လျှောက်ပြလိုက်တာ'

ညီသက်ပိုလို့ပင် အံ့ဩသွား၏။ ဝိုင်းစုကို ပိုလည်း ကုမ္ပဏီအတွက် လိုချင်သွားမိသည်။ သူငယ်ချင်းနေဟန်သာသိရင် ဘယ်လောက် ဝမ်းသာသွားလေမလဲ။

'ကျွန်တော်တော့ မမီခိုင်ကို အရမ်းကျေးဇူးတင်သွားပြီဗျာ၊ တကယ်ပြောတာပါ၊ ကျွန်တော့် ဘော့စ်လည်း ဝိုင်းစုအကြောင်းသိရင် သိပ်ဝမ်းသာသွားမှာ'

'အင်း ကိုညီသက်တို့ ကံကောင်းတာပေါ့၊ ဝိုင်းစုကို ကုမ္ပဏီတော်တော်များများက လိုချင်နေကြပြီလေ





ကိုညီသက်ဘက်က ဒိတ်လုပ်တာ မြန်သွားပေလို့သာပေါ့'

'ဟား. . . ဟား ဒီလိုတော့ မလုပ်လိုက်ပါနဲ့ဗျာ၊ မမီခိုင်ကျေးဇူးကို မမေ့ပါဘူး၊ သူဌေးလည်း ဒီဇိုင်းကို သိပ်ကိုအဘောကျသွားတာ၊ အချိန်မရလို့'

'ကဲပါလေ မီမီတို့ဘက်ကလည်း ကတိမပျက်ပါ ဘူး၊ ကျန်တာက ဝိုင်းစုလေး ဆန္ဒအတိုင်းပေါ့'

'ကောင်းပါပြီ မဝိုင်းစု၊ ဒါကျွန်တော်တို့ကုမ္ပဏီ လိပ်စာပါ၊ မဝိုင်းစုကို သူဌေးက တွေ့ချင်နေတာ၊ လာတွေ့ပေးစေချင်ပါတယ်၊ တကယ်လို့ ကုမ္ပဏီမှာ ဝင်ဖြစ်ရင်တော့ ဝိုင်းစုအတွက် မနစ်နာစေရပါဘူးဗျာ'

'ဟုတ်ကဲ့ရှင့် ဝိုင်း လာခဲ့မှာပါ၊ ခုလိုတကူးတက ဝိုင်းကို လာကမ်းလှမ်းတာကိုပဲ ကျေနပ်ဝမ်းသာလှပါပြီရှင်'

'ကဲ. . . ဒါဖြင့် အားလုံးပဲ ကျွန်တော့်ကို ခွင့်ပြုပါဦးနော်'

'ဟုတ်ကဲ့ရှင့်'

ညီသက် နှုတ်ဆက်ကာ ပြန်သွားတော့ အားလုံး ဝမ်းသာမှုကိုယ်စီနှင့် ကျန်ခဲ့သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

(နဂ္ဂတစ်)ဖလင်များကို ဆေးပြီးနေရောင်တွင် ထောင်ကြည့်လိုက်သည်။ ဘာမှ အပြစ်ပြောစရာမရှိ၊ ကိုယ်နေဟန်ထားရော အနီးအဝေးပါ ကောင်းမှုကြောင့် ကြည်လင်လျက်ရှိ၏။

တေဇာ ပြုံးလိုက်သည်။ ဒီအတိုင်းဆို ပုံတွေအားလုံး ကောင်းမှာသေချာ၏။

ရင်ထဲကအပူအနည်းငယ် သက်သာရာရသွားသည်။

'တီ. . . တီ. . . တီ'

ဖော်ကြီးရောက်လာတာနှင့် အတော်ပဲဖြစ်သွား၏။





င်ထဲက လမင်းလေးအကြောင်းကို ရနိုင်သမျှစုံစမ်းရဦးတော့မှာမို့ ဝမ်းသာသွားမိသည်။

'ကျွိ'

တံခါးဖွင့်ဝင်လာသူက ဖော်ကြီးပါပဲ။

'ဟား. . . ငါ့ကောင်ကြီး တေဇာ ကြိုးစားလှချည်လား မြို့ထဲမှာပဲ ဖလင်ဆေးတာရော ပုံကူးတာပါရနေတဲ့ဟာများကွာ အပင်ပန်းခံလို့'

သဘာရင့် ကင်မရာသမားပီပီ ဖော်ကြီး အကြံပေးသမယ့် တေဇာက အလုပ်ကို ပြီးစလွယ်စပြီး မလုပ်နိုင်သချာမှဖြစ်မှာ။

ဒီပွဲက သူ့ရဲ့ပွဲဦးထွက်ပွဲ။

'ငါ စိတ်မချနိုင်လို့ပါကွာ၊ ပုံတွေ ပျက်သွားမှာစိုးလို့'

'ဟ. . . မင်းစိတ်တိုင်းကျ ရိုက်ယူလာတာ မဟုတ်လား'

'ဟုတ်တယ် ငါ့အတွက် နယူးလေးတစ်ယောက်လာလို့ ဆိုပါတော့ကွာ၊ ဒါကြောင့် ကိုယ်တိုင်လုပ်နေတာ'

'အင်း. . . မင်းကတော့လုပ်ပြီ၊ မင်းစိတ်မဝင်စားတဲ့ဟာလေးကတော့ ခပ်ရှားရှားပါပဲ တေဇာ'

'ပြီးရင် တစ်ပါတ်ပြည့်အောင်တောင် ထွဲလို့လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟ. . . ဒါတွေက ငါ့နှလုံးသားအပေါ် ယံကြောက ဖြစ်တာကွ၊ ပြီးတော့ သူလေးက မော်ဒယ်လ်မဟုတ်ဘူးလို့ ပြောသံကြားနေတယ်'

'ဟော. . . မင်းဟာက အဆန်းပဲ၊ မော်ဒယ်မဟုတ် ဘဲနဲ့ ရှိုးပွဲလျှောက်မလားကွ'

'ငါ တကယ်ပြောတာ။ သူက သူ့ဒီဇိုင်းကိုယ်တိုင် ဝတ်ပြီး ရှိုးလျှောက်တာတဲ့၊ မှန်နေအောင် ချောတာကွာ နာမည်က ဗိုင်းတဲ့၊ အဟီး ငါတော့ ကြွေနေပြီ ဇော်ကြီး'

'အားပါး. . . ငါနေမကောင်းတဲ့ နှစ်ရက်လောက် အတွင်း ဘာတွေ ပြောင်းလဲခဲ့ပြီလဲဟ'

ဇော်ကြီးက ရှိုးပွဲကင်မရာမင်းတစ်ယောက်။ ဒီနှစ် ထဲမှာ သူငယ်ချင်း တေဇာကို ပွဲဆက်မနိုင်လို့ ကူပေးဖို့ခေါ် လိုက်ရခြင်းပင်။

တေဇာကို မနေ့က ရှိုးပွဲတစ်ခု သူ့အစားတက်ရိုက် ခိုင်းလိုက်ကာမှ ထူးဆန်းစကားတွေပါ ကြားလာရသည်။

'ငါ ရှိုးပွဲလိုက်လာတာ ကြာပြီ၊ ဒီဇိုင်းဖန်တီးသူလ သက်သက်၊ မော်ဒယ်ရှိုးလျှောက်သူက သက်သက်ပါကွာ ပိုမနေစမ်းပါနဲ့'

'ဟော့ကောင် ငါ တကယ်ပြောတာကွာ၊မယုံဘူးလား'





'အေး. . . မယုံသေးဘူး ပြီးတော့ မင်းစိတ်ဝင်စား သွားတော့ ပိုဆိုးသေး'

တေဇာ့မှာ အကျင့်တစ်ခုရှိ၏။ သန့်ပြန့်ချောမော သော သူ့ပုံစံအတိုင်း ကြိုက်လိုက်စိတ်ဝင်စားလိုက်ပြီဆိုမှ ဘတယ့်အပျံစား အမိုက်စားလေးတွေပဲဖြစ်သည်။

ပြီတော့ အတည်တကျလည်း ဘယ်တော့မှ မှတ်ချေ။

'ဒီတစ်ယောက်လည်း သုံးပါတ်လောက်ကြိုက်ပြီး ခါတ်လိုက်မှာပဲမှတ်လား တေဇာ'

'ဟာကွာ သူ့ကိုတော့ ငါအတည်ကိုမှန်းထားတာ ဘွ ဘဝလက်တွဲဖော်အထိပေါ့'

'ဟား. . . ဟား ငါမင်းစကားကြားရတာနဲ့တင် သူ့ကို တွေ့ဖူးချင်လာပြီကွ'

'ရတယ်လေ ပုံတွေကူးပြီးလို့ သွားပို့ရင် မင်းပါလိုက် ခဲ့လိုက်ပေါ့'

'အေး. . . ငါစိတ်ကူးထားပြီးသားပါကွ၊ ဒါနဲ့ မင်း ရှိုးပွဲမှာ ဘယ်ကင်မရာနဲ့ရိုက်လိုက်လဲ၊ ဒီဂျစ်တယ်က အလော ပုံထွက်သိပ်မကောင်းဘူးကွ၊ ပုံထွက်ကောင်း တာနဲ့ ရိုက်လို့ကတော့ မင်းကောင်မလေးပုံ ပျက်ပြီတေဇာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟား. . . ဟား. . . မင်းလက်ထွက်ပဲကွာ၊ ဒီလောက်တော့ ငါဘယ်ညှဲ့ပါ့မလဲ၊ နီကွန်ကင်မရာနဲ့ ရိုက်တာလေ၊ ပြောင်းရှည်နဲ့ ရိုက်တာပေါ့'

တေဇာ့ကို ဇော်ကြီးလျှော့မတွက်ရဲချေ။

'ဒါဖြင့် မင်းကိုငါ အားကိုးလို့ရပြီပေါ့ တေဇာ'

'အေး. . . ရပြီ ဒါပေမယ့် မမမီရဲ့ရှိုးပွဲပဲ လိုက်မှာနော်၊ ဒါမှ ငါ့မဒီလေးနဲ့တွေ့ရမှာ'

'ကျန်တဲ့ပွဲတော့ မင်းဘာသာလည်းရိုက်ဦး'

'ဟ. . . ဒီလိုခွဲခြားကြေးလား၊ ဒီလောက်ကြိုးစားမနေပါနဲ့ကွာ၊ မီမီခိုင်နဲ့မင်းက ရင်းနှီးပြီးသားပဲဥစ္စာကို၊ ဓာတ်ပုံတွေ သွားပေးရင်းနဲ့ မိတ်ဆက်ခိုင်းလိုက်ပေါ့'

'ဟော့အေး. . . ငါ အဲဒီလိုရင်းနှီးကျွမ်းဝင်မှုမျိုး မလိုချင်တော့ဘူး ဇော်ကြီး'

'ဟေ. . . ဘာဖြစ်လို့လဲ'

ဇော်ကြီး သာမာန်အနေအထားမျိုးနဲ့ အကြံပေးလာ၏။ တေဇာ လက်မခံချင်။

'ငါ. . သူ့ကို ဒီ့ပြင်မိန်းကလေးတွေနဲ့ မယှဉ်နိုင်ဘူးမောင်'

'ဟ. . . အထူးအဆန်းပါလား'





'အေး. . . ဒီအတိုင်းပဲ သူများမိတ်ဆက်ပေးပြီးမှ ခင်မင်ရတာမျိုး မလုပ်တော့ဘူး'

'ဒီတော့'

'သူ့ဆီက ခင်မင်မှုကို ငါ့ဘာသာကြိုးစားယူမယ်'

'အားပါး. . . ဒီတစ်ခါထူးခြားပြီဟေ့'

'ဟုတ်တယ်ကွာ ကင်မရာမှန်ဘီလူးထဲမှာ သူ့အလှကိုတွေ့လို့ ချစ်ကြိုက်စွဲလန်းသွားတာမျိုး ငါ့အချစ်ကို အထင်သေး မခံချင်ဘူးကွာ'

'သူ့အလှကို ငါ့ရဲ့ကြည်လင်သန့်ရှင်းတဲ့ မျက်ဝန်းကအစ်ဆင့် မြင်တွေ့ခံစားခဲ့ရတာကွ'

ရင်မှာ အရှိအတိုင်းပြောဖြစ်တော့ ဇော်ကြီးပြုံး၏။

'ဟော့ကောင် ဘာပြုံးတာပဲကွ'

'အဟီး. . . မင်းအရင် ဇယားလေးတွေတုန်းကတော ဘာနဲ့ကြည့်လာတာမို့လဲကွယ်၊ ခုမှ အပိုလုပ်လို့'

'မင်း. . . ငါ့ကိုမလှောင်ပါနဲ့ ဇော်ကြီးရဲ့ ငါ အတည်ပြောနေတာပါ၊ သူ့ကိုတော့ ငါ့နှလုံးသားထဲမှာ တကယ်ဘာဝရပဲ'

အဲ့ဒီနေ့က သူမအသံလေးများကို ပြန်ကြားယောင်နေသလို အပြုံးလှလှလေးများကိုပါ ပြန်လည်မြင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်း ပုံလေးတွေအလှဆုံး ရိုက်ပေးပါနော်၊ ဝိုင်း ဖေဖေနဲ့ မေမေတို့ကိုပါ ပြချင်လို့၊ ဝိုင်းက မော်ဒယ်မဟုတ် ဘူး'

'စိတ်ချ၊ ကျွန်တော် အကောင်းဆုံးဖြစ်အောင် ရိုက် ပေးပါ့မယ်ဗျာ'

ကတိစကားနှင့်အတူ တေဇာ သူမပုံလေးများကို အကောင်းဆုံးဖြစ်အောင် ရိုက်ပေးခဲ့တာပါပဲလေ . . .

ကာလ ဓာတ်ပုံအဖြစ်မရောက်မီကတည်းက သူမ ပုံလေးများက နဂ္ဂတစ်အနေနဲ့တင် အတော်အသက်ဝင်နေ ပါ၏။

သူနှလုံးသားနှင့် ရိုက်ကူးခဲ့၍လားတော့ မသိချေ။

'ကဲ . . . ဇော်ကြီး၊ ဘာမှ မနာလိုဖြစ်မနေနဲ့၊ ငါ မြို့ထဲ လစ်ဦးမယ်'

'အေးအေး . . . ဒါနဲ့ မင်းဒီနေ့ ကားယူမသွားနဲ့ ကွာ၊ ငါ အေမီနဲ့ ချိန်းထားလို့'

'ဟေ . . . ဒီနေ့ကျမှကွာ'

ဒီအချိန်က နောက်ဆက်တွဲဂြိုလ်ဆိုးတွေဝင်လာ လိမ့်မယ်လို့ တေဇာ ထင်မထားခဲ့ချေ။

'မသွားမဖြစ်လို့ပါကွာ၊ မင်းက မြို့ထဲရောက်လို့ ဓာတ်ပုံကူးပြီးသွားရင် ပြသနာက ပြီးပြီ၊ ငါက အေမီသွား ခေါ်တာ လိုက်ပို့ရဦးမှာမို့ပါကွာ'

'ပြီးရောကွာ၊ တကယ်ကျိုင်ရှာတဲ့အကောင်'

'ဟား . . . ဟား မင်းအလှည့်ရောက်ရင်လည်း သိမှာပါကွာ၊ ဟုတ်လား'

'သေနာ မင်းလုပ်ထားဦးပေါ့ကွာ'

တေဇာ ဖလင်လိပ်များအား ဘေးလွယ်အိတ်ထဲ ထည့်ပြီး ကားဂိတ်ဆီသို့ ထွက်ခဲ့သည်။

ဒီနေ့မှ ထူးထူးခြားခြား ကားတွေကတစ်စီးမှ လူ ချောင်သည်မရှိ။ ပါသမျှကားတိုင်း လူကြပ်နေ၏။

'ဟူး . . . ဒီအတိုင်းသာဆို ငါမြို့ထဲရောက်ပါတော့ မလားဟ'

'ကျိုင်ပဲ . . . ဒီတစ်ခါတော့ လာတဲ့ကားနဲ့ ရသလို လိုက်မယ်ကွာ၊ မထူးဘူး'

ဆုံးဖြတ်ပြီးတာနှင့် ခပ်ကြပ်ကြပ်ကားကို တိုးစီး လျှက် တေဇာလိုက်လာခဲ့သည်။

ဒီနေ့ ကိုယ့်အလုပ်ပေါ်၍ သွားစရာရှိလာသော ဇော်ကြီးကိုတော့ စိတ်ထဲမှာ ပြစ်ပြစ်နှစ်နှစ် ကျိန်ဆဲနေမိ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟူး . . . ခုမှပဲ အသက်ရှူချောင်တော့တယ်'

ကားပေါ်မှဆင်းပြီး ခေတ်ပုံဆိုင်ဆီပြေးရပြန်သည်။ လိုင်းကားတွေကို တေဇာ ဒါကြောင့် မစီးဖြစ်တာ၊ လူတွေ ကြပ်ညှပ်နေအောင်တင်ပြီးတော့ လူတွေကို ငပိချဉ်သိပ် ဖြစ်အောင် ကားဘရိတ်ကို စောင့်စောင့်ပြီးတော့ အုပ်ဖေ ၏။

ကားပေါ်မှဆင်းပြန်တော့လည်း တွန်းမချယ် တမယ်။

ကားပေါ်က ပြဿနာကို အတွေးစများဖြတ်လျက် ကမ္ဘာသစ် ခေတ်ပုံကူးဆိုင်သို့ ထွက်သည်။

ဆိုင်ရောက်ကော့ ထုံးစံအတိုင်း နာမည်ကြီးဆိုင်မို့ ကိုယ့်ရှေ့မှာ ငါးယောက်လောက်စောင့်ရဦးမည်။

'ညီလေး စောင့်ရဦးမှာ မှတ်လား'

ဒါက တေဇာမေးနေကျ၊ နာရီဝက်လောက်အချိန် ကို မျက်စောင်းထိုးက ကော်ဖီဆိုင်မှာ ကော်ဖီသောက်ပြီး စောင့်နေလိုက်ယုံ၊ မနက်ကတည်းက ဘာမှ မစားလာတာမို့ ဗိုက်ကဆာနေပြီ။

'တုံကင်ယူပြီး နဂ္ဂတစ်ပေးထားခဲ့လေ အစ်ကို၊ အပြန်ကျ ဝင်ယူပေါ့'



'အေး. . . ဒါပဲကောင်းပါတယ်ကွာ'

ဘောက်ချာစာရွက်မှာ တုံကင်ဖြည့်ပြီး ဘေးလွယ် အိတ်ထဲက ဖလင်လိပ်များကို ထုတ်ယူလိုက်သည်တွင်. .

'ဟာ . . . သွား. . . သွားပါပြီ'

သူ့အသံအတော်ပဲကျယ်သွား၏။

ဆိုင်ထဲရှိသူအားလုံး တေဇာ့ကို ဝိုင်းကြည့်ကြ သည်။

'အစ်ကို ဘာဖြစ်လို့လဲဗျ'

ကောင်တာမှ ကောင်လေးအမေးကို သူမဖြေနိုင်။ ထဲမှာ ငိုချင်သလို ဘာလိုလိုနှင့် တစ်မျိုးကြီးဖြစ်နေမိ သည်။

ပြီးတော့မှ ကိုယ့်အသံကိုယ်ထိန်းပြီး . .

'သွားပါပြီကွာ ငါ့နဂ္ဂတစ်တွေရော ပိုက်ဆံတွေရော ပေါ်မှာ ခါးခွဲခံလိုက်ရလို့'

'ဟာဗျာ စိတ်မကောင်းစရာပဲ'

'အေးကွာ. . . ငါတော့ ပြဿနာပဲ'

'ပိုက်ဆံက များလို့လား အစ်ကို'

သူ့အား စာနာစွာမေး၏။

'အင်း နှစ်သောင်းလောက်တော့ရှိမယ်၊ ငါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံထက်. . . ပိုက်ဆံထက် နဂ္ဂတစ်တွေကို ပိုနှမြော
တာကွ၊ အဲ့ဒါ မော်ဒယ်ရှိုးအော်ဒါ နဂ္ဂတစ်တွေဟ'

'ဟား. . . ဒါဖြင့် အစ်ကိုတော့ ဖောက်သည်
ပျက်ဦးတော့မှာပဲနော်'

'အေးကွာ ဖောက်သည် ပျက်တာထက် ကြီးမား
ပြဿနာပေါ့ ငါ့ညီ၊ ဟူး ကွိုင်ပဲကွာ'

သူမရဲ့ လှပတဲ့ ပုံသဏ္ဌာန်နှင့် ဟန်လေးများပြန်
မိနေသည်။ လုပ်ယူလို့ရနိုင်ခဲ့တဲ့အလှတွေ ခုတော့. . .
သွားပါပြီ။

'တောက် . . . ကွာ'

အောက်အနားတစ်ခုလုံး ဟင်းလင်းပွင့်နေသော
ဘေးလွယ်အိတ်အား တွေတွေကြီး ငေးကြည့်နေမိသေး
သည်။

သူမနှင့် မမမီခိုင်ကို ဘယ်သို့ ရင်ဆိုင်ရပါမည်
ပြီးတော့ ရင်ထဲမှာ သိပ်စွဲလန်းနေခဲ့မိတာမို့ နဂ္ဂတစ်
ဆုံးရှုံးမှုအတွက် များစွာခံရခက်နေတော့၏။

'တောက်'

ခုချိန်မှတော့ ဘာမှမတတ်နိုင်တော့။ ဇော်ကြီးကို
မဆီမဆိုင် အပြစ်တင်နေမိသည်။ သူသာ ကားမယူသွား





ခဲ့ပါလျှင် ခုလို ခါးပိုက်နှိုက်စာ မိမည်မဟုတ်ချေ။

ခါးပိုက်နှိုက်ကတော့ ဒီဖလင်လိပ်များအား တန်
ဖိုးထားပါမည်တဲ့လား။ ဝေးသေး၏။ ပိုက်ဆံသာယူပြီး
ဖလင်လိပ်များကိုတော့ တွေ့တဲ့အမှိုက်ပုံမှာ လွှင့်ပစ်သွား
မှာပင်။

မြို့ထဲက ခေါင်းငိုက်စိုက်နှင့် ပြန်ခဲ့ရသည်။

အိမ်ပြန်ရောက်တော့ ရည်းစားနှင့်သွားတွေ့သော
ဇော်လွင်က ပြန်ရောက်နေပြီ။

'ဟ. . . တေဇာ မျက်နှာကလေပုပ်ဖမ်းပြီး ဘာဖြစ်
လာတာလဲကွ၊ ဟေ'

'ဘာဖြစ်ရမလဲကွာ မင်းလုပ်လို့ ဂြိုလ်ဝင်လာလို့
ပေါ့၊ ဂြိုလ်ဝင်လာလို့'

'ဟေ. . . ဘယ်ဂြိုလ်က ဘယ်နားဝင်လာရတာ
တုန်း'

'နောက်မနေနဲ့ကွာ၊ ငါ အတည်ပြောနေတာ အဲဒါ
မင်းကြောင့်'

'ဘာကွ. . . ငါက ဘာလုပ်မိလို့လဲ'

'မင်း ကားယူသွားလို့ပေါ့ကွ၊ လိုင်းကားပေါ်မှာ ငါ
ဘေးလွယ်အိတ် ခါးပိုက်နှိုက်ခံရလို့'

www.burmeseclassic.com

www.burmeseclassic.com



'ဟေ... ငွေဘယ်လောက်ပါသွားလဲ၊ နှမြောစရာ ကွာ'

'တောက်'

'ငွေက ငါမပြောပလောက်ပါဘူးကွာ၊ နှစ်သောင်း လောက်ပါ။ နဂ္ဂတစ်တွေ ငါ အနှမြောဆုံးပဲကွာ... ဟူး'

'တောက်... ဟုတ်ပါ့ကွာ၊ ဒါဖြင့် မီမီခိုင်နဲ့မင်းမ လေးကို ဘယ်လိုဖြေရှင်းမလဲ တေဇာ၊ မီမီခိုင်ကျေနပ် မလားကွာ'

'ငါလည်း ဒါပဲစဉ်းစားနေတာ ဇော်ကြီး၊ မမီခိုင် ထက် သူ့ကိုငါ ဘယ်လိုရင်ဆိုင်ရမလဲ၊ ဒါအတွက် ခေါင်းကြီးနေတာကွ'

'ဘယ်တတ်နိုင်မလဲကွာ၊ ဖြစ်သွားပြီးမှ ရင်ဆိုင်ရ မမီမီခိုင်ဖုန်းနံပါတ် မင်းမှာရှိတာပဲ၊ ဖုန်းနဲ့အရင် ပြောပြလိုက် ပေါ့'

'အေး... ဇော်ကြီး မင်းအကြံမဆိုးဘူး၊ ဒါပေမယ့် ခေါင်းတော့ကျိန်းသားဟ၊ ငါ့နှလုံးသားဇာတ်လမ်းလေး တော့ ပျက်ပါပြီကွာ'

ဇော်ကြီးပေးတဲ့အကြံအတိုင်း တယ်လီဖုန်းဆီ လှမ်း ခဲ့၏။



'ကလင်... ကလင်... ကလင်'

'ဟဲလို... မမမီ ကျွန်တော်ပါ တေဇာပါ'

'× × × × ×'

'ဟုတ်ကဲ့ မမမီ ကျွန်တော်ဗျာ နဂ္ဂတစ်တွေကား ပေါ်မှာ ခါးပိုက်နှိုက်ဓားခွဲခံရလို့ ပါသွားပြီဗျာ'

'× × × × ×'

'အဲဒီအတွက် တောင်းပန်ပါရစေဗျာ၊ တကယ်မ မျှော်လင့်ဘဲ ဖြစ်သွားခဲ့တာပါဗျာ'

'× × × × ×'

'ဟုတ်ကဲ့ သူ့ကိုပဲ ပိုပြီးစိုးရိမ်တာပါဗျာ၊ အဲဒါ'

'× × × × ×'

'ဗျာ ဟုတ်ကဲ့၊ ပြော.. ပြော ကျွန်တော် ရေးမှတ် ထား လိုက်ပါ့မယ်၊ ကျေးဇူးပဲနော်'

မမမီပြောတဲ့အတိုင်း ကူးယူရေးမှတ်ထားလိုက်၏။

'ဟုတ် မမမီ၊ ကျွန်တော် ဖုန်းချလိုက်တော့မယ် နော်'

'ဟေ့ကောင် တေဇာကြီး မမီမီဘာပြောလဲ၊ အ ဆင်ပြေရဲ့လား'

'ပြေတော့ပြေပါတယ်၊ ဒါပေမယ့် မင်းလုံးချော

www.burmeseclassic.com



တော့ မဟုတ်သေးဘူး၊ သူ့ပုံက နည်းနည်းပဲပါတာ ပြဿနာမရှိဘူးတဲ့၊ ဝိုင်းက သူ့ဒီဇိုင်းနဲ့သူ မော်ဒယ်အစားဝင်ပြီး ရှိုးလျှောက်တာမို့ ဝိုင်းအိမ်ကိုသာ သွားပြီး ပြောလိုက်ပါတဲ့ကွာ'

'မင်းက လိပ်စာသိလို့လား'

'အေး. . . ခုပဲ မမမီခိုင် ပြောပြလို့ ကူးယူထားလိုက်တယ်ကွ'

'ဒါဖြင့်လည်း သွားတွေ့ပြီး အကျိုးအကြောင်းပြောပြီး တောင်းပန်လိုက်ပေါ့'

'ဝူး. . . ရင်တော့ အလေးသားကွ'

'လေးမနေနဲ့ တေဇာ၊ နောက်မှ ဇာတ်လမ်းဒီထက်တက်လာလိမ့်မယ်၊ ပြီးမှ နဂ္ဂတစ်ပျောက်တာ ပိုပြီးတော့ ဟန်ကျသေး ဖြစ်နေလိမ့်မယ်နော်'

'မမျှော်လင့်ရဲပါဘူးကွာ'

✤ ✤ ✤



## အခန်း (၂၁)

'တီ . . . တီ . . . တီ'

'သမီးရေ အိမ်ရှေ့မှာ ညွှန့်သည်နဲ့တူတယ်၊ တံခါး [illegible]ဖွင့်ပေးလိုက်ပါဦး'

'ဟုတ်. . . ဟုတ်ကဲ့ မေမေ'

စင်ဝင်အောက်ကားထဲမှ အကြည့်စူးစူးကြောင့် သူမ [illegible]ခက်သွားမိသည်။

တဒင်္ဂခဏလေးအကြည့်ချင်း ဆုံလိုက်ရချိန်မှာပဲ [illegible]ရဲ့ရင်တွေ အခုန်မြန်သွားရသည်။

မြင်ဖူးသလိုရှိပေမယ့် စိတ်ထဲ ချက်ချင်းစဉ်းစား [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံကို ထိန်းလျက် တံခါးဖွင့်ပေးရင်း . . .

'ဟို . . . ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်၊ အိမ်ထဲ ပါဦး'

'ဟုတ်ကဲ့ . . . မဝိုင်းစုနဲ့ပါ၊ ကျွန်တော့်ကို မမှတ် ဘူးလား၊ ကင်မရာမင်း တေဇာပါ၊ သြော် . . . သြော် ဆောရီးနော် ဝိုင်း၊ မမမီခိုင်က မိတ်ဆက်ပေးတာ အ သတိရလိုက်လို့ပါ'

'လူအများနဲ့ဆိုတော့ ချက်ချင်းသတိမရလိုက်တာ ခွင့်လွှတ်နော်'

'ရပါတယ် မဝိုင်းစု'

ရှပ်လေးဥနေအောင် လှနေသလို အနီးကပ်ကြ မှ သူမအသံချိုချိုလေးက နားထဲမှာ နားဝင်ပီယံရှိလှသည်

'လာလေ ကိုတေဇာ အိမ်ထဲကြွပါဦး'

'ဟုတ်ကဲ့'

သူမ နောက်ကနေ ဧည့်ခန်းထဲလှမ်းဝင်ခဲ့ ဓာတ်ပုံ နဂ္ဂတစ်ပြဿနာက အဆင်မချောပါ့မလား။

'ဟဲ့ . . . သမီး သူက ဘယ်သူတုန်းကွယ်'

'သမီးဧည့်သည်ပါ မေမေ၊ ရှိုးပွဲနေ့က ကင်မရာမင် လေ၊ ကိုတေဇာတဲ့'



'သြော် . . . သြော် မှတ်မိပြီ၊ ဒါကြောင့် မြင်ဖူးသလို ဖြစ်သွားတာကိုး၊ ကဲ . . . ကဲ စကားပြောကြဦး၊ သမီး ဧည့်သည်ဖို့ ကော်ဖီလေး၊ အအေးလေး လုပ်လေကွယ်'

'ဟုတ်ကဲ့ပါ မေမေ၊ ကိုတေဇာ ကော်ဖီပဲ သောက် လိုက်နော်'

'ဟုတ်ကဲ့ ရပါတယ်'

ဝိုင်းစုမေမေက အပေါ်ထပ်တက်သွားသဖြင့် သူတို့နှစ်ယောက်ပဲ ဧည့်ခန်းမှာ ကျန်ခဲ့သည်။

ရင်ခုန်သံမြန်နေရသူက တေဇာ။ မိမိပြဿနာကို ဘယ်ကစလို့ ပြောရမည်မသိ။

'ဓာတ်ပုံသာ အရိုက်ခံလိုက်ရတယ်၊ ကိုယ့်ပုံတွေ ဘာရဲ့လားတောင် မသိဘူး၊ ကိုတေဇာ ဓာတ်ပုံတွေလာပို့ တာလား'

'ဟုတ် . . ဟုတ်၊ အဲ . . . အဲ့ဒီအတွက်ပဲ ကျွန်တော် လာတာပါ မဝိုင်းစု၊ ဟို . . . ကျွန်တော် မြို့ထဲကို ဓာတ်ပုံကူး ထုတ်သွား ကားပေါ်မှာ ခါးပိုက်နှိုက်ခံလိုက်ရလို့၊ အဲဒီ နဂေတစ်တွေရော ပိုက်ဆံပါ နှိုက်သွားလို့ဗျာ၊ အဲဒါ ဒီက ဝိုင်းစုကို ကျွန်တော် တောင်းပန်ဖို့လာတာပါ'

'ရှင်'

www.burmeseclassic.com

www.burmeseclassic.com



'ဪ. . . ဖြစ်ရလေရှင်၊ ရပါတယ် ကိုတေဇာရဲ့ ကိုယ်တာ တမင်ဖြစ်ချင်လို့မှမဟုတ်တာ၊ ဝိုင်းစု ခွင့်လွှတ်ရမှာပေါ့'

ရုပ်လေးနှင့် လိုက်ဖက်စွာပဲ သူမက သဘောထားကြီးနေပြန်တော့ အပြစ်ရှိတဲ့တေဇာ မျက်နှာပူရပြန်၏။

'ကျေးဇူးတင်လိုက်တာဗျာ၊ မမမီပြောလို့ ရင်တုန်လိုက်ရတာ'

'ရှင် မမမီက ဘာပြောလိုက်လို့လဲ'

'ဪ. . . ဒါက မဝိုင်းစုံရဲ့အမိကပွဲမို့ ပုံတွေက သိပ်အရေးကြီးတယ်ပေါ့လေ၊ အဲဒါ ကိုယ်တိုင်သွားပြောဆိုပြီး လွှတ်လိုက်တာ'

'အင်း. . . မမမီပြောတာ မှန်ပါတယ်၊ ဝိုင်းက ကိုယ့်ဒီဇိုင်းနဲ့ ကိုယ့်ဖက်ရှင် ဝတ်ပြတာလေ၊ ပုံတွေကို လိုချင်တာပေါ့။ ကြော်ငြာလို့ကောင်းမှာပေါ့ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ၊ ဒီဇိုင်းက ဝိုင်းမှာရှိနေတာပဲ'

'ဟုတ်ကဲ့ ဝိုင်းဆီက ဒီလိုကြားရတာ ဝမ်းသာတယ်ဗျာ၊ ဝိုင်းအလိုရှိတဲ့နေ့ပြောပေါ့ ကျွန်တော် အောက်နိုး ထွက်ရိုက်ပေးပါ့မယ်'

'ဟုတ်ကဲ့ ဒါဆိုရင်တော့ နောက်ဆို ဒီဇိုင်းအသစ်



...တွက် ကိုတေဇာ့ကိုပဲ အားကိုးရတော့မှာ'

'အဆင်သင့်ပါ မဝိုင်း၊ ဒါ ကျွန်တော့်လိပ်စာကဒ်ပါ'

'ကျွန်တော့်ကို ခွင့်ပြုပါဦး'

'ဟုတ်'

သူကား အိမ်ရှေ့မှထွက်သွားတော့ မေမေ အပေါ်...မှဆင်းလာကာ . . .။

'ဟဲ့. . . သမီး၊ ကောင်လေး ဓာတ်ပုံတွေလာပို့တာ ...တ်လား၊ ပြစမ်း မေမေ့ကို'

'ဟင့်အင်း. . . မေမေ ဓာတ်ပုံတွေ မရတော့ဘူး ...တစ်တွေ ကားပေါ်မှာ ခါးပိုက်နှိုက်ခံလိုက်ရတဲ့အထဲ ...သွားလို့တဲ့ သမီးကို လာတောင်းပန်တာ'

'အိုကွယ် ဒီလိုအရေးကြီးတဲ့ပုံတွေမှ ဖြစ်ရတယ်လို့၊ ...စရံတွေယူပြီးမှ သက်သက်ကလိန်ကျတာ'

မေမေ ဒေါနှင့်မောနှင့် ပြောနေပေမယ့် သူ့...နှာချောချောမှာ ဒီလိုအကျင့်မျိုး မရှိနေတာကို ဝိုင်းစု ...နေသလိုပင်။

'ဒီလိုတော့ မဟုတ်နိုင်ပါဘူး မေမေရဲ့၊ မမမီဆိုင်ကို ...ပြပြီးပါပြီ၊ သူ မမမီကို အရင်တောင်းပန်ပြီးမှ သမီးဆီ...ကိုယ်တိုင်လာပြောတာ'

www.burmeseclassic.com



'အေးလေ သမီးက ကာယကံရှင်ပဲ၊ ဒီဓာတ်ပုံ
က သမီးအလုပ်တွေအတွက် အများကြီးအထောက်အ
ပြုမှာဆို၊ ခုတော့ ဘာနဲ့သွားပြမလဲ'

'သမီး အလိုရှိတဲ့နေ့ အောက်ဒိုးရိုက်ပေးပါ့မယ်
မေမေရဲ့၊ အဲဒီနေ့က လူရှုပ်တာနဲ့ ရိုက်သာရိုက်ရတာ
စိတ်တိုင်းမကျပါဘူး မေမေရယ်'

'အိမ်မှာ အေးအေးဆေးဆေး အောက်ဒိုးရိုက်
အကျီပုံရော လူပါ ပိုပီပြင်မှာ'

'သမီးကျေနပ်ရင် ပြီးတာပဲလေ၊ မေမေတို့က အ
ပြောမှာလဲ၊ ကောင်းသလိုသာလုပ်ပေါ့၊ မီမီဆက်ပေး
ကုမ္ပဏီ သမီးဘယ်နေ့သွားမလဲ'

'မနက်ဖြန် မေမေ၊ မေမေတို့အတွက် သမီးဝင်
ရှာပေးနိုင်တော့မှာ မေမေရဲ့'

'အမလေး ဒီစကားကြားတာနဲ့တင် သာဓုခေါ်
တယ်ကွယ်'

ဒေါ်မြင့်မြင့်ခိုင် သမီးကိုဖက်ပြီး ကျေနပ်ပီတိဖြစ်
မိသည်။ ဒါဟာ မိဘက သားသမီးအပေါ်ထားတဲ့ စေတ
ပဲမဟုတ်လား။

✤ ✤ ✤



## အခန်း (၂၂)

ဇော်လွင် တေဇာ့အား ထူးခြားတဲ့သတ္တဝါတစ်
င်လို ကြောင်စီစီနှင့် ငေးကြည့်နေမိသည်။

'ဘာလဲ ဇော်ကြီး၊ မင်းမယုံလို့လားကွ၊ အဟဲ. . မဒီ
တာ အပြင်မှာထင်ထားတာထက်တောင် ရုပ်ချော
ဘာကောင်းသူလေးကွ'

'မွေးနေ့ရှိုးပွဲတုန်းက မာနကြီးမယ်ထင်နေတာ၊ ခု
တော့ ရုပ်လေးနဲ့လိုက်အောင်ကို သဘောချိုတယ်ကွာ၊ ငါ
စိတ်ကို ခိုက်သွားပြီ'

'အေး. . . မင်းကသာ ပြောနေတာ ငါတော့ ကြား
ဘာပဲ နားတောင်မယုံချင်ဘူး တကယ်၊ မင်းကို စိတ်ရဲ
တတ်ရိုက်သွားတယ်ဆိုပြီး ထောမနာ မပြုလိုက်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့အေး. . . မပြောဘူး၊ ငါကလည်း လိုအပ်ရင် အောက်ဒိုးထွက်ရိုက်ပေးမယ်တော့ ကတိခံခဲ့ရတာပေါ့'

'ကတိပေးတာတော့ ဟုတ်ပါရဲ့ကွာ၊ သူ့အတွက် အရေးပါတဲ့ပုံတွေမှ အလွယ်တကူ ခွင့်လွှတ်နိုင်တယ် တော့ ငါရိုက်ခဲ့တဲ့ ဓာတ်ပုံသက်တန်းတစ်လျှောက်တော ခပ်ရှားရှားပဲမောင်'

'ငါ့တုန်းက မင်းလိုအစအနပျောက်ဖို့ မပြော ဓာတ်ပုံကာလာဖျော့ရုံနဲ့တောင် စရံပြန်အမ်းပေးခဲ့ရတာ တွေရှိတယ်'

'အဟား. . . ဒါတော့ ကုသိုလ်ချင်းက ကွာသေ တာကိုးကွ'

'သူ့ကို ငါလည်း မေတ္တာရှိတော့ ငါ့အပေါ် ရောင်ပြ ဟပ်တဲ့ သဘောပေါ့'

'ဘာကွ. . . လိပ်မျိုး၊ ကိုယ့်ဘက်ကိုယ်မယက် ဒါဖြင့် ဒီနဂ္ဂတစ်ပျောက်ဖို့ ဖန်တီးတဲ့ငါ့ကို မင်းအရင်ဆုံး ဦးချပေတော့'

'ဟ. . ဘာဆိုင်လို့လဲ အသားလွတ်ကြီးပါလားကွ'

'ဟော့ကောင် ဆရာ့ကို အာမခံနဲ့ ငါကားယူသွား မင်း ခါးပိုက်နှိုက်ခံအခွဲခံရတာကွ'





'တော်ပါ ဇော်ကြီးရာ၊ မင်းကြောင့် ခေါင်းမီး တောက်တာတော့ ထည့်တောင်မပြောတဲ့ကောင်'

'ဟား. . . ဟား. . . ဟား အဲဒီနေ့က ငါနဲ့အေမီ သိပ်ပျော်ကြတာကွ. . . အဟီး'

'ခွေးကောင် တော်ပါကွာ'

ဇော်ကြီး သဘောကျနေသလောက် တေဇာ သဘောကျ မပျော်ရွှင်နိုင်ခဲ့ချေ။ ဝိုင်းစုမျက်နှာလေးကသာ နိုးမိုးနေခဲ့ပါပြီ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

'ဝိုင်းစု'

နမည်လေးကသာ ချစ်စရာကောင်းသည်မဟုတ်
လူကလည်း အမည်နဲ့ ပန်တင့်စွာ ချစ်စရာကောင်း၏။

ကြည်လင်ရွှန်းလက်တဲ့ မျက်လုံးကို ကော့ညွှတ်
ဟဲ့ မျက်တောင်လေးများက အလှကူပေးနေသလို နှင်း
ဖူး နှုတ်ခမ်းရဲလေးများကို မို့အစ်အစ်ပါးမို့မို့လေးများ
အလှကူနေပြန်သည်။ လခြမ်းသဏ္ဍာန် မျက်ခုံးနှစ်ဘက်
မဟာဆန်တဲ့နှဖူးပြင်လေးက တန်ဆာဆင်ထားသည်။
ထွေးနေတဲ့ ဆံကေသာလေးများ ကျပြန်တော့လဲ စွဲမက်
စရာကောင်းနေပြန်သည်။





ကျော့ရှင်းပြေပြစ်တဲ့ ခန္ဓာအလှပါ ပေါင်းစပ်ထား
သတော့ ဝိုင်းစုအလှကို တေဇာ စာဖွဲ့နွဲ့ဖို့ ဉာဏ်မမီချင်
ဘူး။ တဒင်္ဂဆုံတွေ့တဲ့အခိုက်မှာပင် သူ့နှလုံးသားတွေ
သာစွာ ယိုင်နဲ့ပြိုဆင်းခဲ့မိသည်။

မိန်းကလေးများစွာနဲ့ တွဲလာခဲ့ဖူးပေမယ့် ဝိုင်းစုလို
မျိုးခံစားမှုမရှိခဲ့တာ ကိုယ့်ကိုယ်ကိုယ်လည်း တေဇာသိ
ခဲ့သည်။

ဒါဟာ သံယောဇဉ်ရဲ့ အစပေပဲလား။

သူမနှင့်ဆုံစည်းနိုင်ဖို့ အခွင့်အလမ်းတွေကို တေဇာ
လင့်နေမိဆဲပေါ့။

ပျောက်ဆုံးသွားတဲ့ နဂ္ဂတစ်တွေအစား သူမ စိတ်
တိုင်းကျပုံများကို ရိုက်ကူးပေးဖို့ ကတိပေးခဲ့ခြင်းဟာ ဝိုင်း
သလေးကို အနီးကပ်ကြည့်ခွင့် မြတ်နိုးခွင့်တွေ ရယူချင်
ဆိုပါမူ ဝိုင်း သူ့သဘောထားကို လက်ခံနိုင်မှာတဲ့လား
သိ။

ကြင်သူ ဝိုင်းကတော့ သူ့ရင်မှအဖြစ်ကို သိမှသိပါ
လေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ကင်မရာမင်းတေဇာတဲ့။ သူဘယ်လို လူစားမျ
လဲကွယ်။

ခုမှတွေ့ဖူးမြင်ဖူးပေမယ့်လို့ သူ့အကြည့်များက ရူ
လွန်းလှ၏။

ဝိုင်းအဖို့ သူနှင့်အကြည့်ချင်းဆုံတဲ့ ခဏလေးမှ
တင် တည်ငြိမ်နေခဲ့ပြီဖြစ်သော သူမနှလုံးသားက ရင်ခုန်
အဖြစ် နိုးထလာခဲ့ပြီ။

တစ်ချိန်က သူမစွဲလန်းခဲ့ဖူးသော မျက်ဝန်းညိုမျာ
နှင့်တော့ တစ်မျိုးစီဆွဲဆောင်မှုရှိနေပါ၏။

သေချာတာတစ်ခုကတော့ဖြင့် သူ့အကြည့်မျာ



တာလည်း တစ်ချိန်က သူ့လိုပဲ သူမအတွက် ရင်ခုန်လှိုက်မောမှုတွေရှိနေသည်။

ပြီးတော့ ခုမှမြင်တွေ့ရပါတဲ့ သူ့အပေါ်မှာ သူမဘက်က ဘာကြောင့် ခွင့်လွှတ်နားလည်မှုတွေ ပေးမိခဲ့တာပါလိမ့်။

သေချာတာတစ်ခုက ရှင်းသန့်နေတဲ့ သူ့ပုံစံချောချောကို သူမ တိမ်းမူးမိသွားလို့ပဲဖြစ်သည်။

တကယ်ဆို သူ့ဆီက ဓာတ်ပုံများဟာ သူမ အတွက် စီးပွားရေးအရရော အလုပ်အကိုင်နှင့် နာမည်ရရေးအတွက်မှာပါ အမိကအရာရောက်မယ့်ပုံများပဲ ဖြစ်သည်။

သူမဖန်တီးထားခဲ့တဲ့ အဆင်ဆန်းအထည်ဆန်း ဖက်ရှင်အကျီများအား ကုမ္ပဏီတော်တော်များများမှ သဘောကျလျက် သူမအား ကမ်းလှမ်းနေခဲ့ကြပြီ။ ဒီလို အရေးပါတဲ့ ဓာတ်ပုံတွေပျောက်ဆုံးမှုကို လွယ်လွယ်နှင့် ခွင့်လွှတ်နိုင်ခဲ့တာ ဘာကြောင့်များလဲကွယ်. . .

ဒါကို သူမကိုယ်တိုင် ဆန်းစစ်လို့ မရခဲ့ချေ။

ဖြစ်နိုင်တာက တေဇာဆိုတဲ့သူ့ကို သူမရင်ခုန်နေမိတာကြောင့်ပဲ ထင်သည်။

ငုဝါကို ဒီအကြောင်းတွေ ဖွင့်ဟမိတော့ ငုဝါမှာ

www.burmeseclassic.com



ရင်ဘတ်ကိုထုရင်း . . .

'ဟယ် . . . ဝိုင်း အဲဒီနဂ္ဂတစ်တွေဟာ နင့်အတွက် ဘယ်လောက်အရေးပါတယ်ဆိုတာ နင်မသိဘူးလားဟယ်၊ အံ့ပါ့ . . . လွယ်လွယ်နဲ့များ ခွင့်လွှတ်လိုက်ရတယ်လို့'

'ကိုယ်က ဖန်တီးရှင်ပဲကွာ၊ အချိန်မရွေးကိုယ့်လက်ထဲမှာရှိနေတာ ပျောက်သွားပြီဆိုမှတော့ ပြန်မှမရနိုင်တော့တဲ့ဟာ၊ အပြစ်ပြောနေလို့ကော ပြီးမလား'

'ဒါတော့ ဒါပေါ့၊ နင့်ဒီဇိုင်းတွေက ပေါ်ပြူလာဖြစ်နေတာလည်း ထည့်တွက်ဦးလေ၊ နဂ္ဂတစ်တွေ ပျောက်သွားပါတယ်လို့ ဟန်ဆောင်ပြောပြီး တခြားမှာ လုပ်စားသွားရင် ဘယ်နှယ့်လုပ်မလဲ'

ငုဝါက အဖြစ်နိုင်ဆုံး ထင်မြင်ချက်ပေးပေမယ့်လို့ စကျော်အပေါ် ဝိုင်းဘယ်လိုမှ အထင်မမှားခဲ့ချေ။

'သူ့ရုပ်ရည်က အဲဒီလောက်အောက်တန်းမကျပါဘူး ငုဝါရဲ့၊ မေမေ့တို့ရှေ့မှာပါ ရိုးရိုးသားသားနဲ့ ပျောက်ဆုံးကြောင်း ပြောသွားတာ'

'အင်း . . ရှေ့နေမက ဟိုဘက်ဇော်တော်တောင်ပါနေတာပဲဟာ၊ ကဲပါလေ နင်တောင်ကျေနပ်မှ တို့က အနေသာကြီးပါနော်၊ ဒါနဲ့ နင့်ကို ကုမ္ပဏီနှစ်ခုက ကမ်းလှမ်းထား

တာဆို၊ ဘယ်မှာ ဝင်ဖြစ်မလဲ'

'အင်း . . . မမမီနဲ့ အရင်ဒိတ်လုပ်ထားတဲ့ ဦးညီ သက်ကုမ္ပဏီမှာ အရင်ဝင်ဖြစ်မယ်၊ မနက်ဖြန် သူ့ရှေ့နေနဲ့တွေ့ပြီး စာချုပ်ချုပ်ရမှာ'

'ဟဲ့ . . . ဝိုင်း ကုမ္ပဏီလုပ်တာလဲ၊ စာချုပ်က ဘာလုပ်ဖို့လဲဟဲ့'

'အြော် . . . နင်ကလည်း ကုမ္ပဏီတော်တော်များများက ငါ့ဒီဇိုင်းကို သဘောကျနေတာလေ၊ တော်ကြာ ဒီကုမ္ပဏီမှာ လုပ်နေရင်းနဲ့ ဟိုကဒီက ငွေနဲ့ပေါက်ပြီးခေါ်ရင် ပါသွားမှာ စိုးလို့ပေါ့'

'ဟင် . . . အမလေးနော်၊ ငါတောင် နှင့်ကို အားကျလာပြီနော်'

'ရတယ်လေ . . . နင် နပ်စ်အလုပ်က ထွက်လိုက်ပေါ့'

'မလုပ်ပါနဲ့ဟယ်၊ ကိုယ်နဲ့တန်ရာတန်ရာပဲ ကောင်းပါရဲ့၊ ဒါနဲ့ မုလဲတစ်ယောက် သတင်းကော ဘာကြားမိသေးလဲ ဝိုင်း၊ တို့သူငယ်ချင်းတွေလည်း ကွဲသွားကြတာ ကြာပြီနော် တစ်ခါတစ်ခါတော့လည်း သတိရတယ်ဟာ'

ငုဝါ အစဖော်ပေးလိုက်တော့ ရင်မှာရှိနေတဲ့

www.burmeseclassic.com



အလွမ်းဓာတ်ခံက ချက်ချင်းခေါင်းထောင်ထလို့လာ၏။

'အေးဟယ်. . . ငါတို့သူငယ်ချင်းတွေ ခုနေများ ပြန်တွေ့ဖြစ်ကြရင် တစ်ယောက်ကိုတစ်ယောက်တောင် မှတ်မိပါ့မလားပဲ'

'ဟုတ်ပါ့ကွာ၊ ပုလဲတို့မောင်နှမ ပျောက်သွားလိုက်တာမှ စုန်းစုန်းကို မြုပ်ရောပဲ'

ငုဝါပြောမှ ပုလဲအစ်ကို သူ့အား မျက်ဝန်းညိုများကိုပါ အမှတ်ထင်လာမိသည်။

နွေးထွေးတဲ့အကြည့်လေးများနှင့် သူမအား ရင်ခုန်စေခဲ့သူပင်။

ရှပ်အင်္ကျီအဖြူကို ဆိတ်ခွံပုဆိုးကွက်စိပ်လေးများနှင့် တွဲဝတ်တတ်တဲ့ သူ့ပုံစံကို ဝိုင်းရင်ထဲမှာ ဒီနေ့အထိ ရင်ခုန်နေဆဲပင်။

ဪ. . . မေ့နိုင်သူကတော့ ခုချိန်မှာ မေ့နေလောက်ရောပေါ့။

ဝိုင်းမှာသာ ကြုံလို့အမှတ်ရမိလေတိုင်း သတိတရတမ်းတ ရင်ခုန်နေမိခဲ့တာပါ။

✤ ✤ ✤

## အခန်း (၂၅)

မွေးနေ့ရှိုးပွဲက ပြန်လာပြီးကတည်းက သူ့စိတ်တွေအားမငြိမ်နိုင်ခဲ့ချေ။

တည်ငြိမ်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ခုလို စိတ်ကစဉ့်ကလျား ဖြစ်နေဖို့တော့ သင့်မည်မဆင်ချေ။

ဒါပေမယ့် စိတ်ဆိုတာကလည်း အခက်သား။ ထိန်းချုပ်ဖို့ကြိုးစားလာမှ လွှင့်မျောလို့နေ၏။

လောကမှာ လူတူမရှား၊ နာမည်တူမှရှားဆိုတာ တကယ်ပဲ မှန်နေပြီလား။

ဒီဝိုင်းဖန်တီးရှင်မလေး ဖိုင်ဦးတဲ့။ သူ့ရင်ထဲက တွယ်တာမိခဲ့ဖူးတဲ့ လမင်းလေးများလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တာ မဖြစ်နိုင်တာ အသာထားလို့ မိန်းမ
နေဟန့်နှလုံးသားများက ရင်ခုန်ရမယ့်အစား တုန်လှုပ်နေ
ခဲ့သည်။

ပထမအကြိမ်ရော ဒုတိယအကြိမ်မှာပါ နာကျင်
ခံစားခဲ့ရသူမို့ အကြောက်ကြီးကြောက်နေမိပါပြီ။ အထူး
သဖြင့်တော့ မူယာမာယာများနှင့် မြူစွယ်တတ်သူများ
သူ့နှလုံးသားကပို၍ နာကျဉ်းမိနေသည်။

မှတ်မှတ်ရရ သူများကတ်ရှေ့မှာ ကားထည်လဲလာ
မျက်တဲ့ ချာတိတ်မလေးနှင့် ဒီဇိုင်းရှင်မလေးက မသိစိတ်
မှာ တစ်ပုံစံတည်း တူညီနေသလိုလို။

နေဟန်ဆိုတဲ့ သူ့အား မဟုတ်မှလွဲရော ပုံစံတစ်မျိုး
နဲ့ ချဉ်းကပ်လာနေကြတာများလား။

ခုချိန်ခါမှာ နေဟန့်အတွက် စီးပွားရေးကလွဲလို့
ကျန်တာဆို တုန်လှုပ်မှုမရှိတော့ပါပြီ။

နေတတ်အောင်လည်း သူကြိုးစားခဲ့သည်
နှလုံးသားအရေးကို ဥပေက္ခာပြုထားလိုက်တာဆိုလည်း
များတော့မများ။

'တီ . . . တီ . . . တီ'

လူခေါ်ဘဲလ်က အဆက်မပျက်မြည်နေတာမို့ အ





အတွေးစများ ပျက်ပျယ်သွား၏။

'မောင်ထွေးရေ တံခါးဖွင့်ပေးလိုက်စမ်း၊ ဒီအချိန်
ရောက်လာမှ မန်နေဂျာ ကိုညီသက်ပဲဖြစ်မယ်'

ညီသက်က မန်နေဂျာဆိုပေမယ့်လို့ နေဟန့်အိမ်
မိသားစုဝင်တစ်ယောက်ပမာ အဝင်အထွက်က ရှိနေ
၏။

'ကျွီ'

'ဟာ . . . ကိုနေ ရှိမှရှိပါ့မလားလို့ဗျာ'

ထင်တဲ့အတိုင်း ညီညီသက်ပုံစံက ပျာပျာသလဲ။

'အေးဗျာ ပြန်ရောက်တာတော့ မကြာသေးပါဘူး၊
ယ်က အကြောင်းတွေ စားမြုံ့ပြန်ကြည့်နေတာ'

'ကဲ . . . ကဲ ဒါအသာထား ကိုညီသက်၊ ဒီဇိုင်း
ဆရာမက ကျွန်တော်တို့ ကမ်းလှမ်းမှုကို လက်ခံရဲ့လား၊
နိုင်ရင်တော့ ပြေလည်စေချင်တယ်ဗျာ'

'ကျုပ်ရဲ့ ကတ်စတန်မာတွေက အထည်ဆန်းတွေ
တမ်းတနေကြပြီဗျာ၊ သူတို့ဆန္ဒကို ကျုပ်ဖြည့်ဆည်း
ချင်တယ်'

'ဈေးကွက်ဆိုတာ ရတုန်းခဲ့ထားနိုင်မှဗျ၊ ပုံ
ဆန်းတွေကတော့ ဝယ်လက်ကျနေတာ ကိုညီသက် အ



www.burmeseclassic.com

www.burmeseclassic.com



မြင်ပဲ၊ တစ်လောကပြန်ပို့တဲ့ ကွန်တင်ဒါဆို ကျွန်တော် အရင်း ဓောင်မကြေဘူး'

'စိတ်တော့ အေးအေးထားပါ ကိုနေ၊ မိမိသင်တန်း ထွက်ဆိုတော့ ကျွန်တော်ဦးပြီး ဘွတ်ကင်နိလုပ်ထားပြီး သားပါ။ ရှိုးဓာတ်ပုံတွေတော့ နဂ္ဂတစ်ပျောက်လို့ ကျွန်တော် တို့ မရတော့ဘူး'

'ဟာဗျာ နှမြောစရာ၊ အဲဒီနေ့က မော်ဒယ်လ်နဲ့ ဒီဇိုင်းအထည်က အရမ်းဖက်ရှင်ကျနေတာဗျ၊ ကျွန်တော် အရမ်းသဘောကျနေတာ'

'ဒီအတွက် မပူပါနဲ့ကိုနေရယ်၊ ဖန်တီးသူရှိနေမှ တော့ ဓာတ်ပုံကြော်ငြာဆိုတာ အချိန်မရွေး ရိုက်ယူလို့ရပါ တယ်'

'ဟာ. . . ဒါတော့ ကိုညီသက် ပြောမှလား၊ ကဲ ရိုက်ပါပြီတဲ့၊ ရှိုးပွဲကုန်ကျစရိတ်၊ မော်ဒယ်လ်ငှားခ ကုန်ကျ စရိတ်၊ ဧည့်ခံစရိတ်တွေ ရှိသေးတာပေါ့ဗျ၊ ကဲပါလေ ဒီဇိုင်းဖန်တီးသူသာရ ကျွန်တော် အကုန်အကျခံပါ့မယ်'

'မပူပါနဲ့ ကိုနေ၊ ဒီဇိုင်နာနဲ့ကျွန်တော် သေချာ ကွန်တက်ခ်လုပ်ထားပြီးပါပြီ၊ ကြော်ငြာအတွက် အကောင်း ဆုံးဖြစ်အောင် သင်တန်းရဲ့ ရှိုးခန်းမမှာ အောက်ဗိုးရိုက်ပေး





...မယ်တဲ့၊ မနိုပ်ဘူးလား'

'ကိုညီသက် ကောင်းသလိုသာ စီစဉ်လိုက်ပါလေ၊ ကျွန်တော် အားလုံးလွှဲပြီးသားပဲ၊ ကြော်ငြာအတွက်တော့ အထည်ခပ်ဆန်းဆန်းလေးတွေ ရမှဖြစ်မယ်ဗျ'

'စိတ်ချနေပါ ကိုနေ၊ မိမိက သူကိုယ်တိုင် သေသေ ချာချာ အပ်ပေးထားတာဆိုတော့ ဒီဇိုင်းရှင်လေးက ကျွန် တော်တို့ လိုချင်တဲ့ ပုံစံအတိုင်း ပြောယူလုပ်လို့ရပါတယ်'

'ကောင်းပြီလေ ဒါဖြင့်လည်း အမြန်ဆုံး သူနဲ့စာချုပ် ချုပ်ထားလိုက်ရအောင်ပါ။ ဘယ့်နှယ်လဲ'

'ဖြစ်တယ်ကိုနေ မနက်ဖြန် ကိုနေနဲ့ပေးတွေ့ပြီးတာ နဲ့ စာချုပ်ချုပ်မှာပါ'

'အိုကေဗျာ၊ ကျွန်တော်က ဟိုသွားဒီသွားနဲ့ဆို တော့ ဒါတွေမလုပ်နိုင်တော့ဘူး၊ ကိုညီသက်ပဲ တာဝန်ယူ ပေးပါဗျာ'

'ဟုတ်ကဲ့ ကိုနေ၊ ကျွန်တော့်ကိုလည်း ခွင့်ပြုပါဦး'

'အေးဗျာ'

ညီညီသက်ရှိလို့လဲ သူ့အတွက် အသက်ရှူချောင် နေရခြင်းပင်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

'သမီးရေ တယ်လီဖုန်းလာတယ်၊ မီမီဆီက'

'ဟုတ်ကဲ့ မေမေ၊ လာပြီ လာပြီ'

ကွန်ပျူတာနှင့် အကျီဒီဇိုင်းဆွဲနေရာမှ ဝိုင်း
တယ်လီဖုန်းရှိရာလှမ်းခဲ့၏။

'ဟဲလို မမမီ ဝိုင်းပါ'

'× × × × × ×'

'ရှင်. . . မန်နေဂျာ ကိုညီသက် လာသွားတယ်
နဂ္ဂတစ်ပျောက်လို့ ကြော်ငြာခေတ်ပုံ အကြောင်းဘာပြော
သွားသေးလဲ မမ'

'× × × × ×'

'အင်းလေ အဲဒီအတွက် မပူပါနဲ့၊ သူက သူ့အဖြ
အတွက် အောက်ဒိုးရိုက်ပေးပါ့မယ်တဲ့ မမမီရဲ့'





'× × × × ×  ×'

'ဟင်း. . . ဟင်း. . . ယုံရပါတယ် မမမီရဲ့၊ သူ့မှာဒီလို
...တ်ထားမျိုးတော့ ရှိမယ်မထင်ပါဘူး'

'× × × × × ×'

'အို. . . မမမီကလည်း ပေါက်ပေါက်ရှာရှာ ပြော
...တော့မယ်၊ ဒါပဲနော်၊ ဟုတ်. . . ဟုတ် မနက်ဖြန် ဝိုင်း သွား
...တွေ့လိုက်ပါ့မယ်'

နဂ္ဂတစ်ကိစ္စနဲ့ ခေတ်ပုံဆရာကို မမမီခိုင်က သိ
...သုံးကြည်ပေမယ့် ဝိုင်းကတော့ သူ့မျက်နှာ တစ်ခါမြင်တွေ့
...သုံးလေးနဲ့တင် ထောက်ခံချက်တွေ ပေးနေမိသည်။ ရှက်ဖို့
...တော့ အကောင်းသား။

မမမီကို ခုမှမြင်ဖူးသူဘက်ကလိုက်ပြီး ပြောမိတော့
...နေမဆိုပြီး သူမအား စနေပြန်သည်။

ဘာပဲဖြစ်ဖြစ် အောက်ဒိုးရိုက်ဖြစ်ခဲ့လျှင်တော့ သူ
...နှင့်ဝိုင်း ထပ်မံဆုံတွေ့ခွင့်ရဦးတော့မှာမို့ ဝမ်းသာသလို
...တော့ရှိသား။

ရက်သွေးဖြာကာ ဝိုင်းစုတစ်ကိုယ်တည်း ပြုံးနေမိ
...သည်။

ရွှန်းလက်တဲ့မျက်ဝန်းအစုံကို သူမရင်ထဲမှာ ဘာလို့

www.burmeseclassic.com

www.burmeseclassic.com



များ အမှတ်တရဖြစ်နေမိပါလိမ့်။

မြင့်မြင့်ချင်း စွဲလန်းရင်ခုန်နေမိတာတော့ ဝန်ခံရ... ပါပဲကွယ်။

'ဟဲ့. . . သမီး ပြုံးစိစိနဲ့ မီမီက ဘာတဲ့လဲ'

'ဓာတ်ပုံကိစ္စပါ မေမေ၊ လိုအပ်ရင် ခုစာချုပ်မ... ကုမ္ပဏီအတွက် အောက်ဒိုးထွက်ရိုက်ပေးရမယ်တဲ့ မေ...

'အင်း. . . ငါ့သမီး ဆန္ဒရှိနေလွန်းလို့သာ မေမေ... ခွင့်ပြုရတာနော်၊ သမီးပင်ပန်းမှာတော့ မလိုလား... အမှန်ပဲ'

'သမီး ဖေဖေဆို သိပ်ခွင့်ပြုချင်တာမဟုတ်... သမီးစိတ်မကောင်းမှာစိုးလို့ မပြောတာ'

'မေမေရယ် သမီးနားလည်ပါတယ်၊ သမီး... အောင်မြင်မှုဟာ ဖေဖေနဲ့မေမေ့အတွက်ပဲ ဖြစ်စေရ...

'မြင့်ကလည်းကွာ သမီးစိတ်မကောင်းအော... ဘာတွေများ ပြောနေရတာလဲ'

'အို. . . ရှင့်သမီးအတွက် ပြောနေရတာပေါ့'

'ဘယ့်နှယ်တော် မိဘက ကောင်းစေချင်လို့ ... ပေး မိတာကိုများ'

'ဒီမယ် သမီး၊ မေမေပြောတာက သမီးအ...



နောင်ရေးအတွက်ပါ ပါတယ်ဆိုတာ သမီးသိထားပါ၊ ဘဝဆိုတာဟာ စိတ်ကူးတဲ့အတိုင်း ဖြစ်လာတာမဟုတ်ဘူး သမီး'

အဲ့ဒီတုန်းက မေမေ့စကားကို သူမ ဘာရယ်လို့ တွေးကွဲပြားပြားမသိခဲ့ရိုးအမှန်။

'ကဲ. . . ကဲ သမီးကလည်းတော်၊ မေမေကလည်း သတိပေးစကားပြောတာရပ်တော့၊ ထမင်းစားကြစို့၊ ဒါနဲ့ သမီး မနက်ဖြန်အလုပ်ကိစ္စနဲ့ စာချုပ်ချုပ်ကြမှာဆို'

'ဟုတ်တယ်ဖေဖေ အလုပ်သဘောအရတော့ ချုပ်ရမှာပဲ ဖေဖေ'

'ဟော. . . ငါ့သမီးလွတ်လပ်ခွင့်တွေ ဆုံးရှုံးနေဦးမယ်ကွယ်'

'စိတ်ချပါ ဖေဖေရဲ့၊ သူတို့က ဒီပြင်ကုမ္ပဏီတွေနဲ့ နောက်ထပ်အလုပ်မလုပ်ဖို့ ဒီကုမ္ပဏီနဲ့ပဲ ထာဝရလုပ်သွားဖို့ ဝန်ခံကတိပါ ဖေဖေ'

'အေး. . . အေး သိပ်တင်းကြပ်မယ်ဆိုရင်တော့ ...ပ်မနေနဲ့သမီး၊ ဒါဟာ သမီးရဲ့အောင်မြင်မှုကို မိတ်ပင်ဖို့ မဟုတ်ဘူးနော်၊ ဖေဖေတို့မှာရှိတဲ့ စည်းစိမ်ဟာ သမီးတစ်သက်ထိုင်စားလို့ မကုန်ပါဘူးကွယ်'

သမီးချောလေးကို ဦးလွန်းမောင် စိတ်မချနိုင်။ တစ်

www.burmeseclassic.com



သက်လုံးမိဘမေတ္တာအရိပ်နဲ့ အပူအပင် အကြောင့်အကြ မရှိနေလာခဲ့သူလေးပင်။

တက္ကသိုလ်မှဘွဲ့ရပြီးသူပင်ဖြစ်လင့်ကစား ဦးလွန်းမောင်စိတ်ထဲ ကလေးတစ်ယောက်လိုပင် အောက်မေ့မိသည်။

သမီးဝိုင်းအား အမျိုးမျိုးအလိုလိုက်ထားခဲ့၏။ လက်ရှိ စီးပွားရေးနဲ့တင် လက်ညိုးညွှန်ရာရေ ဖြစ်နေခဲ့သည်။

ယခုသော် သမီးငယ်ရဲ့ အောင်မြင်မှုအတွက် ဝမ်းသာမိပေမယ့် သမီးဖြစ်သူကို ခိုင်းမစားရက်ချေ။ သမီးလုပ်သူကလည်း ထက်၏။ ဒါဆိုဒါ ဘဝရပ်တည်မှုရ အောင် ကြိုးစားကြည့်ချင်နေတော့ နောက်ဆုံး ဦးလွန်း မောင်ရော ဒေါ်မြင့်မြင့်ခိုင်ပါ လက်လျှော့ခွင့်ပြုခဲ့ရခြင်း ဖြစ် သည်။

သမီးလုပ်စာ စားချင်၍တော့မဟုတ်။ လက်ရှိ စီးပွားရေးနဲ့တင် ဒီတစ်သက်စာ ဖူလုံနေချေပြီ။ ဘာကိုတိုးနဲ့ တင် စားသွားဦးတော့ ဘာမှပူစရာမရှိ။

✤ ✤ ✤

## အခန်း (၂၃)

မက်ခ်တူးကားပြာလေးက တော့စ်မီနီမားကတ်ရှေ့မှာ ငြိမ့်ကနဲရပ်သွား၏။

ကားပေါ်မှဆင်းလာသူက ချောမောလှပလွန်းသူလေး ဝိုင်းစုပင်။

ဖြူဝင်းနေသော အသားလေးနှင့်လိုက်ဖက်စွာ ရေ ခဲသား ပန်းဆီရောင်ကိုယ်ကြပ်အင်္ကျီလေးနှင့် လှလွန်းနေ သည်။

တကယ်တမ်း သူမွေးနှင့် တွေ့ရမယ်ဆိုတော့ သူမ ခြေဖျားလက်ဖျားများပင် အေးချင်နေသည်။

'ဟော. . . ဝိုင်းတောင် ရောက်လာမှကိုး၊ အချိန် စောနေသေးလို့ လာမယ်တောင် မထင်သေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်'

မန်နေဂျာကိုညီသက် စကားတွေပြောနေပေမယ့် ဝိုင်းရဲ့အတွေးက တစ်နေရာမှာ . . .

ဒီနေရာကို သူမ ကောင်းကောင်းသတိထား သည်ပဲ။ သူမ ကားပျက်ဖူးတဲ့နေရာ။

ပြီးတော့ မျက်နှာထားတည်တည်နှင့် မိန်းကလေး တစ်ယောက် အခက်အခဲဖြစ်နေချိန်မှာတောင် လျစ်လျူ နေနိုင်သူရဲ့ မျက်နှာကို ထင်းကနဲ အမှတ်ရလိုက်မိသည်

'လာ. . . မဝိုင်း၊ သူဌေးက မဝိုင်းကို စောင့်နေတာ

'ဟုတ်ကဲ့ရှင့်'

မဟုတ်မှလွဲရော သူဌေးဆိုသူဟာ သူများဖြစ်နေ မလား။ အဲယားကွန်းရုံးခန်းထဲဝင်လိုက်တော့ သူမမျက်လုံး များဝိုင်းစက်သွားရသည်။

သူမှ သူပင်။

သူမ ကားပျက်တာကို ယောကျာ်းကြီးတန်မယ့် မိန့်မိန့်ကြီး ကြည့်နေနိုင်ရက်သူ။

ဒီလိုလူမျိုးရဲ့ လက်အောက်မှာ အလုပ်လုပ် ဆိုတာကော သူမအဖို့ ဖြစ်နိုင်ပါ့မလား။

ရင်မှာ ဒွိဟအတွေးတွေ ဖြစ်နေဆဲ. . .





မန်နေဂျာကိုညီသက်က ခုလွတ်မှာဝင်ထိုင်ရင်း သူ့ သူဌေးနှင့်မျက်နှာချင်းဆိုင် မိတ်ဆက်ပေးနေသည်။

'ကိုနေ. . သူက ဒီဇိုင်နာဝိုင်းပါ'

'ဟုတ်ကဲ့. . ကျွန်တော် တော့စ်မီနီမားကတ်ပိုင်ရှင် နေဟန်ပါ၊ တွေ့ရတာ ဝမ်းသာပါတယ်'

နေဟန် ဟန်လုပ်ပြီးပြောလိုက်ရပေမယ့် ရင်ထဲမှာ အံ့ဩမှုတွေက များစွာပင်။

သူမမျက်နှာကို စိတ်ထဲမှာ ရင်းနှီးဖူးသလိုပါ။ တစ်ချိန်က သူ့နှလုံးသားကို ရင်ခုန်လှုပ်ရှားမှုလေးများလား။

'အင်း. . . နာမည်ကလည်း တူပဲ တူနိုင်လွန်း ပါပေမယ့် ရင်ထဲကတစ်ယောက်က ရိုးရိုးယဉ်ယဉ်ပုံစံပါ၊ သူက ခေတ်ရှေ့ ဒီလောက်ပြေးနေတာ'

ဦးနှောက်ကို ချက်ချင်းအလုပ်ပေးလိုက်သဖြင့် သူမ နှင့်ပတ်သက်သမျှ နေဟန်ချက်ချင်းသတိရလိုက်ပါ၏။

သူမ ဟုတ်၏။

နေဟန့် မားကတ်ရှေ့မှာမှ ထူးထူးခြားခြားကား ယာပျက်သူ။

တစ်ခါတောင် မဟုတ်၊ နှစ်ခါတိတိ။

တကယ့်ကား အကောင်းစားတွေနဲ့ချည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတမင်တကာ အကွက်ချပြီး သူ့အား မြှူဆွယ်လာ
တာရော မဖြစ်နိုင်ဘူးလား။

မိန်းမ မူယာမာယာတွေကို အကြောက်ကြီး
ကြောက်နေမိပါပြီ။

ဒါကြောင့်လည်း စီးပွားရေးလောကထဲမှာသာ
နစ်မြုပ်ထားခဲ့တာ . . .

ခု သူမက တန်းတန်းမတ်မတ် သူ့ဆီချဉ်းကပ်လာ
နေပြီ။

ကိုယ့်လုပ်ငန်းခွင်မှာလည်း သူမသည် အစိကအချက်
က ဦးဆောင်နေပြန်တော့ အခက်သား။

သေချာတာတစ်ခုကတော့ သူမနှင့် တဒင်္ဂဆုံတွေ့
ချိန်လေးမှာ တည်ငြိမ်နေတဲ့နှလုံးသားတွေ သိသာစွာ လှုပ်
ရှားနေပြန်၏။

'အင်း. . .ကျွန်တော့် ကုမ္ပဏီမှာတော့ ယောဒိ
မဝိုင်းကို အလိုရှိနေတာ အမှန်ပဲ။ အထူးသဖြင့် အထည်
ဒီဇိုင်းသစ်တွေ ထုတ်ချင်တာပါ။ တစ်ခုတော့ရှိတယ်နော်

'ဒါဟာ ကျွန်တော့်ကုမ္ပဏီအတွက်ပဲ ဖြစ်ရမယ်
ဘယ်လိုလဲ ကျေနပ်ရဲ့လား'

စကားပြောတာကိုက အထက်စီးဆန်နေတာ



ဝိုင်းစုမျက်နှာကို မဲ့ပစ်လိုက်မိသည်။

ယခင်က စွဲလန်းခဲ့ဖူးသူနှင့် တူသယောင်ရှိတဲ့ ထင်
မြင်ချက်ကို ချက်ချင်းချေဖျက်ပစ်လိုက်ပါသည်။

ဟိုတစ်ယောက်မှာ သူ့လို မောက်မာမှုရှိမနေ။
ဆင်းရဲတာပဲရှိသည်။

အို. . .လူတူမရှားပဲဟာ ဒီလူက အတ္တကြီးတဲ့ရုပ်
ချိုး ငါ့ မာနနဲ့ တွေ့သေးတာပေါ့။

'ကောင်းပြီလေ ကျွန်မ မျှော်မှန်းတဲ့လစာ ရှင်တို့ပေး
နိုင်ပါ့မလား'

'အဟွန်း. . . ပြောကြည့်ပေါ့၊ ကျွန်တော် ပေးနိုင်
မယ် ထင်တာပဲ'

'ဒါဖြင့် ကျွန်မသိန်းဂဏန်းရမှဖြစ်မယ်၊ ဒါဆို ရှင်တို့
ကုမ္ပဏီပိုင် ဖြစ်သွားမှာပါ'

စကားပြောဆိုပုံက အချိုးမကျလှ။ ရှင်တွေ ကျွန်မ
ဆွေနှင့်နေဟန်လို လုပ်ငန်းရှင်သူဌေးကိုတောင် ထိမထင်
တဲ့ပုံမျိုး ကြည့်ရသေးတာပေါ့လေ။

'ကဲ. . . ကိုညီသက် သူနဲ့ပြောတဲ့လစာအတိုင်း
သုံးလစာ စာချုပ်ချုပ်ပေးလိုက်ပါ'

'ဟုတ်ကဲ့ ကိုနေ'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး အခန်းပြင်ထွက်ခဲ့၏။ အတွေးထဲမှာတော့ သူမသာ လိုက်ပါလာသည်။

လူကသာ မထိလေးစားနှင့် သူမတတ်ထားတဲ့ ပညာကြောင့်မို့သာပေါ့။ နို့မို့သာဆို နေဟန်တို့က ပတ်သက်ဖို့ဝေးစွ၊ ခုလည်း တမင်ရှောင်ထွက်လာခဲ့ခြင်း ဖြစ်သည်။

နေဟန်ထွက်သွားတာကို ကြည့်ပြီး သူမပြုံးဖြစ်၏။

'အလကား လူ့ဘဝင်ကြီး၊ ဟွန်း. . . ငါပြောလိုက်မိတဲ့ စကားက ကွက်တိပဲ၊ ဒါတောင်သူက အသာတကြည်သဘောတူသွားသေးတယ်'

ဝိုင်းစု တမင်တကာ မဖြစ်နိုင်တဲ့လစာကို တောင်းလိုက်ခြင်းဖြစ်သည်။

သူက ဘယ်လောက်တောင် ချမ်းသာနေသည် မသိချေ။ အလွယ်တကူပဲ ခေါင်းညိတ်လက်ခံသွား၏။

သူမမှာ သူ့အထင်ကြီးလောက်အောင် ဒီဇိုင်းပညာတွေ ပြည့်စုံနေခဲ့ပြီလားရယ်တော့ ရယ်ချင်စရာပင်။

✤ ✤ ✤



## အခန်း (၂၈)

ဇော်ကြီး တေဇာ့အဖြစ်ကိုကြည့်ပြီး ရယ်ချင်နေမိသည်။

'မင်းဟာကလည်းကွာ၊ ကြာရင် ရူးသွားနိုင်တယ် ကွ ချာ၊ ကိုယ်က စွဲလန်းနေမှတော့ကွာ မမမီနဲ့မင်းလည်း ရင်းနှီးနေတဲ့ဟာ၊ သင်တန်းမှာ သွားတွေ့လိုက်ပေါ့'

'တွေ့ချင်တာပေါ့ကွာ၊ ဒါပေမယ့် သူက ခန့်ကလေးကွ၊ ငါကတော့ ဘာအကြောင်းလဲ'

'အေး. . . သေချာတာကတော့ သူ့ပုံနဂ္ဂဟ်တွေ ချောက်ပစ်လိုက်လို့ တိုသွားတာနေမယ်'

'မဖြစ်နိုင်ဘူး ဇော်ကြီး သူ့ကိုငါ အချုံးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတော့ ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်ခဲ့တာကွ'

'ဟွန်း . . . ဒါများကွာ အတွင်းထဲက စိတ်ကို သိနိုင်တာမှတ်လို့ ဟန်ဆောင်နေလိုက်တော့ကော မင်းက သိမှာတဲ့လား တေဇာ'

'အေးကွာ . . . ငါတော့ မခန့်မှန်းတတ်တော့ဘူး သူ့ပုံတွေကျမှ ဒီလိုဖြစ်သွားရတာ ငါ့ကံကိုက ဆိုးတာပါ'

'ကံဆိုးတာထက် မင်းသူ့ပုံတွေဖျောက်ဖျက်ပစ် လိုက်တာ အဆိုးဆုံးပဲ တေဇာ၊ နောက်မို့လို့ကတော့ ခုချိန် ဆို သူနဲ့မင်း အဆင်ပြေနေလောက်ပြီ'

'ဘယ်တတ်နိုင်မှာလဲကွာ၊ ငါ့ကံတရားပေါ့'

မျှော်လင့်ခြင်းတွေ ကုန်ဆုံးပြီလို့တော့ဖြင့် တေဇာ မတွေးရဲချေ။ တစ်ကြိမ်ကြိမ်မှာတော့ သူမနှင့်သူ ထပ်မံဆုံ တွေ့ချင်ပါသေး၏။

တစ်ကြိမ်ဆုံတွေ့မိဖူးတာနှင့် နှလုံးသားမှာ ကျွမ်း မြေ့အောင် ခံစားနေရသည်ဆို ပိုတယ်များဆိုမှာလား ဝိုင်း ရယ် . . .

အပင်ချင်းတူပေမယ့် ပွင့်အာလာပုံချင်း ကွာခြား သည် ထင်၏။

တခြားမိန်းကလေးများနှင့် မတူတဲ့ ဆွဲဆောင်မှု



[illegible] ဝိုင်းဆိုတဲ့ သူမမှာ ရှိနေတာဟာလည်း သူ့အတွက် [illegible]ခြားမှုတစ်ခုပါပဲ။

တေဇာဆိုတာကလည်း ကျားထဲက ကျားတစ် [illegible]ကောင်ပါပဲလေ၊ မိန်းကလေးတော်တော်များများနှင့် [illegible]ဆက်ဆံနွယ်ခဲ့ဖူးပါသည်။

တစ်ကြိမ်တစ်ခါ မြင်တွေ့ဆုံစည်းမိတာနှင့် အရှူး [illegible] ဖြစ်နေခဲ့ရပြီ။ ခက်တာက သူ့ဘက်က ရင်ခုန်မှုတွေ [illegible]ဆုံးကပ်ဖို့ကျတော့ အင်အားတွေ ဘာကြောင့်များ မဲ့နေ [illegible]လဲကွယ်။

ခက်ပါဘိတော့ ချစ်ဦးသူ ဝိုင်းရယ်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

'ဟဲလို. . . ကျွန်တော် ဇော်လွင်ပါ'

'× × × × × ×'

'ဩော်. . . ဟုတ်ကဲ့ ဟုတ်ကဲ့ဗျာ၊ ရှိပါတယ်၊ ခေါ်ပေးမယ်လေ မမမီ'

တယ်လီဖုန်းကို ခဏချပြီး တေဇာ့ကို လှမ်းခေါ်ရှာကြိုးစားရ၏။

ငယ်ပေါင်းသူငယ်ချင်းအရင်းကြီးတွေမို့ တေဇာ့ရင်ထဲမှာ ဘယ်လိုဝိုင်းအတွက် ခံစားနေရတာကို ဝိုင်းကိုမမြင်ဖူးသေးပေမယ့်လို့ ခန့်မှန်းလို့ရနေပါသည်။

တေဇာ တက္ကသိုလ်ကျောင်းသားဘဝမှာကတည်းက မိန်းကလေးများနှုတ်ဖျားမှာ ရေပန်းစားနေသူတစ်





ယောက်။ တစ်နည်းဆိုသော် ဥစ္စာပေါရုပ်ချော ဖျို့တိုင်းကြိုက်တဲ့နှင်းဆီခိုင်။

တေဇာက အကျင့်ကောင်းတစ်ခုရှိသည်။ မိန်းကလေးများနှင့်ထည်လဲ တစ်ယောက်ပြီးတစ်ယောက် တွဲခဲ့သော်ငြားခဲ့ပေမယ့် ကျူးလွန်းမှုမရှိခဲ့ချေ။

စွဲစွဲလန်းလန်းလည်း မရှိခဲ့တာ။ အနီးကပ် ငယ်ပေါင်းများမို့ ဝိုင်းနဲ့ပတ်သက်ပြီး တေဇာ တကယ်သံယောဇဉ်ဖြစ်နေပြီဆိုတာ အသိသာကြီးပါပဲ။

ခုလည်း ဝိုင်းနဲ့ပတ်သက်တဲ့ သတင်းလေးမို့ တေဇာ့အတွက် ကြားကပင်ဝမ်းသာမိသည်။

'တေကြီးရေ ဟေ့ တေကြီး'

ငယ်နာမည်တေကြီးကို အားပါးတရအော်ခေါ်မိသည်။

သူငယ်ချင်း ဝမ်းသာပါစေတော့လေ။

'ဟေ့ကောင် တေကြီး ဒီမှာအရေးကြီးတယ်ကွ'

'မင်းဖုန်း မမမီဆက်တာ'

မမမီဆီကဆိုမှဖြင့် သူမနဲ့ပတ်သက်တဲ့သတင်းလေးတော့ ရနိုင်ကောင်းပါရဲ့။

တယ်လီဖုန်းကို အလောတကြီးကောက်ကိုင်လိုက်ကာ-



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်လို မမမီ ကျွန်တော် တေဇာပါ'

'× × × × ×'

'ဗျာ ဟုတ်ကဲ့ မမေ့ပါဘူးဗျာ၊ ဝိုင်းကို ကျွန်တော် သေချာကိုကတိပေးထားတာပါ'

'× × × × × ×'

'ဟုတ်ကဲ့ ကျွန်တော် အကောင်းဆုံးဖြစ်အောင် ရိုက်ပေးမှာလို့ ဝိုင်းကိုပြောပေးပါနော်'

'× × × × ××'

'ဆန်းဒေး ၉ နာရီအရောက် ဟုတ်ကဲ့ ကျွန်တော် ရောက်အောင် လာခဲ့ပါ့မယ်'

'ဟုတ် ဒါပဲနော် မမမီ ကျေးဇူး'

ဖုန်းချလိုက်တာနှင့် ဇော်လွင်က မျက်နှာကိုစပ်ဖြီးဖြီးနှင့်လုပ်ကာ . . .

'ဟော့ကောင် မျက်နှာကအမဲရိုးတွေ့တဲ့ ဟိုဟာကျ နေတာပဲ မမီက ဘာပြောလိုက်လို့လဲ'

'သိချင်ရင်လဲ လူလိုမေးကွာ'

'ခွီးခွီး အေး အေး သိချင်တော့လဲ မိန့်ကြားရတာ ပေါ့ကွာ၊ ဒီလိုကွ ဝိုင်းက ကုမ္ပဏီတစ်ခုအတွက် ဒီဗိုင်း ကြော်ငြာအောက်ဒိုးရိုက်ချင်လို့တဲ့'





'အားပါး တယ်ဟုတ်ပါလား ဒါနဲ့ဘယ်မော်ဒယ်လ်နဲ့လဲကွ'

'ဟောအေး သူ့ဗီဇိုင်းနဲ့ သူရိုက်မှာ မငှားတော့ဘူးတဲ့'

'ဟာကွာ ဒီဇိုင်နာလုပ်နေပြီး ဒီလောက်ပဲ ကပ်စီးနည်းရသလားကွာ၊ ပြောတော့ ကုမ္ပဏီအတွက်ဆို၊ ဟော့ကောင် တေဇာ နှပ်ချေးငါးပိလုပ်စားနေမယ်နော်၊ ကြည့်လဲလုပ်ဦး'

ဇော်လင်း ဝေဖန်တော့ တေဇာ့မျက်နှာရှုံ့သွားလျှက်က . . .

'တောက်'

'ဇော်ကြီး မင်းပါးစပ်အားနေတယ်ဆိုရင် အာလုတ်ကျင်းလိုက်၊ ဝိုင်းကို အနီးကပ်ရော မြင်ဖူးသေးလို့လား မောင်ရဲ့၊ ပြစ်မျိုးမှဲ့မထင်အလှကွ၊ ဘာမော်ဒယ်မှ ငှားဖို့မလိုတာ သူ့ဗီဇိုင်းနဲ့သူ ကြော်ငြာရှိုးအောက်ဒိုးရိုက်မှာကွ'

'သြော် သြော် ဒါဖြင့်ငါ့ကောင်တော့ ရေငတ်တုန်းရေတွင်းထဲကျတာပေါ့'

တေဇာ့ကိုယ်စား ကြားကဝမ်းသာမိသည်။

'အမှန်ပေါ့ကွယ် ရှိုးပွဲတုန်းက လူတွေအများ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ကရှုပ်နဲ့ ဒီတစ်ခါကျမှ ဝိုင်းရဲ့အလှကို စိတ်တိုင်းကျကြ…
ခွင့်ရတော့မှာ'

'ဩော် ဩော် သူများသားသမီးတွေများကျတော့…
လည်း ကောင်းစားချင်တော့ နေ့ချင်းညချင်းပါလားနော်…
ငါ့ မှာသာ'

'ကုသိုလ်ချင်းလဲကွာတယ်လေ ဒါနဲ့ ဖော်ကြီး…
နီကွန်ကင်မရာ ဖွမ်းလဲပြီးပြီလား'

'အေး လဲထားတယ် မင်းဒစ်ဂျစ်တယ်ကင်မရာ…
ဘယ်ရောက်နေလို့လဲ'

'ရှိတယ် ဒီဂျစ်တယ်နဲ့ မရိုက်ချင်ဘူးကွာ၊ ဖွမ်းနဲ့ စိတ်…
တိုင်းကျဆွဲရိုက်ချင်တာ'

'လုပ်ပါဗျာ လုပ်ပါ ဒါဆရာ့ရဲ့ အောင်မြင်မှုပွဲ…
စိတ်ကြိုက်သာဖန်တီးပေတော့ ပြီးမှ မော်ဒယ်လ်ဒီဝိုင်း…
နဲ့ကင်မရာမင်း ဗေထိ ဗေထိပေါ့'

'ဟား ဟား ဟား'

'ခွေးကောင်'

✤ ✤ ✤



## အခန်း(၃၀)

'ဟော ဝိုင်းလေး ကုမ္ပဏီက ပြန်တာလား'

'ဟုတ်တယ် မမမီ၊ နေ့ခင်းက ဝိုင်းမှာတဲ့ကိစ္စလေး
…ချင်တာနဲ့ လှည့်ဝင်လာခဲ့တာ၊ မမမီ သူ့ဆီ ဖုန်းဆက်ပြီး
…ပြီလား၊ လူချင်းရော တွေ့တယ်မဟုတ်လား ဘာပြောလဲ
…ခင်'

'အမလေး မမဝိုင်း အသက်လေးဘာလေး ရှူပါဦး
…ယ်၊ ကဲ ကဲထိုင်ပါဦး ပြောပြမှာပေါ့ တေဇာဆိုတဲ့ ကင်မ
…မင်းလေးက ဒီလောက်တောင်နေရာယူနေပြီလားကွယ်'

'အို မမမီကလဲ ဘာမှန်းလဲမသိဘူး သွား'



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းမျက်နှာဖွေးဖွေးလေးက ရှက်တဲ့စိတ်ကြော
ပန်းဆီရောင်ပြေးသွားခဲ့ရသည်။

သူမကိုယ်တိုင်ကပင် တေဇာ့ရဲ့ရွှန်းလက်တဲ့အကြ
စူးစူးလေးများအား ရင်ခုန်မိခဲ့ဖူးတာမို့ မမမီခိုင် နောက်လို
တာက ချက်ကောင်းထိချက်မှန်သွားသည်။

ရှက်လိုက်တာမှ ဝိုင်းမျက်နှာ ထူပူသွားခဲ့၏။

'ရှက်မနေပါနဲ့ကွာ ချာတိတ်က ဝိုင်းအတွက်
ကောင်းဆုံးဖြစ်အောင် ရိုက်ပေးမယ်ဆိုပါလားကွယ်၊ ဗို
လေး ကုသိုလ်ထူးလှချည်လားကွာ'

မမမီခိုင် ရိုးရိုးလေးပြောနေတာ မှန်ပေမယ့်လိပ်ပြ
မသန့်သူ ဝိုင်းမှာတော့ မျက်နှာလေးနီမြန်းနေရ၏။

'မမမီရယ် သူနဲ့ဝိုင်းက ဘာမှမဆိုင်သေးပါဘူ
တွေ့တာမှ တစ်ခါတည်းမှတ်မှတ်ရရရှိသေးတာပါ'

မေးသူကမမေးခင် ကြိုတင်အဖြေကိုပိတ်ပြီး ပြေ
ထားနှင့်မိတာ ဘာကြောင့်များလဲ။

သေချာတာတစ်ခုကတော့ သူနှင့်ပက်သက်ပြီး ဝို
ရင်တွေ လှုပ်ရှားနေခဲ့တာပဲဖြစ်သည်။

'ဝိုင်းလေးရယ် ဒီလောက်အကဲခတ်ရရင် မ
သဘောပေါက်ပါတယ်၊ မှန်းစမ်း ရင်တွေများခုန်နေ





သလား'

နှုတ်ကပြောသလို လက်ကပါ ဝိုင်းရဲ့ ရွှေရင်မို့မို့လေး
အား စမ်းယူဖို့ကြိုးစားနေတာကြောင့် ဝိုင်းခမျာလက်က
လေးနှစ်ဖက်ယှက်ပြီး ကာထားလိုက်ရလေသည်။

'မမမီရယ် သူနဲ့ဝိုင်းက ဘာမှမဆိုင်သေးတာ တ
တယ်ပါလို့ဆိုမှ'

ဝိုင်း အရှက်လွန်နေမှန်းသိတာကြောင့် မီမီခိုင်က
စကားလမ်းကြောင်းလွှဲပေးလိုက်ရသည်ပေါ့။

'ကဲ ကဲ မမမီကစတာပါ ဝိုင်းရယ်၊ ဆန်းဒေးကျရင်
သာဝိုင်း အလှဆုံးပြင်ထားပေါ့၊ ဒါနဲ့ ဝိုင်းရဲ့အလုပ်ရှင်သူ
ဌေးနဲ့ရော အဆင်သင့်ရဲ့လား'

ဝိုင်းကလဲ မမမီအမေးကို ဖြေချင်နေတာ အမှန်ပါ
ပဲ။ လုပ်ငန်းရှင်ကြီးတွေမို့ ငွဲညှာနေရပေမယ့် နေဟန့် ဆက်
ဆံပုံတွေက အထက်စီးဆန်လွန်းနေ၏။

ဝိုင်းအားလိုချင်တဲ့ လခပေးထားပြီး မတူသလိုမ
တန်သလို ဆက်ဆံနေ၏။

စာချုပ်ပြီးနေ... တစ်ကြိမ်လောက်သာ သူမ
နှင့်ဆုံခဲ့ပေမယ့် ခပ်တန်းတန်းသာဖြစ်သည်။

'ကြည့်လုပ်နော် ဝိုင်း၊ အဲဒီသူဌေးနေဟန်ဆိုတာက



www.burmeseclassic.com

www.burmeseclassic.com



တို့ မိန်းမတွေကို အထင်မကြီးနိုင်ဘူးလို့ အသံထွက်နေတာကြာပြီ'

ဝိုင်း မျက်နှာကိုရှုံ့မဲ့လိုက်သည်။

'သွားစမ်းပါ မမမီရယ်၊ သူ့နှလုံးသားက ဘာနဲ့ထုထားတာမို့လဲ၊ ချမ်းသာတယ်ဆိုပြီး မာန်တက်နေတာပါ'

'ဝိုင်းတို့ကလဲ ဒီလိုလူမျိုးက အဝေးဆုံးမှာပါ မမမီရယ်'

'ဟုတ်လို့လား ကောင်မလေး သိန်းဂဏန်းငွေတွေကို သုံးလစာလောက်ကြိုချုပ်ထားတာကို သူ့မှာ မျှော်လင့်ချက်တွေ ရှိနိုင်တယ်နော်'

မမမီစကားက ဖြောင့်တန်းပေမယ့် ဝိုင်းအရှိက်ကိုထိမှန်စေသည်။

'အဟင်း ဒါကသူ့အပိုင်းလေ မမမီရဲ့၊ ဝိုင်းကတော့ ဒီလိုယောကျ်ားတန်မယ့် အတ္တဘောကြီးမျိုးကို ရင်မှာမပြောနဲ့ အပြင်ဘက်မှာတောင် နေရာမရှိပါဘူး မမမီရယ်'

သူ့မားကတ်ရှေ့မှာ သူမကားပျက်ခဲ့ဖူးတဲ့ အဖြစ်ကိုမမမီသိထားပြီးသားမို့ အထိမိဆုံးစကားကို ပြောချလိုက်သည်။

မုန်းသည်။





မလွှဲသာလို့ အလုပ်ရှင်အဖြစ်နဲ့ ဆက်ဆံနေရပေမယ့် သူချမ်းသာတာလောက်တော့ ဝိုင်းမိဘတွေလဲ ချမ်းသာကြတာပဲဖြစ်သည်။

'ဝိုင်း တကယ်ပြောတာ မမမီ ဒီလူနဲ့အကြောကို တွေးညှိတာ၊ ခုကြော်ငြာရိုက်ဖို့အတွက်တောင် သူငှားတဲ့ ကင်မရာမင်းနဲ့ ရိုက်ရမယ်ဆိုပြီး ဝိုင်းကိုအကြပ်ကိုင်နေသေးတာ'

'ဟယ် ဟုတ်လား ဘာလို့လဲဝိုင်း'

'ဝိုင်းရဲ့ ဒီဇိုင်းတွေ ပြန့်ပွားသွားမယ်ဆိုပြီး သွေးကြောင်နေတာလေ'

'ဩော် ဝိုင်းရယ် သူကငွေတွေအများကြီးနဲ့ ဝိုင်းကိုငှားထားတာပဲလေ၊ သူပိုင်တာပဲပေါ့'

'ဟင့်အင်း အဲဒါ သက်သက်ချုပ်ချယ်တာ၊ ကင်မရာမင်းအသစ် သူစိမ်းယောကျ်ားရှေ့မှာ ဝိုင်းက ဓာတ်ပုံအရိုက်မခံရဲပါဘူးနော်၊ ရှက်စရာကြီး'

မမမီခိုင် မျက်လုံးပြူး... ဝိုင်းကိုကြည့်ပါသည်။

'ဟယ် ဒါဖြင့် တေဇာနှင့်ကျတော့ရော'

'ဩော် မမမီကလဲ သူနဲ့ကမွေးနေ့ရှိုးပွဲမှာ ရိုက်ဖူးထားတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် သူ့ကိုကျဝိုင်းကမရှက်ဖူးပေါ့၊ သူလည်း
ယောက်ျားပဲလေ'

'ဟာ မမမီကလဲ ဒီဘူတာပဲလာဆိုက်တော့တာပဲ
ရှက်တော့ရှက်တာပေါ့၊ ဒါပေမယ့်'

'ကဲ ကဲ မမဝိုင်း ဒါပေမယ့်တွေဘာတွေ လုပ်မနေ
နဲ့၊ ဦးနဲ့အန်တီက နောက်ကျလို့ စိတ်ပူနေမယ် ဆန်းဒေးအ
ရင်သာ ကိုးနာရီအရောက်အလှဆုံး ပြင်လာခဲ့ပေတော့
ဟုတ်လား'

'ဟုတ် မမမီ ဝိုင်းသွားပြီ'

မမမီ မပြောလဲ လာမယ့်ဆန်းဒေးမှာ ဝိုင်း အလှ
ဆုံးပြင်ဖို့ စိတ်ကူးပြီးသားပါ။

ဒီဝိုင်းကြော်ငြာတစ်ခုထဲနှင့် ဦးနေဟန် အောင်မြင်
ကျော်ကြားသွားစေချင်သလို . . .

ကင်မရာမင်း တေဇာ့ရှေ့မှာ အလှဆုံးကိုယ်ဟန်
ပြချင်နေမိတာကို ဝိုင်းကိုယ်တိုင်အဖြေရှာမရ ဝေခွဲမရနိုင်
အောင်ဖြစ်နေခဲ့သည်။

အချိန်တစ်နေ့ထဲမှာသာပဲ နေဟန်နှင့်တေဇာ
သူမနှလုံးသားထဲမှာ တစ်ဖက်စီလွန်ဆွဲနေကြသည်။

အပူနဲ့အအေးကို ဆန့်ကျင်ဘက်နှစ်ယောက်



ဘယ်အတွက်ကြောင့်များ သူမအားစိုးမိုးမင်းမူနေကြတာ
လဲကွယ်။

အိမ်ပြန်ရောက်လို့ အိပ်စက်အနားယူခဲ့သည့်တိုင်
အတွေးထဲမှာ သူတို့ပုံရိပ်များသာ မင်းမူနေခဲ့သည်။

ဖျောက်ဖျက်ပစ်ဖို့ ခက်လှပါလားကွယ် . . .

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

'ဝိုင်းစု'

နာမည်လေးသိပ်လှသလို အလှပေါင်းစုံတို့ကလဲ သူမထံပါးမှာ ဝိုင်းလို့စုပြုံနေကြသည်ထင်ရဲ့။

မြင်သူတကာငေးရလောက်အောင် လှလွန်းနေသည်။

ရုပ်ကလှသလို မာနကထက်၏။ ဖန်တီးမှုပညာကထက်နေ၏။ နေဟန်လျှော့မတွက်ရဲချေ။

နှလုံးသားတစ်နေရာက အသည်းပွင့်ဆိုင်လေးနှင့် တူလွန်းတာကြောင့် ဦးစားပေးမိတာလဲဖြစ်သည်။

သူမအား မတန်တဆဈေးပေးပြီး ကုမ္ပဏီမှာ ခန့်ထားရသည်။





အကြောင်းတော့ရှိသည်။ နေဟန့်စီးပွားရေးလောကအတွက် သူမဟာ အဓိကနေရာမှာရှိနေသည်။

သူမဖန်တီးသမျှဒီဇိုင်းတွေ ဈေးကွက်ဝင်၏။ ရောင်းပန်းလှ၏။ ကိုယ်စားလှယ်တော်တော်များများကပင် သဘောကျနေတာတွေရှိသည်။

သို့ပါသော် နေဟန် သူမအားတစ်စုံတစ်ရာ အကြောင်းတိုက်ဆိုင်မှုလေးနှင့်လောက်တော့ ယုံကြည်မှုမရှိရဲခဲ့ချေ။

ဒါကလဲ နေဟန့်အတွက် ခိုင်လုံတဲ့အကြောင်းပြချက်တွေရှိနေခဲ့သည်ပဲ။

သူမသည် နေဟန့်ထံသို့ ကောင်းသောလာခြင်းမျိုးဖြင့် ရောက်လာခြင်းမဟုတ်။ မူယာမာယာ ဟန်ဆောင်မှုတွေနှင့် ရောက်လာခြင်းပဲဖြစ်သည်။

သူ့ကုမ္ပဏီရှေ့မှာ ကားအကောင်းစားတွေနဲ့ လာပြီးပျက်ဟန်လုပ်ပြီး တစ်ကြိမ်မက သက်သေအဖြစ် သူမကားကို ဘီးသွားလဲပေးသော ဒရိုင်ဘာကိုတူးလည်းရှိသည်။

ဒါတင်မကသေး နေဟန့်လိုအပ်ချက် အညွှာကိုကိုင်ကာ ကုမ္ပဏီထဲတိုးဝင်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မတန်မရာလစာကို တောင်းဆို၏။ နေဟန့်အဖို့ စားပြန်ရင်လဲ သဲတရှပ်ရှပ် လွှင့်ပစ်ဖို့ကျပြန်တော့လည်း အဆီကဝင်းဝင်းတောက်နေတော့ မျက်စိမှိတ်ကာကုမ္ပဏီမှာ ခန့်ထားခဲ့ရတဲ့ သဘောပင်။

ဝိုင်းစုကုမ္ပဏီ ရောက်လာမှ အထည်ဆန်းတွေ ထုတ်နိုင်ကာ ထင်တာထက်ပိုအောင်မြင်မှုရခဲ့၏။

သို့သော် သူမအား မယုံကြည်ရဲခဲ့ချေ။

မန်နေဂျာညီညီသက်ကတော့ ဝိုင်းစုမှဝိုင်းစုဖြစ်နေ၏။ ဝိုင်းစုအား သူပဲအဓိကရှာယူခေါ်ဆောင်ခဲ့တာဆိုတော့ အောင်မြင်မှုအတွက် လက်ခမောင်းခတ်နေတဲ့ သဘောပေါ့။

နေဟန့်မှာသာ မယုံကြည်ရဲ။ အခန်းတွင်းဝင်လာသော ညီညီသက်အား ထိုင်ခုံမှာထိုင်ခိုင်းလိုက်ပြီး မကျေနပ်နေတာကို ဖွင့်မေးချလိုက်သည်။

'ခင်ဗျား ဝိုင်းစုရွေးလိုက်တဲ့ ကင်မရာမင်းတေဇာ့ အကြောင်း ဘာတွေများ သိထားလဲ ကိုညီသက်'

ခင်ဗျား ကျွန်တော်နှင့်အစချီလာပြီ ဆိုကတည်းက နေဟန် မကျေလည်တော့..ဆိုတာ သုံးလေးနှစ်တိုင် အတူလက်တွဲလာခဲ့သော ညီညီသက်သိနေပေမယ့် မသိ



ဟန်ဆောင်လိုက်သည်။

ဝိုင်းစုအား အပြစ်မမြင်စေလိုတာက သူ့ဆန္ဒအရင်းခံဆိုလဲ မမှားချေ။

'ဟုတ်ကဲ့ တေဇာဟာ ငွားရမ်းတဲ့အလုပ်ရှင်ပေါ်မှာ လေးစားတယ်၊ အလုပ်အပိုင်းမှာလဲ သေချာစေ့စပ်တယ်၊ ဒီဇိုင်းကာလာခွဲခြားမှု အနီးအဝေးချိန်ဆမှုမှာလဲ အင်မတန်တော်တဲ့လူငယ်ပဲ ဘယ်လိုလဲ ကိုနေ'

ထင်မထားတာထက်ပင် နေဟန့်မျက်နှာက ရှုံ့မဲ့သွား၏။

ပြီးမှ တစ်လုံးချင်း . . .

'အဟား ဒီချာတိတ်အကြောင်း ခင်ဗျားဒီလောက်ပဲ သိထားသလားကိုညီသက်၊ ဒါဆို ခင်ဗျားသိပ်ညံ့သွားပြီ အသေးစိပ်မသိသေးတာကို ကျွန်တော်ဆိုလိုတာပါ၊ ညီညီသက်ကို အပြစ်ဖို့တဲ့သဘောတော့ မဟုတ်ဘူးနော်၊ ပြောမဖြစ်တဲ့ အကြောင်းကြောင့်သာဗျာ'

'ဟုတ်ကဲ့ ကိုနေ ပြောပါ'

နေဟန်သည် သာမာန်လူစားမျိုးတော့ မဟုတ်။ စီးပွားရေးနှင့်ပတ်သက်ပြီး အားလုံးထက်ကြိုပြီး တွေးဆဆင်ခြင်နိုင်သလို ကြိုပြီးမြင်တတ်တာတွေရှိသည်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လဲ နှစ်ဗိုင်းအတွင်း အောင်မြင်တိုးတက်လာခြင်း ဖြစ်သည်။

'အင်းဗျာ ကျုပ်က သူများကိုယ်ရေးကိုယ်တာထဲ ဝင်ပြီးတော့ မစွက်ဖက်ချင်ဘူးဗျာ၊ ဒါပေမယ့် ကျုပ်စီးပွားရေးထဲမှာ နွယ်နေတော့ မဝင်လို့မရသလို မစွက်ဖက်လို့ မရတော့ဘူးဗျ'

'ဗိုင်းစုနဲ့တေဇာဟာ မွေးနေ့ရှိုးပွဲမှာ တစ်ခါအောင် ဒိုးရိုက်ပေးထားတယ်ဗျ၊ ဒါပေမယ့် ဗိုင်းစုရဲ့ ဒီဇိုင်းကြော်ငြာ တွေ ထွက်မလာဘူးလေ၊ တေဇာ နဂ္ဂတစ်တွေ ပျောက်သွား လို့တဲ့၊ ခင်ဗျားလည်း ဖက်ရှင်သင်တန်းဆရာမ မိမိခိုင်ဆီက ကြားဖူးပြီးသားနေမှာပါ'

'ဟုတ်ကဲ့ ကြားပြီးပြီ ကိုနေ'

ညီညီသက် ဒီ့ထက်ပိုကာ စောဒက မတက်ချင် နေဟန်ပြောသမျှ ငြိမ်ပြီးနားထောင်ရုံ၊ စေ့စပ်သေချာလှ သောနေဟန်ပါလားလို့ ကြိတ်ပြီးသြချနေမိသည်။

နေဟန်အတွက်ကလဲ မကျေနပ်တာကို ချက်ချင်း ဖွင့်ဟရမှ ကျေနပ်သူပီပီ နှုတ်စောင့်ဆည်းဖို့ရာ မလိုး တော့။

'ဒီတေဇာဆိုတဲ့ ကင်မရာမင်းချာတိတ်ကို ကျွန်





တော့ အမြင်မကြည်ဘူးဗျာ၊ သူပျောက်သွားတယ်ဆိုတဲ့ နဂ္ဂတစ်တွေကို တစ်ခြားကုမ္ပဏီမှာ သွားရောင်းပစ်တာမျိုး တော့ မဖြစ်နိုင်ဘူးလား၊ ဒီဓာတ်ပုံဒီဇိုင်းတွေ ရှိနေမှတော့ အထည်ဆိုတာ ဖြစ်လာပြီပေါ့ဗျာ'

ဟုတ်တော့ ဟုတ်သား။ ဒီအထိ ညီညီသက် မ စဉ်းစားမိတာအမှန်။

'ဗိုင်းစုဆီမှာလဲ အကြံရှိလို့သာ တေဇာနဲ့ပဲ ထပ်ရိုက် ချင်နေတာနေမှာ၊ ကျုပ်ငှားမယ့် ကင်မရာမင်းကို ငြင်းနေ တာသာကြည့်၊ ဒီလောက်ဆို ခင်ဗျား သဘောပေါက် လောက်ပါပြီနော် ကိုညီသက်'

'ဟုတ်ပါတယ် ကိုနေ အဲ ဒါပေမယ့် '

'ပြောပါ ကိုညီသက် လွတ်လွတ်လပ်လပ်ပေါ့'

'ဒီလိုပါ ကိုနေ တေဇာ့ကိုတော့ မပြောတတ်ဘူး၊ ဗိုင်းစုလေးကတော့ တကယ့်အရိုးခံလေးပါဗျာ၊ လခအနေ နဲ့များများပေးထားရပေမယ့် ကျွန်တော်တို့အတွက်တော့ အချည်းနှီးမဖြစ်ပါဘူး၊ ပြီးတော့ ဗိုင်းစုမိသားစုကလဲ ပြည့် စုံကြွယ်ဝသူတွေပါ၊ ဗိုင်းစုကြိုးစားမှုနဲ့ ကုမ္ပဏီအောင်မြင် နေတာ ကိုနေလဲအမြင်ပါလေ'

'ဟုတ်ပါတယ်လေ ဒါတွေ ကျုပ်မျက်မြင်ပါ၊ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မဲ့ ကျုပ်မှာ ဝိုင်းစုနဲ့ပတ်သက်ပြီး အမြင်မရှင်းတာလေးတွေ ရှိနေတယ်ဗျာ၊ ကျုပ်ရဲ့ဒရိုင်ဘာကိုတူးဟာ ကျုပ်ရဲ့အစိ[illegible] သက်သေတစ်ယောက်ပေါ့၊ ဒီအကြောင်းကိုတော့ ကျုပ် လျှို့ဝှက်ထားပါရစေဦး၊ အခြေအနေကို စောင့်ကြည့်ချင် သေးလို့'

နေဟန်အား ထူးဆန်းတဲ့သတ္တဝါကြီးတစ်ကောင် လို ညီသက်ဝေးကြည့်နေမိသည်။ ဘာမှတော့ ပြန်ပြီးမတုံ့ ဖြစ်တော့ချေ။

နေဟန်အနေနှင့်လည်း ဒီလိုစကားမျိုး အကြောင်း မဲ့တော့ ပြောကြားမည်မဟုတ်ဆိုတာ သိနေခဲ့၏။

✤ ✤ ✤

## အခန်း (၃၂)

ကိုယ်ချုပ်တဲ့ (ဖန်တီးတဲ့)ဒီဇိုင်းအင်္ကျီဆန်းလေးနှင့် တိုယ့်မျက်နှာခန္ဓာကိုယ်ကို မှန်ရှေ့မှာ ရှေ့နောက်ဝဲယာ လှည့်ကြည့်ပြီး ကျေနပ်ပီတိဖြစ်နေရသူက ဝိုင်းစုပင်။ ပြီး တော့ သူမန်ဘေးမှာ ဂုဏ်ယူဝင့်ကြွားဟန်နှင့် တိုလီမုတ်စ ကူညီပေးနေသော မိခင်ဖြစ်သူအား . . .

'မေမေ သမီးနဲ့ဒီအဆင်ဒီဇိုင်းလေး လှရဲ့လားဟင်'

'အို လှတာမှ အရမ်းပါသမီးရယ်၊ တကယ် သမီး ရဲ့လည်တိုင်သွယ်လေးနဲ့ အင်္ကျီလည်အဝိုက်လေးက တစ်မျိုး ပေါ့ဒီလက်မောင်းသားသွယ်သွယ်လေးတွေ ဖော်ပေးတဲ့ လက်ပြတ်လေးကစလို့ အဆင်အရောင် သမီး အသား အရည် စီးထားတဲ့ဖိနပ် အို. . . သမီးဟာ မေမေ အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင်ကို အတတ်ပညာတွေ အလှတွေနဲ့ကို ပြည့်စုံနေတော့တာပါကွယ်'

မေဂမ္မချိုးကျူးသံစကားအဆုံး အလှဆုံးအပြုံးနှင့် ရွှေဘဝင်ခိုက်သွားရသူမှာဖြင့် ဝိုင်းစုပင်။

ထိုအခိုက် ဖေဖေဦးလွန်းမောင် ဝင်လာလျှက်။

'ဪ သားအမိတွေ လိုက်လဲလိုက်ပါ့ကွာ၊ ကိုယ့်ငါးချဉ်ကိုယ်ချဉ်တယ်ပဲ ပြောမှာပေါ့၊ ဟား ဟား'

'ဟင် ဖေဖေနော် သမီးကမလှလို့လား'

'ဟား ဟား အလကားစတာပါကွာ၊ သမီးကချောသလို သမီးဒီဇိုင်းလေးတွေကလဲ လှပါ့၊ ငါ့သမီး ဒီထက်အောင်မြင်ဦးမှာ၊ ကဲ ကဲ သွားတော့ သမီးကားမမောင်းနဲ့တော့ ဖေဖေပဲ မီမီ့ခန်းမဆီလိုက်ပို့ပေးမယ် ဟုတ်လား'

'ကျေးဇူး ဖေဖေ မေမေရေ သမီးသွားပြီ'

ဖြူစင်ဝင်းမွတ်သော အသားအရည်မွေးနှင့် လိုက်ဖက်စွာလှချင်တိုင်းလှနေသော သမီးဖြစ်သူလေးအား ငေးကြည့်ပြီး ကျေနပ်မိသူက ဒေါ်မြင့်မြင့်ခိုင်ပဲဖြစ်သည်။

သမီးလေး ဝိုင်း အရွယ်ငယ်ငယ်နှင့်ပင် ဒီဇိုင်နာတစ်ယောက်အဖြစ်နဲ့ အောင်မြင်မှုတွေရနေသည်။ မိဘကအားကိုးရမယ့် သမီးလေးပင်။



ခုဆို သမီးလေးဝိုင်းအား လုပ်ငန်းရှင်တော်တော်များများကပင် လိုလိုချင်ချင်နှင့်ကမ်းလင့်နေကြပြီဆိုတော့ သမီးအတွက် ကျေနပ်ဂုဏ်ယူမိသည်။

ဤသို့ တစ်ရှိန်ထိုးထွန်းပေါက်အောင်မြင်လာလိမ့်မယ်လို့ ဒေါ်မြင့်မြင့်ခိုင် ထင်မှတ်မထားခဲ့။

သမီးဝိုင်းက ကြိုးစားမှုနှင့် သက်သေပြသွားတာပင်။ ကုမ္ပဏီကပြန်လာတော့လလည်း ကွန်ပျူတာတစ်လုံးနှင့် ဒီဇိုင်းတွေအမျိုး မျိုးဆွဲနေတတ်သည်။ အလုပ်နှင့်ပတ်သက်လို့ သမီးငယ်က ဖခင်ဦးလွန်းမောင်လို ဝီရိယကောင်းသည်။

'ဖေဖေ သမီးပွဲရုံကို မလိုက်တော့ဘူးနော်၊ အလုပ်သမားတွေက ဝိုင်းကြည့်ကြမှာ'

'ဟေ ဖေဖေက ဖေဖေ့တပည့်တွေကို ငါ့သမီးချောကြောင်း လှကြောင်း သွားကြွားမလားလို့'

'ဟင် မလုပ်ပါနဲ့ ဖေဖေရယ်၊ သမီးက ကလေးမှမဟုတ်တော့တာ ရှက်စရာကြီး'

'ဪ ငါ့သမီး ဘယ်လောက်ကြီးနေကြီးနေ ဖေဖေတို့စိတ်ထဲမှာတော့ ကလေးအရွယ်ပါပဲကွာ'

'ကဲ ဒါဖြင့် ဖေဖေ ဘယ်ပို့ပေးရမလဲ ကုမ္ပဏီကို

www.burmeseclassic.com

www.burmeseclassic.com



လား၊ မီမီခိုင် ခန်းမကိုလား’

‘ခန်းမကို ဖေဖေ၊ အောက်ဒိုးက ခန်းမထဲမှာပဲ ရှိ
မှာ’

ဝိုင်းရင်တွေ့ သိသိသာသာခုန်နေခဲ့သည်။ ဘာရယ်
မဟုတ် သူနှင့်တွေ့ရမှာမို့ ဝိုင်းကိုယ့်ကိုယ်ကိုယ်အလှဆုံး
ဖြင်ဆင်လာခဲ့တာပါ။

သင်တန်းမှာ မော်ဒယ်လ်တွေကို လိမ်းခြယ်ပေး
တာကြောင့် ဝိုင်း သူ့မျက်နှာကို ဆိုင်မသွားပဲ အိမ်မှာ
ပြင်ဆင်လိုက်သည်။

ဖေဖေ့ကားပေါ်မှ ဆင်းလိုက်တာနှင့် မမမီက ..

‘ဟယ် ဝိုင်းလေး လှလိုက်တာကွယ်၊ ကဲပြောစမ်း
ဘယ်သူနဲ့တူလို့ ဒီလောက်လှတာလဲ’

‘အင်း မမမီနဲ့တူလို့ပေါ့ ဟုတ်ဖူးလား’

စကားပြောရင်းနဲ့မှ ဝိုင်းခန်းမထဲကို မျှော်ကြ
ကြည့်လိုက်တော့ သူ့အားအရိပ်အယောင်မျှ မတွေ့ရ တော့
‘အင်း ကိုးနာရီတောင် ထိုးတော့မှာ သူကခု
မရောက်သေးဘူးလား၊ သူ့သာအလွဲလွဲအချော်ချော်လု
ရင် ကိုနေဟန်ကြီးက ဝိုင်းကိုပြဿနာရှာမှာ၊ ခုရိုက်ရ
ဒီဇိုင်းတွေအကုန် စက်ာပူကို ကြော်ငြာပို့မှာ အရေးကြီး





ဘယ် မမမီရဲ့’

‘ဝိုင်း အစိုးရိမ်လွန်နေလို့ပါကွာ’

‘တေဇာနဲ့မမမီကွန်တက်ခ် သေသေချာချာလုပ်
ထားတာပါ’

‘ဟော ပြောရင်းဆိုရင်း မင်းသားချောလာပြီတော့’

မမမီညွှန်ရာသို့ ကြည့်လိုက်တော့ စပို့ရှပ်လက်ရှည်
အနီရဲရဲကို ဂျင်းပင်န်အပြာနှင့်တွဲဝတ်ထားကာ ချောမော
လှသော တေဇာက ကင်မရာအိတ်ကိုလွယ်ကာ ကားပေါ်
မှဆင်းလာနေသည်။

‘ဆောရီးနော် မဝိုင်း ရောက်နှင့်တာကြာပြီလား’

‘ဟုတ်’

‘တေဇာရေ မင်းရောက်လာလို့သာပေါ့ နို့မို့ဆို မမမီ
ခေါင်းကိုက်နေရမှာ’

‘ကျွန်တော် တောင်းပန်ပါတယ် မမမီ၊ ဒီလိုနေ့မှာ
ဘယ်လိုအတားအဆီးဖြစ်နေနေ ဝိုင်းအတွက် မဖြစ်ဖြစ်
အောင်လာရိုက်ပေးဖို့ ဆုံးဖြတ်ထားပြီးသားပါဗျာ’

‘ဟယ်တော် ဒီလောက်တောင်ပဲလားကွယ်’

‘ဟာ မမမီကတော့လုပ်ပြီ၊ ကျွန်တော်ကအကောင်း
ပြောတာပါ’

www.burmeseclassic.com

www.burmeseclassic.com



'အံမယ် မမကလဲ အကောင်းပဲပြောတာပါနော်'

မမမီ၏မလွတ်မလပ်စကားကြောင့် ဝိုင်းရေ…
တေဇာပါ မျက်နှာမထားတတ်အောင်ဖြစ်ရသည်။ မိန်း…
လေးဖြစ်သော ဝိုင်းမှာ ပိုဆိုးသည်။

ပြီးတော့ သူ့ရှေ့မှာကင်မရာ အရိုက်ခံရဦးမယ်။

'ကဲ တေဇာ ဒီ ဒီဇိုင်းခတ်ပုံတွေက အရမ်းအ…
ကြီးတယ်နော်၊ နိုင်ငံခြားထိ ရောက်သွားမှာ ၊ ဝိုင်းကိုအ…
ဆုံးဖြစ်အောင် ရိုက်ပေးပေတော့'

'ဟုတ်ကဲ့ပါ မမမီ'

လိုက်ကာကြီးတွေနှင့်ဆက်တင်ခန်းမှာ ခတ်ပုံရိုက်…
ယူကြသည်။ ရင်ခုန်သူကတော့ ဝိုင်းရောတေဇာပါ ဖြစ်…
မှာ ဝိုင်းမျက်နှာကို အနီးကပ်ကြည့်ရှုခွင့်ရတာကြောင့်…
ပိုရင်ခုန်ရတာပေါ့။

လှလွန်းသူလေးပါ။ အနီးရောအဝေးမှာပါ အ…
မတန်မှ ကြည့်ကောင်းနေသည်။

ဝိုင်းရင်ထဲမှာလဲ တေဇာနှင့်ထပ်တူထပ်မျှပင် ရ…
ခုန်နေရပါတော့သည်။

ဟုတ်တယ်လေ သူစိမ်းယောကျ်ားလေးရှေ့မှာ…
မျက်နှာအမူအယာကိုယ်နေဟန်ထား အမျိုးမျိုးနှင့် အ…



နေပေးရတာဆိုတော့ တေဇာ့ကိုရှက်မိပေမယ့် တေဇာက
သည်း ခတ်ပုံကောင်းရဖို့ ပြုပြင်ပေးနေရတာတွေ ရှိသည်။

'ဒီပုံကလက်ပိုက်ထားမှ အကျီသားပေါ်မှာ ဝိုင်း'

'အင်း ဟုတ်ပြီ ဒီလိုလေး'

'မျက်နှာနည်းနည်းမော့လေ၊ ပြုံးထား'

'ဟင့်အင်း အဲဒီလိုကြီးမဟုတ်ဘူး ဒါမျိုးလေးမှ လှမှာ'

'ဟုတ်တယ် ဟုတ်တယ် '

'ဖျပ် ဖျပ် ဖျပ်'

သူ့ထံမှ ကင်မရာမီးမြန်မြန်ပွင့်လာပေလို့သာ။ဝိုင်း
…ခုန်စွာ ကြိတ်ပြီးဆုတောင်းနေရသည်။ မဟုတ်လို့က
…တော့ မျက်နှာအမူအယာတွေကော ခန္ဓာကိုယ်အနေ အ
…ားပါ အမျိုးမျိုးပြင်ပေးနေသေးတော့၏။

ပါးစပ်ကပြောတာရှိသလို ဇိုးကန်ဇက်ကန် တေဇာ
… ဝိုင်းလက်မောင်းသားကလေးတွေ ပခုံးသားလေးတွေ
… ကိုင်ကာ ပြုပြင်ပေးနေတော့ အပျိုဖြန်းလေးဝိုင်းမှာ
…အသက်ရှူတောင် မှားချင်ချင်ပင်။

တေဇာကလဲ လူတစ်မျိုး။ ကိုယ့်ကင်မရာနှင့်
…ကယ်ယူလိုက်တဲ့ပုံဆို ဘာပုံဖြစ်ဖြစ် ပျက်ဆီးသွားမှာ အင်မ
…တန်စိုးသည်။ ပုံကောင်းထွက်ဖို့ကလဲ အရိုက်ခံသူမှာရော

www.burmeseclassic.com

www.burmeseclassic.com



ကင်မရာမင်းပေါ်မှာသာ မူတည်၏။ မျက်နှာအနေအထား ရော ခန္ဓာကိုယ်အလှပါ ကြည့်ကောင်းအောင် ဂရုစိုက် လေသည်။ ပေါ့ဆလို့မရ။

အခု ဝိုင်းနှင့်အောက်ဒိုးရိုက်တဲ့ပုံတွေက ပိုခက် အဝတ်ဒီဇိုင်းကြော်ငြာမို့ အင်္ကျီအဝတ်အစားကို ဦးစား ရိုက်ယူရပေမယ့် မျက်နှာအမူအယာကျတော့ရော အဝတ် အစားနှင့်လိုက်ဖက်မှု အချိုးကျမှုရှိအောင် ရိုက်ယူရသည်။

ဝိုင်းကလှပြီးသားမို့သာ တော်တော့၏။ မ တဆ သူမရဲ့အိစက်နေတဲ့ အသားလေးများနှင့် ထိတွေ့ တိုင်း ရင်ခုန်ရသည်။

ဒီဇိုင်းငါးထည်လောက် အလှရိုက်ပြီးသွားတော့ ညနေစောင်းနေခဲ့ပြီ။

'ကဲ တေဇာ ပုံကောင်းကောင်းလေးတွေ အမြ သာ ကူးပေးပေတော့'

'စိတ်ချပါ မမမီ၊ ဝိုင်း လမ်းကြုံရင် လိုက်ပို့ မယ်လေ၊ ကျွန်တော့်မှာ ကားပါတယ်'

'နေပါစေ ကိုတေဇာ မမမီနဲ့ပဲ ပြန်လိုက်ပါ့မယ်'

'လိုက်ပို့ပေးမဲ့သူကို အားနာစရာ ဝိုင်းရယ်၊ က နောက်ကျချင်နောက်ကျနေမှာ၊ သိမ်းစရာတွေ



သေးတယ်'

'လာပါ ဝိုင်းရယ် တကူးတကပို့ပေးရမှာမှ မဟုတ် ဘာ'

ဆက်ပြီး ငြင်းနေရင်လဲ မသင့်တော်တော့တာ ကြောင့် သူ့ကားနှင့်ဝိုင်း လိုက်ခဲ့ရတော့သည်။

တွေ့ကြဖူးတာမှ နှစ်ကြိမ်ရှိသေးတော့ သူမ အညှာ သွယ်ရာများကျသွားလေပြီလား။

တစ်လမ်းလုံးငြိမ်ကာလိုက်ပါလာသူ ဝိုင်းကို တေဇာ အားမရတော့။

သူမရဲ့ကိုယ်သင်းနံ့လေးများက အသက်ရှူလမ်း ကြောင်းမှတဆင့် နှလုံးသားထိအောင် တိုးဝင်နေ၏။

'ဝိုင်း ကိုယ့်ကို စကားပြောပါဦး'

'ရှင် ဝိုင်း ဘာပြောရမှာလဲရှင်'

သူမမျက်နှာလေး အရှက်ပိုကာ ပန်းသွေးရောင် ဖြစ်နေသည်။

'ဝိုင်း အချိန်ရရင် အမှတ်တရအဖြစ် ကျွန်တော် တစ်ခုခုကျွေးပါရစေနော်'

'ရှင် ဟို အိမ်ရောက်ရင် ထမင်းစားတော့မှာ၊ ဆိုင်မှာ စားနိုင်ရင် မေမေတို့တစ်မျိုးထင်နေကြမှာမို့ပါနော်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို ခင်ရင်မငြင်းပါနဲ့ ဝိုင်းရယ်၊ ဒါဖြင့် ကော်ဖီတော့သောက်နော်'

ဝိုင်း မငြင်းဆန်နိုင်ခင် တေဇာက ကားကိုကော်ဖီ ရှော့ပ်ဆိုင်ထဲ မောင်းဝင်ခဲ့၏။

ကားပါကင်မှာ ထိုးရပ်ကာ ထောင့်စားပွဲမှာထိုင် ဖြစ်ကြသည်။

ဝိုင်းကတော့ တေဇာ့နံဘေးမှာအရုပ်လေးတစ်ရုပ် နှယ်ပါ။

ရှက်လွန်းနေတာပဲဖြစ်သည်။

သူ့ဆန္ဒကို မငြင်းဆန်ဝံ့သလို ဤသို့လည်း နှစ်ယောက် တွဲ တစ်စိမ်းယောကျ်ားလေးနှင့် မထိုင်ဖူးခဲ့။

'ဝိုင်း ဘာသောက်မလဲ နက်စ်ကာဖီပဲမှာလိုက်မယ် နော်'

'ဟုတ်'

'ဝိုင်း'

'ရှင်'

'သိပ်ရှက်နေတာလားဟင် ခုလိုလိုက်သောက်ပေး တာ ကျေးဇူးနော်'

'ဟုတ်ကဲ့'





'ကျွန်တော် ဝိုင်းကို သံယောဇဉ်ဖြစ်နေမိပြီဗျာ၊ ကျွန်တော့်ကို ခင်မင်ခွင့်လေးပေးပါလားဟင်'

'ရှင်. . . ခုလဲ ကိုတေဇာ့ကို ဝိုင်း ခင်နေတာပဲမ ဟုတ်လား'

'ဟင့်အင်း ဒီ့ထက်ပိုပြီးခင်မင်ချင်တာ'

'ဝိုင်းက ကျွန်တော့်ကိုမခင်ချင်လို့လားဟင်'

'အဟင်း ဝိုင်း ခင်တတ်ပါတယ်'

'ဒါဖြင့် ကျွန်တော့်ကို ခင်မင်သူတစ်ယောက်အဖြစ် ခွင့်ပြုနော်'

သူမ ခေါင်းညိတ်ပြဖြစ်သည်။

ခင်မင်ကြတာကဖြင့် ပြဿနာမဟုတ်ပေမယ့် ဒီအ ထိလိုက်လျောမိတော့ သူမအားအထင်သေးသွားမှာ စိုးမိ သည်။

'ဝိုင်း သူနဲ့တွေ့တာ နှစ်ကြိမ်ပဲရှိသေးတယ်၊ သူခင် မင်တယ်ဆိုတာ ယုံရမှာလား၊ ပြီးတော့ ဝိုင်းက မိန်းမသား လေ'

'ဟာ ဆောရီး ဝိုင်း၊ ကိုယ်ဆန္ဒစောပြီး စကားလော သွားလို့ပါ၊ ဝိုင်းကို စော်ကားမိသလိုဖြစ်သွားရင် တောင်း ပန်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် ကဲ ဒီလောက်ဆိုကျေနပ်နော်၊ အိမ်ပြန်နောက်ကျရင် မေမေတို့စိတ်ပူနေမှာ'

'ကောင်းပါပြီ ဝိုင်းရယ်၊ အိမ်အထိတော့ လိုက်ပို့ပါရစေနော်'

'အင်း ကိုတေဇာ့သဘောပဲလေ'

အဲဒီနေ့က အိမ်အထိ တေဇာလိုက်ပို့ပေးခဲ့သည်။ ညကျပြန်တော့ ဝိုင်းအတွေးထဲမှာ တေဇာကပါလာပြန်သည်ပေါ့. . .။

✤ ✤ ✤



## အခန်း (၃၃)

'တေဇာ တေဇာ မင်းကတော့ တော်တော်အကြံ ...တဲ့ ကောင်ပါလား'

ဓာတ်ပုံတွေကြည့်နေတဲ့ တေဇာက ဇော်ကြီးစကား ...ကြောင့် ခေါင်းထောင်ကြည့်ရင်း . . .

'ဟေ. . . ဘာဖြစ်လို့လဲကွာ ခရုမှာလည်း အဆံနဲ့၊ ...လည်း အကြံနဲ့လေ၊ အကြံရှိတာများ ထူးဆန်းတာ ...ဆ်လို့'

'ဟကောင် ဝိုင်းကို ကော်ဖီအတင်းတိုက်ပြီးတော့ ...င်ဖို့အတင်းရောတာ မင်းအကြံမဟုတ်လို့ ဘာလဲကွ'



www.burmeseclassic.com

www.burmeseclassic.com



'အဟီး. . . ဒါကတော့ မတတ်နိုင်ဘူးကွာ၊ ဝိုင်းနဲ့ ခင်မင်ရင်းနှီးသွားဖို့ပဲလိုတယ်၊ ဝိုင်းကိုငါ အရမ်းကို ကြွေဆွ ဖြစ်နေပြီကွာ'

'အလိုလေး မင်းမကြွေတဲ့ မိန်းကလေးဘယ်မှာရှိ လို့လဲကွ၊ ဝိုင်းက ဘယ်နှစ်ယောက်မြောက်လဲကွ'

တေဇာ မျက်နှာကြီး နီမြန်းသွားရသည်။ ဝိုင်းသို့ သူနဲ့ ပတ်သက်ပြီးတော့ ဇော်ကြီးအထင်သေးသွားမှာ ကိုလည်း မလိုလားပါ။

ဝိုင်းကို သူမြတ်မြတ်နိုးနိုးချစ်မိနေလို့ပဲဖြစ်၏။

'ဝိုင်းဟာ ဒီပြင်မိန်းကလေးတွေနဲ့ မတူသလို ငါက လည်း သူများတွေထက်ပိုပြီး သံယောဇဉ်ဖြစ်သွားတာ ဇော်ကြီး၊ အရင်မိန်းကလေးတွေက ငါ့အတွက်တော့ အပေါ်ယံကြောပဲ ဝိုင်းကမှ အနှစ်၊ ဝိုင်ကို မြတ်နိုးပြီးချစ်တာ'

'အားပါး. . . တယ်လာတဲ့စကားပါလား၊ ဒါနဲ့ပဲ ရင်းနှီးမှုကို အရယူလိုက်တယ်ဆိုပါတော့၊ ကြည့်လည်း လုပ်ဦးနော်၊ ဝိုင်းက အောင်မြင်တဲ့ဒီဇိုင်းရှင်ဖြစ်နေလို့ သူဌေး တွေ မျက်စိကျနေလောက်ပြီ'

'ဟာကွာ. . မဦးမချွတ်'

'ဟော့ကောင်. . . ငါ အကောင်းပြောနေတာ ဝိုင်း



သူဌေးက သူဌေးဦးနေဟန်ဆိုတာက ခပ်ငယ်ငယ်ပဲရှိသေး တာ၊ ရုပ်ကလည်းဖြောင့်တယ်၊ မင်း တော်ကြာမှ ဒူးနဲ့မျက် ရည်သုတ်နေရမယ်နော်၊ ရင်းနှီးပြီးရင်လည်း မြန်မြန်သာ ဖွင့်ပြောလိုက်ပေတော့'

'ဟာကွာ. . . ဝိုင်း. . ငါ့ရဲ့အချစ်ကို အထင်သေး သွားမှာပေါ့၊ ငါ့အချစ်က ရိုးသားဖြူစင်တယ် အထင်သေး ခံနိုင်ဘူး'

'ကဲ. . ကဲ. . မင်းသဘောပဲ၊ လာ. . ထမင်းစား ကြယ်၊ အချစ်ဒဿနတွေ နောက်မှစဉ်းစား'

ဟင်းတွေက စားကောင်းပေမယ့် တေဇာ စားလို့ မဝင်ချင်တော့၊

ထမင်းလက်စကို သတ်လိုက်သည်။

'ဟကောင်. . . ဘယ်လိုဖြစ်တာလဲ၊ အစားနည်း လှချည့်လား'

'အေးကွာ. . မင်းပြောတာနဲ့ ဝိုင်းအကြောင်း တွေးပြီး ရင်ခံသွားပြီကွာ'

'ဝိုင်းအချစ်ကိုမှမရရင် ငါရူးသွားနိုင်တယ်ကွ'

တေဇာ ညာနေတာမဟုတ်မှန်း ဇော်လည်းသိလိုက် သည်။ မိန်းကလေးတစ်ယောက်ကို ဒီကောင် ခုလို ခံယယ

www.burmeseclassic.com

www.burmeseclassic.com



တမ်းတဖူးတာမျိုးမှ မရှိခဲ့တာပဲ။

'ဒါများ ခေါင်းအနောက်ခံပြီး စဉ်းစားနေရတယ်လို့ ကွာ၊ မင်းခါတ်ပုံတွေ ပို့တဲ့နေ့ကျတော့ ဖွင့်ပြောလိုက်တော့'

'အဲဒီလိုတော့ စဉ်းစားမိတယ်၊ ဒါပေမယ့် ငါ့အချစ်ကို အထင်သေးသွားမှာ စိုးရိမ်တယ်ကွာ၊ သူများဦးသွားမှာလည်း စိုးတယ်'

'ဒီခေတ်မှာ အထင်သေးတာကြီးတာ မရှိတော့ဘူး ကိုယ့်ဆရာ၊ မပြောရင်တော့ နောက်ကျသွားမှာပဲ၊ မြင်မြင်ချင်းပဲချစ်မိတယ်ပေါ့ကွာ၊ ဘာခက်တာလိုက်လို့'

ဇော်လွင့်စကားကြောင့် အားတက်မိသည်။ သူမရဲ့ ခါတ်ပုံလေးများအား အကြိမ်ကြိမ်နမ်းနေမိသည်။

နှလုံးသားမှာ တိတ်တခိုးတွယ်ဟာမြွတ်နိုးမိခဲ့သူကို ခွင့်လွှတ်နားလည်စာနာလှည့်ပါတော့ ချစ်သူရယ် . .

✤ ✤ ✤



## အခန်း (၃၄)

'ဟိတ်. . . မိဝိုင်း. . . ဘာတွေလုပ်'

'ဟယ်. . . ကောင်မစုတ်. . ငဝါ၊ အသံလည်း မပေးဘူး၊ ဒီဝိုင်းအသစ် ဆွဲနေတာလေ'

'အံမယ်. . . ကွန်ပျူတာကိုလည်းကြည့်ဦး မမဝိုင်း၊ ဘလက်ခ်ပြနေတာ၊ ကဲပြောစမ်း ဘာတွေများ ကွန်ပျူတာရှေ့ထိုင်ပြီး တွေးနေတာလဲ'

ဟုတ်ပ့ါ၊ သွားပါပြီ။

သူ့အကြောင်းတွေ တွေးနေမိတာ ငဝါ သိသွားပြီပေါ့၊

ရှက်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးတာမှ နှစ်ကြိမ်သာရှိသေးသော တစ်စိမ်း ယောကျ်ားလေးတစ်ယောက်အကြောင်းကို အရေးတယူ တွေးနေမိတာဟာ သူမအတွက် တိမ်းညွှတ်လွယ်လွန်းရာ များ ကျနေပြီလား. . .

'မိဝိုင်းနော်. . . ငါမသိရင်ခက်မယ်၊ နင် နင့်ကုမ္ပဏီ သူဌေး ဦးနေဟန်အကြောင်း တွေးနေတာမဟုတ်လား၊ အဲဒီ ဦးနေဟန်က ပုလဲအစ်ကိုများ ဖြစ်နေမလားပဲ'

'ဆီနဲ့ရေပါ ငုဝါရယ်၊ နာမည်တူမရှားပါကွာ၊ ဟို တစ်ယောက်က လူအေး၊ ဒီလူက လူခွစာ၊ လူ့အတ္တသမား ကြီး၊ မိန်းကလေးတစ်ယောက် ကားပျက်ပြီး အခက်အခဲ ဖြစ်နေတာကိုတောင် နေစိမ့်နိုင်တဲ့သူ မုန်းကိုမုန်းတယ်'

'ဟဲ့. . . ကိုယ့်အလုပ်ရှင်သူဌေးကို အဲ့ဒီလိုမပြော ရဘူးလေ၊ တော်ကြာမှ အချစ်ကြီးချစ်နေမယ်နော်'

'တော်ပါကွာ အလုပ်ရှင်ဆိုတာ [illegible]းပေးလို့ သားမက် ရတာပါ၊ ငါ့ဒီဗိုင်းတွေကြောင့် လစာပေးထားတာပါ၊ ပြီး တော့ အလုပ်စဝင်တဲ့တစ်နေ့ပဲ သူ့ကို အနီးကပ်မြင်ဖူးတာ'

'ဟင်. . . သူက ကုမ္ပဏီကို မလာဘူးလား'

'ဟော့အေး. . မန်နေဂျာ ကိုညီညီသက်နဲ့ အားလုံး လွှဲထားတာ၊ ကိုညီညီသက်က လူယုံလို ဖြစ်နေတာပေါ့'





'ဪ. . . ဪ ငါက နင့်ကို အဲဒီလူကြီးနဲ့ ငြိသွားမှာ စိုးရိမ်နေတာကွ၊ ဥပမိရုပ်အလွန်ချောတာပဲဆို'

'အင်း. . . ရုပ်ကြိုက်တော့ နွားချောမှာပေါ့ကွာ၊ ငါနဲ့ကတော့ သဘောမတွေ့လှပါဘူး'

ဒါဟာ ဝိုင်းရင်ထဲအရှိအတိုင်း ပြောလိုက်ခြင်းပါ. . .

'ဪ. . . သူ့ကိုတော့ သဘောမတွေ့ဘူး သဘောတွေ့တဲ့လူတော့ တွေ့နေပြီပေါ့'

'မတွေ့ပါဘူးကွာ၊ မေမေတို့ရင်ခွင်မှာတောင် နေလို့ ဝသေးတဲ့ဟာ အချစ်ရေးဆို ဝေးပါသေးတယ်'

'မိဝိုင်း. . . စကားကို ကုန်အောင်မပြောနဲ့နော်'

'မမမီခိုင်ဆီက သတင်းသဲ့သဲ့ကြားပြီးပြီ၊ သီလား တေဇာဆိုလား ဘာလား၊ ကင်မရာမင်းလေ'

'ရှူး. . . တိုးတိုးလုပ်ပါ ငုဝါရယ်၊ မေမေကြားသွားမှ ဟုတ်ပေ့ဖြစ်နေမယ်'

'ရော်. . . နင်ကကော မဟုတ်လို့လား၊ ဝိုင်းနော် ငါမလာဖြစ်တဲ့ ရက်ပိုင်းမှာတော့ ခြေပုန်းခုတ်မယ်မကြံနဲ့ သေခန်းပြတ်ပဲ'

'ပေါက်ကရဟယ်၊ အဲဒီ အပျိုကြီးမမမီက သူမှာ မစွံနိုင်တိုင်း သူများကို လျှော်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . ဒါဖြင့် အောက်ဒိုးနေ့က ရင်ခုန်စရာ
ကရော ဘာသဘောလဲ၊ ကိုယ်တော်က အိမ်အထိတော
သူ့ကားနဲ့ လိုက်ပို့ပေးသွားတာဆို'

'ရိုးရိုးခင်ယုံ၊ သိယုံတင်ပါဟယ်'

'ဟော. . . ပေါ်လာပြီ. . ပေါ်လာပြီ'

'ဒါနဲ့တင် ကျိတ်ပြီးရင်ခုန်နေရတယ်ပေါ့'

ဘုရားရေ ကိုယ့်ရင်မှာဖြစ်နေတာ သူက ကြိုသိ
ပါရောလား. . .॥

'တေဇာနှင့် နှစ်ယောက်အတူ ကော်ဖီဆိုင် ထိုင်
ကြသေးတယ်ဆို'

ငုဝါ့ဒီထက်ပြောပေတော့မည်။

'ငါ. . . မညာပါဘူးဟယ်၊ သူနဲ့ဆုံတာလည်း
ဒီတစ်ကြိမ်ပါပဲ၊ ဒါတောင် ခတ်ပုံကြာကြာရိုက်လို့ ရင်
သွားတာပါ'

'ကဲ. . . ကဲ တော်ပါပြီ မမရယ်၊ ကျွန်မက
မစစ်သေးပါဘူး၊ စွံသွားတော့လည်း အနှိုးလေး ဘာ
လက်ဖွဲ့ရတာပေါ့'

'ငုဝါစုတ်နော် ပေါက်ကရတွေ'

'ဒါနဲ့ နင့်ဒီဇိုင်းတွေ သိပ်အောင်မြင်နေတာပဲဆို



ဒါတောင် အားကျလာပြီ'

'အေး. . . ဟုတ်တယ် ငါစိတ်ကူးပြီး ထွင်တာ
လေးတွေ အရောင်းတော့သွက်တာအမှန်ပဲ၊ အခု ဒီဇိုင်း
အသစ်တွေ ကြော်ငြာထုတ်ထားတယ်၊ ဒီအထည်ဆန်း
တွေကို စင်္ကာပူကို ပို့ရမယ်ပြောတယ်'

'အားပါး. . . မိဝိုင်းတို့တော့ ကြော်ကြားဦးတော့
မှာပဲ၊ ကျားကျော် ပေါ့ဟာ'

'နင်ရော ငုဝါ အဆင်ပြေရဲ့လား'

'ပြေတော့ ပြေပါတယ်ကွာ၊ ဒါပေမယ့် ကြာတော့
လည်း ဝါသနာထက် လူနာတွေပြုစုရတာကို ငြီးငွေ့လာ
တယ်ဟ'

'နင့်လို ကွန်ပျူတာရှေ့မှာထိုင်ပြီး သန့်သန့်ပြန့်ပြန့်
လေး နေချင်မိတယ်ဟာ'

'ဒါဖြင့်လည်း လာခဲ့လေ၊ ငါသင်ပေးမှာပေါ့'

'မဖြစ်သေးပါဘူးဟယ်၊ ဖေဖေတို့ကလည်း တစ်မျိုး
သူတို့လိုပဲ ဆေးရုံဆေးခန်းလောကကိုပဲ အားပေးချင်
'

ငုဝါတို့ မိဘများက အထူးကုပါရဂူများမို့ ငုဝါကို
လည်း သူတို့လို ဆရာဝန်ပဲဖြစ်စေချင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့်လည်း မမ သိပ်ညည်းပြမနေနဲ့၊ မှောင်တော့မယ် ထမင်းစားပြီးမှ ပြန်မှာလား'

'ဟောအေး. . . မစားတော့ဘူး ဝိုင်း၊ မေမေ့ ဓာတ်ပြောပြီး ထွက်လာတာ၊ နှင့်ဆီ မရောက်တာကြာလို့'

'အေး. . . အေး ဒါဖြင့်လည်း ကောင်းကောင်းပြန် ကားကို ဖြေးဖြေးမောင်းသွား'

'ဟုတ်ကဲ့ရှင့်. . . သွားပြီဝိုင်း'

ကျောင်းသူဘဝတုန်းကတော့ ငုဝါ သူမအိမ်ရောက် ပြီဆိုမှဖြင့် နှစ်ညသုံးညပင် အိပ်သွားတတ်သေးတာ။ အခု တော့ဖြင့် အလုပ်တာဝန်ကိုယ်စီနှင့်လည်းဖြစ်၊ အရွယ်ရ သူတွေလည်း ဖြစ်လာတော့ အနေလည်း စိမ်းသွားခဲ့ရသည်။ သို့ပေမယ့် မတွေ့တာကြာခဲ့ရင်တော့ တစ်ယောက် မဟုတ် တစ်ယောက်က လာတွေ့ဖြစ်ကြမြဲဖြစ်သည်။

✤ ✤ ✤



## အခန်း (၃၅)

ရက်တွေလတွေ ဘယ်လောက်ပင်ကြာခဲ့ပါစေ၊ ဝိုင်းစုဆိုတဲ့ သူမလေးကိုတော့ နေဟန်တစ်နေ့မှ နှလုံးသား မှာ မေ့မရနိုင်ခဲ့ချေ။

လူကိုမပြောနှင့်။ သူမနှင့် အတူယှဉ်တွဲကာ သီဆိုခဲ့ သော သီချင်းသံအပိုင်းအစတွေ ကြားမိခဲ့လျှင်တောင် လွမ်း ဆွေးဆွတ်ဆွတ် သတိရတမ်းတနေမိခဲ့တာပါ။

အချစ်ဦးမို့လည်း မေ့ပစ်ဖို့မစွမ်းသာခဲ့ချေ။ အခုလို သူ့ဘဝပြည့်စုံချမ်းသာနေတဲ့ အချိန်မျိုးမှာ သူမလေးကို ရှေ့ပေါ်မြှတင် ထားချင်မိတာ အမှန်ပါ။

အခုတော့ ချစ်သူက ဘယ်ဆီမှာရောက်လို့ ဘယ် သူများ ပျောက်နေခဲ့ပြီလဲ. . .



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ထားသော အဖြစ်တစ်ခုက နေဟန်[illegible] ကို အလွမ်းပြေသဘောလား။ သူမ ရောက်လာခဲ့သည်[illegible]

ဒီဇိုင်နာမလေး ဝိုင်းတဲ့။ နာမည်သာမဟုတ် နှ[illegible] သားက လမင်းလေးနှင့် ရုပ်ချင်းပါဆင်နေသလိုပါ။

ဒါပေမယ့် ဝတ်စားပုံကကျတော့ ခေတ်နှင့်ရေလိုက်[illegible] တော့ မူယာမာယာတွေ အပလိန်းနှင့် ကိုယ့်စီးပွားရေ[illegible] အတွက် အဓိကကျနေသူလေးမို့ မလွှဲမရှောင်သာ လက်[illegible] ထားလိုက်ရပေမယ့် စိတ်ထဲမှာတော့ ဘဝင်မကျလှ။ ဒါ[illegible] မယ့်လို့ ပစ်ပစ်ခါခါ ဆက်ဆံဖို့ကျတော့လည်း မစွမ်း[illegible] ချေ။

သူမ မျက်နှာကို မြင်နေချင်မိတာလည်း ပါ[illegible] ပေ့ါ။ ရောရောနှောနှောနှင့် နေဖို့ကျပြန်တော့ဂဲ သူမပုံစံ[illegible] အလိုမကျမိတာရော ကိုယ့်ဂုဏ်သိက္ခာအတွက်ပါ စော[illegible] ထိန်း နေရပြန်သည်။

ဒါကြောင့်လဲ ကုမ္ပဏီကိစ္စအားလုံးကို ညီညီသ[illegible] နှင့်ပဲလွှဲထားလိုက်ပြီ။ သူကတော့ ပြည်ပပို့ကုန်တွေလော[illegible] သာ အနီးကပ်ကြီးကြပ်နေလိုက်သည်။

ဖြစ်ချင်တော့ ဝိုင်းရဲ့ဒီဇိုင်းဆန်းလေးတွေက ပြည်[illegible] မှ ဝယ်သူတွေ စိတ်ကြိုက်တွေ့ကာ အောင်မြင်ခဲ့သည်။

ကြော်ငြာတောင်းပြီး အပ်ထည်တွေကြိုမှာကြ[illegible]ည်။ ဒီတော့ သူရော ညီညီသက်ပါ အလုပ်ရှုပ်ကြရ သလို ကြော်ငြာတောင်းဖို့လည်း လိုက်ကြရပြန်သည်။

ဘာပဲပြောပြော ကိုယ်တင်တဲ့သူက ပေါက်သွား[illegible]တော့ ဝမ်းသာမိသည်။

ဝိုင်းကိုသူ လျှော့တော့မတွက်ရဲတော့။ ကင်မရာ[illegible]င်းကိုတောင် သူမ စိတ်တိုင်းကျဖို့ ဦးစားပေးရွေးချယ်ပေး[illegible]နေသည်။

မည်သို့ဆိုစေ သူမ ရောက်လာပါမှ သူ့ကုမ္ပဏီက [illegible]ဘက်စီးပွားရှင်များကို အလဲထိုးအနိုင်ယူခဲ့၏။

ဒီတော့ သူမကျေးဇူးကိုလည်း မေ့ထားလို့ မရ[illegible]တော့ဘူးပေ့ါ။

'ဟော. . . ဆရာကိုညီ ဝိုင်းတို့ဆီတောင် မလာ[illegible]ာ ကြာပေ့ါ။ ထိုင်လေ'

'ဟုတ်တယ်. . . ဝိုင်း၊ ကိုနေ့ ရှယ်ယာတွေနဲ့ ငွေ[illegible]တ်ကျန်တွေ ရှင်းနေလို့ ကုမ္ပဏီဘက် မရောက်ဖြစ်တာ'

'အင်း. . . ဝိုင်းတောင် ဒီနေ့ ဒရိုင်ဘာကို လွှတ်ကို[illegible]မလားလို့ စဉ်းစားနေတာ'

'ဝိုင်းရေ. . . ဒီနေ့ နင်တော့မျက်ခုံးတွေဘာတွေ

www.burmeseclassic.com



များ မလှုပ်မိဘူးလား'

စကားပြောပွင့်လင်းပြီး သဘောကောင်းသော ကိုညီသက်ကို ဝိုင်းတစ်ယောက် ပြောရဲဆိုရဲရှိနေပါပြီ။

'ဘာလို့လဲ ကိုညီသက်ရဲ့၊ ဝိုင်းတော့ ဘာမှမထူးခြားသေးဘူး'

ကိုညီညီသက်မျက်နှာက ပြုံးစိစိနဲ့ဖြစ်နေသည်။

'အေးပါ. . . ငါပြောမှပဲ ထူးခြားမယ့်သဘောပေါ့'

'ရော့. . . ဒါက တို့ကုမ္ပဏီသူဌေးက နင့်ကိုဂုဏ်ပြုတာ၊ ဒါက သူရေးပေးလိုက်တဲ့စာ'

ဝိုင်း. . အံ့ဩမိသလို မျက်လုံးပါ ပြူးသွားရသည်။ သူဌေးဆိုတဲ့လူကြီး ဘာကြောင့်တာလဲ၊ ညီညီသက်က ကတ်ထူဗူးလေးနှင့် စာအိတ်ဖြူလေးအား အတင်းထိုးပေးနေတာမို့ ယူထားလိုက်ရသည်။

ကတ်ထူဗူးကို ဖွင့်ကြည့်တော့ ဆွဲပြားလှလှလေးပါသော ပလက်တီနမ်ဆွဲကြိုးတစ်ကုံး။ ဆွဲကြိုးမြင်တာနှင့် တန်ဖိုးမသေးတာ တွက်ချက်လို့ရ၏။

ဒါက အကြောင်းမဟုတ်။ စာက ဘာလဲ။ မျက်နှာက ရှုတည်တည်နဲ့။ အခုမှ ဘာတွေလာကြောင်နေပြန်ပြီ မသိချေ။ သို့ပေမယ့် စာဆိုတာနှင့်တင် သူမရင်တွေခုန်





သွားခဲ့ရသည်။

ဖွင့်ဖတ်သင့် မဖတ်သင့် ချင့်ချိန်ရသေးသည်။ စာအိတ်လေးကိုင်လျက် တွေဝေနေမိသော သူမအား ညီညီသက် အကဲခတ်မိသွားတာမို့ . . .

'ဖွင့်ဖတ်ကြည့်လိုက်ပါ ဝိုင်းရဲ့၊ လူပျိုကြီး ဆိုပေမယ့် တို့သူဌေးက မေတ္တာစာဆို သူကိုယ်တိုင်ပဲပေးမှာပေါ့၊ အခုလို လူကြုံနဲ့ ဘယ်ပေးပါ့မလဲ'

'သွား. . . ကိုညီသက်နော် ပေါက်ကရ ပြောတော့မယ်'

ရှက်မျက်နှာနှင့် စာအိတ်ကိုဖွင့်လိုက်သည်။

လူချင်းပန်မတင့်ပေမယ့် သူ့စာကြောင့် ဝိုင်းရဲ့ ပါတ်ချောင်းကလေးများ သိသိသာသာပဲ တုန်ယင်နေပါသည်။

ဝိုင်း စာကိုဖတ်ကြည့်လိုက်သည်။

***'ဝိုင်း'***

***လူကိုယ်တိုင် ဂုဏ်မပြုဖြစ်တာ ခွင့်လွှတ်ပါ။ ကျွန်တော့်ကုမ္ပဏီဟာ ဝိုင်းကျေးဇူးကြောင့် ပြိုင်ဘက်စီးပွားရှင်တွေကို အလဲထိုးနိုင်ခဲ့ပါပြီ၊ ဒီအတွက် ဝိုင်းကို သိပ်ကျေးဇူးတင်ပါတယ်၊ ကျွန်***

www.burmeseclassic.com

www.burmeseclassic.com



တော့်ရဲ့ ဂုဏ်ပြုတာကိုတော့ လက်ခံစေချင်ပါတယ်

နေဟန်

စာက သည်မျှသာ။ တုံးတိတိ။

ဘယ်လိုလူစားလဲလို့ မှတ်ချက်ချမိသည်။

'ဒီလောက် တန်ဖိုးကြီးတာကြီး ဝိုင်းမယူပါရစေနဲ့ ကိုညီသက်'

'ဟ. . . ဘယ်ဟုတ်မလဲ ဝိုင်း၊ အောင်မြင်မှုတ ကျွန်တော်တို့အတွက် ဒီထက်မှ မကတာ ယူထားလိုက်ပါ အခုလည်း ကိုနေ မအားလွန်းလို့ပါ၊ ကိုနေက မျက်နှာထား ာည်တာကလွဲရင် စိတ်ထားက သဘောထား ပြည့်ဝသူ ါဗျာ၊ သူ့စေတနာကို တန်ဖိုးထားရင် ယူထားလိုက်ပါ'

'မယူဘူးဆိုရင်တော့ ကျွန်တော်ပါ ကြားထဲက ်တ်ကောင်းမှာ မဟုတ်ဘူး ဝိုင်း'

ဆက်ငြင်းပြီး လက်မခံရင်လည်း ကိုယ့်ဘက်က ုင်းရာကျသွားတော့မှာမို့ လက်ခံလိုက်ရတော့သည်။

'ကောင်းပြီလေ၊ ဒါဖြင့်လည်း ဝိုင်း ယူထားလိုက် ါမယ်၊ နောက်ဆိုရင်တော့ ဝိုင်း မယူတော့ဘူးနော်၊ ဒါ င်း တကယ်ပြောတာပါ'

'ဝိုင်းက လခစားဝန်ထမ်းလုပ်နေသူလေ၊ ထိုက် ထန်တဲ့ အခကြေးငွေနဲ့ ဝိုင်းကို ကိုညီသက်တို့ ခန့်ထားတာ၊ ကြိုးစားဖို့ကတော့ ဝိုင်းကဏ္ဍပေါ့၊ ဒါကလည်း အောင်မြင် သူ ဒီဇိုင်နာဖြစ်ဖို့ ဝိုင်းကြိုးစားရမှာပေါ့၊ ဒီလို ဂုဏ်ပြုလက် ဆောင်ရဖို့လည်း မမျှော်လင့်ပါဘူး ကိုညီသက်ရယ်'

'ဒါပဲနော် နောက်ဆို ဝိုင်း ဘာမှမယူဘူး'

'အင်း. . . သဘောတော်အတိုင်းပါ မမရယ်၊ ကဲ နိုင်ပြီး. . . လက်ချာတွေသွားစစ်ဦးမယ်'

'ဟုတ်'

ညီညီသက် ထွက်သွားပါမှ ကွန်ပျူတာပိတ်ပြီး ဝိုင်း နေဟန်ဆိုတဲ့ လူကြီးအကြောင်း တွေးနေမိတော့သည်။

သူ့မှာ ဘာရည်ရွယ်ချက်တွေများ ရှိနေလို့ ဒီ လောက်တန်ဖိုးကြီးတာပေးတာလဲ ခန့်မှန်းလို့မရချေ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

'ဟဲ့. . . ဟဲ့ သမီး အလောတကြီးနဲ့ကွယ် ဘာများ ဖြစ်လာပြန်တာလဲ'

ဝမ်းသာလုံးဆို့ပြီး ပြန်လာသော ဝိုင်းအခန်းဝမှာတင် မေမေနဲ့ တိုက်မိမလို ဖြစ်သွားခဲ့ရသည်မို့ မေမေက ဆူပါတော့သည်။

'ကိုယ်က လုပ်ငန်းခွင်တောင် ဝင်နေပြီနော် သမီး ဘယ်တော့မဆို ကြွေတော့ရှိရတယ်ကွဲ့၊ မေမေတို့က မိဘအနေနဲ့ သမီးကို ခွင့်လွှတ်နားလည်လို့ ရပေမယ့် အလုပ်ရှင်နဲ့ အလုပ်သမားသာဆို အထင်သေးစရာ ဖြစ်တတ်တယ် သမီးရဲ့၊ မေမေ ဆူတာမဟုတ်ဘူးနော်၊ သဘောကို ပြောပြနေတာ'





'အဲဒါ ငါ့သမီးအတွက်ပြောတာ လိမ္မာစေချင်လို့'

'သမီး နားလည်ပါတယ် မေမေ၊ ခုက သမီး [illegible]သာစရာ မေမေတို့ကို ပြောပြချင်လို့ ဖြစ်သွားတာပါ [illegible]မေ'

'ဟင်. . . ဘာများလဲ သမီးရဲ့၊ ဒါဖြင့် မေမေက [illegible]သမီးလေးကို အပြစ်တင်စောသွားတာပေါ့'

'မေမေ ဒီမှာကြည့်စမ်း၊ သမီးတို့ကုမ္ပဏီသူဌေးက [illegible]ရဲ့ ဒီဇိုင်းအတွက်ကို ဂုဏ်ပြုတာ မေမေ၊ မလှဘူးလား'

ဝိုင်း ကတ္တီပါဘူးပြားလေးအား ဖွင့်ပြလိုက်၏။

'ဟယ်. . . လှလိုက်တာကွယ်၊ မေမေဝမ်းသာ[illegible]ယ်ကွယ်၊ ဒါပလက်တီနမ်ဆိုတော့ တန်ဖိုးနည်းမှာ မဟုတ်[illegible] သမီးရဲ့၊ ဒီလောက်တန်ဖိုးကြီးတာကိုမှကွယ်'

[illegible]မေက သူဌေးဘက်မှပင် စာနာနေသေးတာမို့. . .

'သမီးလည်း ငြင်းပါသေးတယ် မေမေရဲ့၊ သူဌေးက [illegible]ယူရင် စိတ်မကောင်းဘူးဆိုပြီး မန်နေဂျာကိုညီသက်နဲ့ [illegible]တင်းပေးခိုင်းလိုက်တာ'

'အင်းလေ. . . ဒီလိုဆိုတော့လည်း မယူလို့ဘယ် [illegible]ကောင်းပါ့မလဲ၊ တန်ဖိုးကြီးလွန်းလို့ ပြောတာပါကွယ်'

'သမီး အောင်မြင်တော့ မေမေတို့ ဝမ်းသာတယ်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ ဒါပေမယ့် သားသမီးကို ခိုင်းစားတဲ့မိဘမျိုး မဖြစ်ချင်ဘူး။ ကျွေးချင်းကျွေး၊ ပေးချင်းပေး မိဘကပဲ ကျွေးချင်တာ

သမီးဖြစ်သူ သူများလက်အောက်မှာ အလုပ်သမားဘဝမျိုး မဖြစ်စေချင်ပေ။

သမီးဝိုင်းကလည်း လူတစ်မျိုး။

သူမဖြစ်ချင်တာဆို ဖြစ်ရပါမှ ကျေနပ်သူပင်။ မိဘကလည်း ဖြစ်အောင်ကို လုပ်ပေးခဲ့ရတာမျိုးဆိုတော့ ဝိုင်းအတွက် ဇီဇတစ်ခုလို ဖြစ်သွားခဲ့သည်။

ဒီဖက်ရှင်ဒီဇိုင်နာ သင်တန်းကိုလည်း မိဘနှစ်ပါးစလုံးက ကန့်ကွက်ခဲ့တာပါ။

ဖအေလုပ်သူရဲ့ ပွဲရုံမှာ ကူမလား၊ ပွဲရုံလည်း မကူချင်။

မအေရဲ့ ရွှေဆိုင်မှာ ဈေးရောင်းဖို့ ဝင်ကူဖို့လည်း မစဉ်းစားဘဲ သူမစိတ်ထင်တဲ့ သင်တန်းတွေကို စိတ်ထဲကောင်းသမျှ တက်တော့၏။ ကွန်ပျူတာ၊ စပီကင်၊ ကိုယ်ကာယ၊ ဒီဇိုင်နာသင်တန်း မျိုးစုံသွားသလို ခုတော့ ဒီဇိုင်နာဖန်တီးရှင်ဘဝနှင့် အောင်မြင်မှုတော့ရနေသည်။

သို့ပေမယ့် သမီးရဲ့နောင်ရေးကို စိတ်မချနိုင်သေးချေ။

အရွယ်ရောက်လို့ ပညာစုံပြီဖြစ်တော့ မိဘတို့ဝတ္တရားအတိုင်း အိမ်ထောင်ပြုပေးလိုက်ချင်သည်။ ခုခေတ်မှာ ပြောရတာမဟုတ်။ မတော်တဲ့သူနှင့်တွေ့သွားပါမှ ခက်လှချည်ရဲ့။

သမီးဝိုင်းမှာက အောင်မြင်မှုတွေရှိနေပြီ။ ဒီမာန်တွေကို အထင်ကြီးပြီး မေ့ပျက်ပျက်ဖြစ်သွားမှာကို စိုးနေမိတာပါ။

ဒါပေမယ့် ဝိုင်းကတော့ မိဘစိတ်သဘောကို နားမလည်နိုင်သေးချေ။

'အဟင်း. . . သမီးအူဝဲဆိုကတည်းက မေမေနဲ့ဖေဖေက ကျွေးမွေးစောင့်ရှောက်လာတာပါ၊ ခု သမီးအလှည့်ပေါ့၊ သမီးအောင်မြင်မှုနဲ့ လုပ်ကျွေးမှာပါ မေမေ'

'အေး. . . အေး သမီးရယ်၊ ဒီစကားကြားတာနဲ့တင် မေမေတို့ မိဘတွေက ကျေနပ်ကြတာပါ၊ ဒါပေမယ့် သမီးအတွက် ရှေ့ဆောင်လမ်းပြတစ်ယောက်တော့ ရှိနေသင့်ပြီကွယ်'

'ရှင်. . . မေမေ. . . မေမေ ဘာကိုပြောရတာလဲ၊ သမီးတော့ ဘာမှ နားမလည်တော့ဘူး မေမေ'

ဝိုင်း အမေးစကားက ထိရောက်လှသည်။ ဒေါ်မြင့်

www.burmeseclassic.com

www.burmeseclassic.com



မြင့်ခိုင်အတွက် ကိုယ်က ဖွင့်ဟပြီးကာမှ နောက်ထပ်မပြောလို့ကော ဖြစ်ပါ့မတဲ့လား။

ဒေါ်မြင့်ခိုင် နေ့ခင်းက သူငယ်ချင်းဖြစ်သူရဲ့ စကားများအား ပြန်လို့ကြားယောင်နေမိတော့၏။

'တို့တွေက ငယ်ပေါင်းကြီးဖော်တွေပါ အမြင့်၊ မင်းကသာ သဘောတူမယ်ဆို ငါ့သား တေဇာနဲ့ မင်းသမီးကို နေရာချထား ပေးချင်တယ်ကွာ'

ချယ်ရီ့ပြောစကားတွေက ဒေါ်မြင့်ခိုင်နားထဲမှာ အထပ်ထပ်ဖြင့် သံမှိုနှင့်စွဲထားသလို ကြားယောင်နေမိတော့တာပါ။

ပလာဇာမှာ ဈေးဝယ်ထွက်ရင်းမှ ငယ်ကကျွမ်းခဲ့တဲ့ သူငယ်ချင်းများ အမှတ်မထင်ဆုံတွေ့ခဲ့ကြရင်း သားသမီးအရေးကို တိုင်ပင်ဖြစ်ခဲ့ကြခြင်းဖြစ်သည်။

ခမည်းခမက်တော်ရမည့် ချယ်ရီ့အကြောင်းတို့ မြင့်မြင့်ခိုင် အသိဆုံးလို့ ပြော၍ရပါသည်။

ပြင်ဦးလွင်မှာပဲ ဆီစက်၊ ဆန်စက်တွေ လက်ညှိုးထိုးမလွဲအောင် ပိုင်ဆိုင်ထားသူများ။

ပြီးတော့ ချယ်ရီတို့မှာက တစ်ဦးတည်းသောသားလေးတေဇာ တစ်ယောက်တည်းသာ ရှိနေတာလေ။



တေဇာ့ကိုသာ ပိုင်ဆိုင်ထားလို့ကတော့ သမီး ဝိုင်းအတွက် ဘာမှလိုလေသေးရှိတော့မှာ မဟုတ်ချေ။

'ဏဲပါကွယ် . . . မေမေသမီးကို ရှင်းရှင်းပဲဖွင့်ပြောလိုက်ပါတော့မယ်ကွယ်'

'မေမေရယ် သမီးကို ဘာတွေများ ပြောနေတာလဲ၊ သမီးဘာမှ နားမလည်နိုင်တော့ဘူး မေမေ'

ဝမ်းသာမှုတွေနှင့် ပြန်လာခဲ့ပါသော ဝိုင်းမှာ မေမေ့စကားတွေက တောင်စဉ်ရေမရ ဖြစ်ရပါသည်။

'အေးကွယ် . . . သမီးအတွက်ပါကွယ်၊ ဒီလိုသမီး ရဲ့'

'ချယ်ရီဟာ ငယ်ငယ်က မေမေရဲ့ အချစ်ဆုံးသူငယ်ချင်းပဲ သမီး'

'ချယ်ရီနဲ့မေမေဟာ အဆောင်မှာ အတူနေခဲ့ဖြစ်ကြတဲ့ ကျောင်းသားတွေပေါ့၊ သိပ်လည်း ချစ်ခဲ့ကြတာ'

'အေးကွယ် . . . သမီးနားလည်အောင် ပြောရမယ်ဆို မေမေသူငယ်ချင်းရဲ့သားနဲ့ သမီးကို လက်ထပ်ပေးမလို့၊ သမီး အလုပ်ထွက်သွားမယ်ဆိုရင် သမီးအတွက် နေရာကောင်း၊ ဌာနကောင်းတွေကို ချယ်ရီတို့က ဖန်တီးပေးနိုင်တာ သမီးရဲ့'

ဝိုင်း သိလိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



လှသောနှုတ်ခမ်းလေးကို တွန့်ရှုံ့ လိုက်ပြီးသော် . .

'ဟွန့် . . မေမေကလည်း သမီးအိမ်ထောင်ရေး တွေ မစဉ်းစားချင်သေးပါဘူး မေမေရာ'

'ဘယ်ဟုတ်မလဲ သမီးရဲ့၊ သမီးမှာက ပညာလည်း ပြည့်စုံပြီ၊ ဥစ္စာဓနလည်း ရှိနေပြီ၊ အတောင်အလက်စုံပြီ ပေါ့၊ ရည်းစားသန်တောင် မထားဘူးတဲ့ သမီးကို မေမေ မသင့်တော်တဲ့သူတွေနဲ့ တွေ့သွားမှာ စိုးလို့'

'မေမေရယ် သမီးက ကလေးမှမဟုတ်တော့တာ'

ရည်းစားသန်ဆို၍ နှလုံးသားတစ်နေရာက ရင်ခုန် တိမ်းမူးခဲ့ရသော သူ့မျက်နှာကို အပြေးမြင်ယောင်မိ၏။

ပြီးတော့ တေဇာ ကင်မရာမင်းလေး သူမအား ရင်ခုန်စေတာတော့ အမှန်။

ဒေါ်မြင့်ခိုင်ကလည်း မလျှော့ချေ။

'အေး . . သမီး အဲဒီကလေးမဟုတ်လို့ကို ခက် နေတာပေါ့၊ သမီးဟာ သိပ်လှတယ်၊ ယောကျ်ားလေးတွေ က မျှော်လင့်တောင့်တမိမှာပဲ၊ ဒါဟာ မေမေကလေး ကလားပြောတာ မဟုတ်ဘူး သမီး'

'ဒီခေတ်မှာ မိန်းကလေးကမှ ဈေးတွက်တွက်ပြီး ယူကြတာ မဟုတ်ဘူး၊ ယောကျ်ားတွေကလည်း ဒီမိန်းက



လေး ချမ်းသာလား၊ မှီခိုရမလား ဘာညာတွေ တွက်ချက်ပြီး ယူနေကြပြီ၊ အကြံသမား မသင့်တော်တဲ့သူတွေနဲ့ တွေ့ သွားမှာ စိုးလို့ပါကွယ်'

ဒီရက်ပိုင်းမှာ မေမေ သူမအား သိထားစောင့် ကြည့်နေတတ်တာ ဝိုင်း သတိထားမိနေသည်။

သို့ပေမယ့် အိမ်ထောင်ရက်သားချပေးမယ်လို့ တော့ ထင်မထား ချ။

မိဘက ကောင်းစေချင်လို့ စီစဉ်တာကို သားသမီး က အတိုက်အခံလုပ်တာမျိုးလည်း ဝိုင်းမဖြစ်စေလို။ ဒါ ပေမယ့် ဝိုင်းဆန္ဒက သူမ ယခုလို အောင်မြင်တဲ့ဘဝနဲ့ နေ ချင်ပါသေး၏။

ဘဝတက်လမ်းတွေ အများကြီးရှာချင်မိသေး သည်။

'မေမေ့သဘောကို သမီးမငြင်းပါဘူး မေမေ၊ ဒါပေ မယ့် သမီးကို အချိန်တော့ပေးပါဦး၊ သမီး အောင်မြင်မှုနဲ့ ကြီးစား နေချင်သေးလို့'

'ဪ . . . လိမ္မာလိုက်တာ သမီးရယ်၊ မေမေ့ ကလည်း ချက်ချင်းကြီး မဟုတ်သေးပါဘူးကွယ် သမီး သိထားလောက်အောင် ပြောထားတဲ့သဘောပါ၊ တော်ကြာ သမီးမှာ ရည်းစားတွေဘာတွေ တွေ့ပြီး မှားကုန်ကြမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုးလို့ပါကွယ်'

သမီးစိတ်ဓာတ်ကိုတော့ ဒေါ်မြင့်ခိုင်သိသည်။ မိဘ… နှစ်ခါမဆုံးမ၊ မပြောရချေ။ အလွယ်တကူနားလည် လ… တတ်သည်။

'မေမေတော့ ဝမ်းသာသွားပြီကွယ်၊ ချယ်ရီ… တောင် ကတိစကားတစ်ခါတည်း ပေးလိုက်ရအကောင်း… သား'

'ဟော့. . . ဟော့. . . အံ့မယ် သားအမိနှစ်ယော… ညှိခန်းမှာ ဘာတွေကြိတ်ပြီး တွတ်ထိုးနေကြတာလဲကွ'

'သားရေးသမီးရေးပေါ့ အစ်ကို၊ သမီးကို ချယ်… ပြောခဲ့တာလေး ပြန်ပြောပြနေတာ'

ဦးလွန်းမောင်က ဝိုင်းမျက်နှာကို အကဲခတ်၏။

'မင်း သမီးကတော့ ကျေနပ်ရဲ့လား၊ ဘာတဲ့… စဉ်းစားပေါ့ သမီး၊ ဒီခေတ်မှာ ကိုယ့်သဘောနဲ့ရွေးပြီး အိမ်… ထောင်ရေးကံမကောင်းတဲ့သူတွေ အများကြီး၊ ဖေဖေတို့… လည်း ကောင်းစေချင်လို့ စီစဉ်မှာ'

'သမီးက မငြင်းပါဘူး အစ်ကို၊ သူ့ဝါသနာနဲ့… အောင်မြင်တဲ့အထိတော့ ကြိုးစားပါရစေဦးတဲ့ အစ်ကို'

'အေး. . . ဒါဟုတ်တာပေါ့ကွ၊ အခွင့်အရေးကလည်…



နှစ်ခါပေးတာမှ မဟုတ်တာ၊ ကိုယ်က လုပ်ငန်းရှင်ဆို အိမ်ထောင်ရက်သားကျတော့လည်း လင်ယောကျ်ားဘက် မှာ မျက်နှာရှိတာပေါ့၊ ကောင်းတယ် သမီး'

'ဟဲ့. . . သမီး သမီးလက်ထဲက ဘာဗူးလေးတုန်း'

'ဪ. . . ဖေဖေ့ကိုတောင် မပြရသေးဘူး သမီး ရဲ့သူဌေးက ဂုဏ်ပြုတာလေ ဖေဖေ၊ ကြည့်ပါဦး မလှဘူး လား'

'ဟာ. . . ငါ့သမီးက တယ်ဟုတ်နေပါလားကွ၊ သမီးက အတော်နာမည်ရနေပြီပဲကွ'

'ဟုတ်တယ်လေ. . ဖေဖေ စက်ာပူကတောင် ဒီဇိုင်း အသစ်တွေမှာလို့ ဓာတ်ပုံကြော်ငြာတွေတောင် ထပ်ရိုက် အုံးမြို'

'ဓာတ်ပုံတွေရမှ ဖေဖေတို့ကို သမီးလက်ရာ ထပ် ကြွားရမယ်'

'သမီးလက်ရာ ဖေဖေတို့က ယုံပြီးသားပါကွာ'

'ကဲ. . . ကဲ သမီး အဝတ်အစားလဲဦး၊ တစ်နေ ကုန် အလုပ်ထဲမှာ ပင်ပန်းမှာပေါ့၊ ထမင်းစားပြီး ဒီပ်လိုက်'

'မပင်ပန်းပါဘူး ဖေဖေ၊ သမီးဝါသနာ ပါတာကို လုပ်နေရတာဆိုတော့ ကွန်ပျူတာရှေ့ထိုင်နေတာတောင်

www.burmeseclassic.com

www.burmeseclassic.com



ညောင်းရတောင်းမှန်းကို မသိတာ'

'တွေ့လား အမြင့်၊ ငါ့သမီးက ငါ့လို အလုပ်ကို ရှိတာကွ'

'အမလေးတော် ကြွားစရာမရှိ'

'ဟား. . . ဟား. . . ဟား'

✤ ✤ ✤

## အခန်း (၃၇)

'ဟယ်. . . ခေတ်ပုံတွေက အရမ်းလှတာပဲ၊ ဝိုင်းတော့ သူ့ကို သိပ်ကျေးဇူးတင်သွားပြီ တကယ်'

'ကျွန်တော် တော်လို့လည်း မဟုတ်ပါဘူးဗျာ၊ ဝိုင်းကိုယ်တိုင်က လှနေသလို ဝိုင်းရဲ့ အကျႌဒီဇိုင်းလေးတွေကြောင့် လှနေတာပါဗျာ'

ဝိုင်း မျက်နှာလေး ရှက်သွေးဖြန်းသွားရသည်။

'သြော်. . . ကိုတေဇာကလည်း မြှောက်နေပြန်ပါပြီ အချင်းချင်းတွေ'

www.burmeseclassic.com

www.burmeseclassic.com



'မြှောက်ပြောတာ မဟုတ်ရပါဘူးဗျာ၊ ဝိုင်းတကယ် လှတာပါ'

ရှက်ပါတယ်ဆိုမှ သူက ဒါကိုပဲ ထပ်တလဲလဲပြော နေပြန်သည်။

'ကဲ. . . ကဲ ဒီလောက်မြှောက်နေမှ ဝိုင်းက တစ် ခုခုကျွေးရတော့မှာပေါ့၊ အောက်ထပ်မှာ တစ်ခုခု သွား စားကြတာပေါ့'

ပြောလိုက်ပြီးကာမှ ဝိုင်း စကားလွန်သွားမှန်း သတိပြုမိလိုက်သည်။

သူမက အလုပ်တစ်ဖက်နှင့်။ ပြီးတော့ နေဟန် ဒီနေ့ လာမည်တဲ့။

ခုနေ ယောက်ျားလေးတစ်ယောက်နဲ့ တွဲမြင်မှဖြင့် ဘယ်လို ထင်သွားမလဲ။

'အို. . . ဒါက ငါ့ကိုယ်ရေးကိုယ်တာ ကိစ္စပဲဟာ'

တေဇာ့အတွက် ဝိုင်းက တစ်ခုခု သွားစားမည်ဆို တော့ ဝမ်းသာသွား၏။

သူ့မှာ လာကတည်းက အစီအစဉ်ရှိနေသည်၊



ဓာတ်ပုံတွေပို့ရင်း သူ့ရင်မှာ ခံစားနေရတာတွေ ပွင့် ပွင့်လင်းလင်းပဲ ရင်ဖွင့်လိုက်တော့မည်။

ဝိုင်းကို မြင်မြင်ချင်း ချစ်မိ၏။

တွေ့ဆုံချိန် ဘာမှမကြာသေးပေမယ့် ရင်ထဲမှာ အဆွေးဆွေး တမြေ့မြေ့ ခံစားခဲ့ရပြီ။

ဝိုင်း သူ့အချစ်ကို အထင်သေးသွားမှာထက် ဆုံးရှုံး ရှုံးလွှတ်ရမှာကို ပိုကြောက်မိသည်။

ဝိုင်းက အပြင်သွားမယ်ဆိုတော့ ပျော်သွားမိ သည်။

'ကျွန်တော့်မှာ ကားပါတယ် ဝိုင်း၊ ကားနဲ့ပဲသွားကြ ရအောင်နော်'

'ဖြစ်ပါတယ် ဝိုင်း၊ အနီးဆုံး စားသောက်ဆိုင်မှာပဲ သွားစားကြမယ်လေ'

ကိုညီသက်ကို ပြောပြီး တေဇာ့ကားနှင့်ပင် အပြင် ထွက်ခဲ့ကြသည်။

တေဇာ့ကား ထွက်သွားပြီးခဏအကြာ နေဟန် ကားက ကုမ္ပဏီရှေ့ထိုးရပ်လာပါသည်။

'တီ တီ တီ'

www.burmeseclassic.com

www.burmeseclassic.com



'လာပြီ. . . ကိုနေ လာပြီ'

ညီသက် ဖွင့်ပေးတဲ့တံခါးက ဝင်လာရင်း ဝိုင်း တွန် ပျူတာခုံကို ဝေ့ကြည့်မိသည်။

မတွေ့။

'ကိုညီ ဟိုတစ်ယောက်ကော'

'ရောက်ပြီဆရာ ကြော်ငြာဓာတ်ပုံတွေလာပို့တဲ့ လူနဲ့ ခဏသွားတယ်'

'ဟာ. . . ဓာတ်ပုံတွေ မပေးသွားဘူးလားဗျာ။ ကျွန်တော်လာယူမယ်လို့ သေသေချာချာမှာ ထားရက်နဲ့'

'ပေးမသွားဘူး ကိုနေ၊ သူ့ဆလင်းဘက်ခ်ထဲ ထည့်ယူသွားတာတော့ တွေ့လိုက်တာပဲ'

နေဟန် ဒေါ်ဖောင်းသွား၏။

ဒါ အလုပ်ကို မလေးစားတာ၊ အားလုံး သူမ ကြောင့် လွဲချော်ကုန်တော့မှာ။

'တောက်'

'ဒုက္ခပဲကွာ၊ မစ္စတာရိန်းတို့က ကိုးနာရီလေယာဉ်နဲ့ ပြန်မှာ၊ ကြော်ငြာပုံတွေ ပေးလိုက်ဖို့ ပြောထားပြီပြီ'





'ကိုညီသက် ကားယူသွားဗျာ၊ အနီးအနားသွားရှာ ကြည့်ပါဦး ခက်တယ်ဗျာ'

နေဟန်က လူတစ်မျိုး။

အလုပ်ကို တိကျသေချာ၏။ ကိုယ့်ဆီက ပျက် ကွက်ရတော့မည့်သဘော၊ ကြော်ငြာပုံတွေကိုသာ မပေး လိုက်နိုင်ပါက ဖောက်သည် ပျက်သွားလျှင် အခက်ပေ။

'ထည့်စားလေ. . . ဝိုင်း၊ အားမနာနဲ့'

'စားပါတယ် ကိုတေဇာ၊ ဝိုင်း အိမ်ကလည်း ကော်ဖီ သောက်လာ သေးတယ်'

ဝိုင်းကတော့ ဒီအဖြစ်အပျက်တွေ ဘာမှမသိချေ။ [illegible]ဇာနှင့် စားသောက်ဆိုင်မှာ ထမင်းစားနေခြင်းပင်။

ဝိုင်းရဲ့အလှကို အနီးကပ်မြင်တွေပါမှ တေဇာ့ရင် [illegible]ပိုလို့ လှုပ်ရှားနေရသည်။

ဖြူစင်ဝင်းမွတ်နေသော မျက်နှာ ဝိုင်းဝိုင်းလေးက [illegible] ဘာမှာ လိမ်းခြယ်မထားဘဲနှင့် လှသွေးကြွယ်နေသည်။

သင်းပျံ့ပျံ့မွှေးကြိုင်နေသော သူမ ကိုယ်သင်းနံ့ [illegible]သေးများကလည်း တကယ့်ရင်ခုန်စရာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်း. . . တို့စကားလေးတစ်ခွန်းလောက် ပြောပါရစေလားဟင်'

လေသံကိုးလျှလျှပေမယ့် ဝိုင်းနားထဲမှာ ပီပီပြင်ပြင်ပါ။ တေဇာ ဒီနေ့ ပိုပြီးထူးခြားနေတာ ဝိုင်း အကဲခတ်မိသည်။

သူ့မျက်ဝန်းများက သူမအပေါ်မှာ ကြင်နာဟန်တွေပြုပြီး ညို့ငင်နေသလိုလို။

သူမ အကြည့်ချင်းပင် မဆုံအောင်ကြိုးစားနေရသည်။

သူဘာတွေများ ပြောမှာပါလိမ့်။ ရင်ခုန်သံတခဏအတွင်းမှာပဲ မြန်ဆန်လာခဲ့သည်။

'ဝိုင်း. . . သေချာနားထောင်နော်'

'ဟုတ်'

'ကျွန်တော် ဝိုင်းကို မြင်မြင်ချင်းပဲချစ်ခဲ့ စွဲလန်းခဲ့မိတယ်ဗျာ၊ ဝိုင်းကို ကျွန်တော်ချစ်တယ်. . .'

'အို. . .'

ဝိုင်း မျက်နှာတစ်ပြင်လုံး ထူအမ်းသွားသည်။



တခြားသူတစ်ယောက်သာဆိုလျှင်တော့ တွေ့ကြာမှ နှစ်ခါပဲရှိသေးသည်။ အခွင့်အရေးသမား ဘာညာတွေ သူမ ပြောချင်ပြောမိမှာဖြစ်ပေမယ့် သူ့ကိုကျတော့ သူမကိုယ်တိုင် ရင်ခုန်နေမိတော့ ငြင်းဆန်ဖို့တောင် သတိမရနိုင်တော့ချေ။

'ဝိုင်း. . . မြင်တာမှမကြာသေးဘူးဆိုပြီး ကျွန်တော့်အချစ်တွေကို အထင်မသေးလိုက်ပါနဲ့နော်'

'ဟို. . . ဟို ဝိုင်း ဒီလို မထင်ပါဘူး ကိုတေဇာ'

ဝိုင်း ရှက်တာပဲသိသည်။

'ကျွန်တော်ဝန်ခံရရင် ဝိုင်းကို စတွေ့ကတည်းကကို ချစ်သွားခဲ့တာပါ ဝိုင်း၊ ကျွန်တော် ဝိုင်းကို လက်ထပ်ပါရစေနော်'

တေဇာ ဝိုင်းရဲ့လက်ဖဝါးနုနုလေးကို ဆုပ်ကိုင်ရင်း ပြောသည်။ ဝိုင်း ငြင်းဖို့အင်အားတွေ ဘာကြောင့်များ မဲ့နေခဲ့သည် မသိချေ။

'ဖြေပါဦး. . . ဝိုင်း၊ ကျွန်တော် ဝိုင်းကို သိပ်ချစ်တယ် ဝိုင်းကို လက်ထပ်ပါရစေနော်'

www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်းကို စဉ်းစားခွင့်တော့ပေးနော်'

မိန်းကလေးတစ်ယောက်အနေနဲ့ ခုမြင် ခုကြိုက်တို့ ယုံစားရပါ့မလားရှင်၊ သူ့အမူအယာကို အကဲခတ်မိပေမယ့် ဤမျှ မြန်မြန်ဆန်ဆန်ကြီး ဖွင့်ပြောလာလိမ့်မည်တော့ မထင်မိချေ။

'စဉ်းစားပါ ဝိုင်း၊ ဒါ စဉ်းစားရမယ့် ကိစ္စမျိုးပဲဟာ ဒါပေမယ့် ကျွန်တော့်အတွက် အကောင်းဆုံးအဖြေတော့ ပေးလှည့်ပါနော်'

'ရှင်. . . ဟုတ်ကဲ့'

'ဟာ. . . ဝမ်းသာတယ်ဗျာ၊ တကယ်'

'ကိုတေဇာ ကျွန်မတို့ပြန်ကြစို့၊ ဒီနေ့သူ့ရွေးနဲ့ တွေ့ရဖို့ရှိတယ်'

ကုမ္ပဏီရှေ့ထိ တေဇာပြန်ပို့ပေးခဲ့သည်။

'ဝိုင်း'

'ရှင်. . . ကိုညီသက်'

'ကိုနေက ခဏတဲ့၊ ဝိုင်း သွားတွေ့လိုက်ဦး၊ ဝိုင်းတို့ သူ တော်တော်စိတ်ဆိုးနေတယ်'



'ရှင်. . . ဘာလို့လဲ ကိုညီသက်'

'ကြော်ငြာပုံတွေအတွက် ဆိုလားပဲ၊ ဒီဇိုင်း ကြော်ငြာတွေက စက်ာပူကိုပို့ရမယ် ပြောတာပဲ'

'ဟုတ်ကဲ့. . . ဝိုင်း အဲဒါ သိတယ်လေ'

'မဟုတ်သေးဘူး ဝိုင်း၊ နောက်ကျသွားပြီ၊ ကိုယ်စားလှယ်တွေက ဒီမနက်ကိုးနာရီ–လေယာဉ်နဲ့ ပြန်သွားကြပြီ သေးဖို့ မမီလိုက်တော့ဘူး'

'ရှင်. . . ကိုညီသက်ကြီးကလဲ နောက်နေပြန်ပါပြီ'

တစ်ခါတစ်လေ ညီညီသက်က ဤသို့စနောက် တတ်လို့ ဝိုင်းက စနောက်နေတာပဲထင်မိသည်။

သို့သော် . . .

'ဒါ စနောက်စ[illegible]တာ ဝိုင်းရယ်၊ တကယ် ပြောတာ ခုကြော်ငြာပုံတွေ မ[illegible]နိုင်တော့ဘူး၊နေဟန် သည်း အရမ်းစိတ်ထိ[illegible]က်နေပြီ'

'ရှင်'

မမျှော်လင့်ထားသော အဖြ[illegible] အပျ[illegible] ခဏ အတွင်း ပြောင်းလဲသွားသော ကံကြမ္မာခြားရှုတ်က ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



အ တွက် ဆုံးရှုံးပြောင်းလဲမှုက မယုံနိုင်စရာ။

ဝိုင်း နေဟန်ရုံးခန်းဘက်ဆီသို့ ထွက်ခဲ့သည်။ စိတ်ထဲမှာတော့ သူနှင့်ရင်ဆိုင်ရမယ့်အရေး ရင်လေးနေမိ သည်။

အလုပ်တာဝန်ပျက်ကွက်မိသူဟာ ပိုင်ရှင်အထက်လူကြီးကို ကြောက်ရွံ့ကြရစမြဲပါ။ ခုလည်း ဒီအတိုင်းပင်

ဝိုင်း အလုပ်ထဲဝင်ကတည်းက သူနှင့်တစ်ကြိမ်သာ တွေ့ဆုံဖူးသေး၏။ ခုတော့ ဒုတိယအကြိမ်မြောက် မှာတော့ ကိုယ့်မှာက အပြစ်နှင့် ဖြစ်နေပြန်သည်။ သူ မည်သို့များ ဆက်ဆံလာမလဲ။

စိတ်လှုပ်ရှားမှုကြောင့် သူ့အခန်းတံခါးဆွဲဖွင့်တော့ လက်တွေတုန်ကာ ခြေဖျားလက်ဖျားတွေပင် အေးနေမည် ထင်သည်။

အခန်းထဲလှမ်းဝင်လိုက်တော့ သူ့မျက်နှာတည်တည်နှင့် တန်းကနဲ ရင်ဆိုင်လိုက်ရသည်။

'ထိုင်ပါ. . . ဝိုင်း'

သူ့ရှေ့ခုံမှာ ဝင်ထိုင်ခိုင်းရင်း စူးလက်တဲ့မျက်လုံးများနဲ့ ကြည့်နေပြန်သည်။



ဒီအကြည့်တွေနဲ့ ရင်းနှီးဖူးခဲ့သလိုရှိပေမယ့် ဘယ်မှာ ရင်းနှီးခဲ့မှန်း စဉ်းစားမရနိုင်အောင် ဖြစ်နေသည်။

သူမ ခုံမှာထိုင်ပြီးအထိ သူ့ဆီက ဘာမှမပြောသေးဘာကြောင့်။

'ဝိုင်းကို ခေါ်တယ်ဆိုလို့'

'ဟုတ်တယ်၊ မင်းကြောင့် ငါ့အတွက် မမျှော်လင့်ဘဲ ဆုံးရှုံးမှုတွေဖြစ်သွားပြီ ဝိုင်း၊ ဈေးကွက်တစ်နေရာရဖို့ဆိုတာ မလွယ်ဘူး ဝိုင်း'

'ရှင်'

ခုမှ ဘာမှမဟုတ်သလို အံ့ဩပြနေသော ဝိုင်းရဲ့မုယာမာယာတွေကတော့ အံ့ဩလောက်သည်။

သူမကိုမှ သူကိုယ်တိုင် စွဲလန်းတိမ်းညွတ်မိနေတာကကော ဘာကြောင့်လဲ။

တိတ်တခိုးများ တွယ်တာမိနေပြီလား။

'ဟုတ်တယ် မင်းကြောင့် ဆုံးရှုံးမှုတစ်ခု ဖြစ်သွားပြီ၊ ကိုယ်တစ်ခုမေးပါရစေ'

'ဒီမယ် ရည်းစားနဲ့ ချိန်းတွေ့ဖို့ အရေးက ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင်အောင်မြင်မှုကို လဲလှယ်လိုက်တာဟာ မင်း အတွက် ဘာက အရေးကြီးနေတာလဲ ဝိုင်း၊ မင်းတို့ ဒီနေ့မှာ မတွေ့ဖြစ်ကြရင် သေသွားကြမှာမို့လို့လား'

လေသံက မာဆတ်ဆတ်၊ မုန်းရောအလွန်ကောင်း သည်။

'ရှင်...အဲသလို ပုတ်ခတ်ပြီးမစွပ်စွဲပါနဲ့ ဦးနေဟန်'

'ရော်...မင်းတို့ကကော မဟုတ်လို့လား'

'မဟုတ်ဘူးရှင့်၊ လူမှုရေးအရ ထမင်းစားဖိတ်လို့ သွားစားတာ ဦးနေဟန်၊ ဒီကြော်ငြာပုံတွေက အရေးကြီး ပါပြီဆို ကျွန်မကို ကြိုပြောပါတော့လား၊ ...ကိုးကပ်တော့မှာ ပြုံးပြဖြစ်လာပြီးတော့များ'

နေဟန် ...မလေသံကို နှစ်သ...မှုမရှိပေမယ့် ရည်းစား မဟုတ်ဆိုတာမို့ ကျေနပ်သွားမိသည်။

'ငါ...ကိုညီသက်ကို လာမယ်လို့ပြော ဝိုင်းထား တာ ...မပြောဖြဘူးလား၊ ပုံတွေကော ...ယ်မှာလဲ မင်း ကြောင့် ဈေးကွက်...ခဲ... ...တော့ ဆုံးရှုံး တစ်ခုပဲ'



ဝိုင်း စားပွဲပေါ်သို့ ဓာတ်ပုံများကို တင်ပေးလိုက် သည်။

နေဟန် ဓာတ်ပုံများအား သေချာစွာကြည့်နေမိ သည်။

အပြင်မှာရော ဓာတ်ပုံထဲမှာပါ လှချင်တိုင်းလှနေ သော သူမပါလား။

ဓာတ်ပုံကင်မရာမင်း သူ့စိတ်တိုင်းကျ ဘယ်မျှ လောက်အထိ ပြုပြင်ရိုက်ယူထားသည်မသိ။ သူတောင် အံ့ဩကနေပြီး အူတိုလာမိသည်။

'ပုံတွေ ထားခဲ့၊ ငါပဲ ယူထားလိုက်တော့မယ်၊ ဒီဈေး ကွက်ကတော့ လွတ်သွားပြီ'

သူ့ရှေ့က လှမ်းထွက်ခဲ့သည့်တိုင် ဝိုင်း ရင်ခုန်သံ တွေက မြန်ဆန်နေဆဲပင်။

သူ့အကြည့်မျက်လုံးတွေမှာ ရင်းနှီးကျွမ်းဝင်မှု တွေရှိနေတာ အသိသာကြီးပင်။ သူနှင့် စကားပြောစဉ် အချိန်မှာတင် သူမရင်ခုန်နေတာ ဘာအတွက်များလဲ ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမအား နင့်နင့်သီးသီးမပြောပဲနှင့် ပြဿနာတစ်
ကိုသူ ဖြေရှင်းသွားတာပင်။

တကယ်ဆို သူမကြောင့် သူစေ့ကွက်တစ်ခု ဆုံး
ထိခိုက်သွားတာပဲ ဆူသင့်ပြောသင့်တာပေါ့။

ဝိုင်း အပြင်ပြန်ထွက်လာတော့ ညီညီသက် အံ
တကြီးမေး၏။

'ကိုနေ ဘာတွေဆူလိုက်သလဲ ဝိုင်း၊ ကျွန်တော်
တောင် ဝိုင်းအတွက် တွေးပူနေတာ သူက အလုပ်နဲ့ ပတ်
သက်လာရင် မညှာမတာအပြောဆုံး လူသားတစ်ယောက်
ဝိုင်း၊ ဒါပေမယ့် စိတ်သဘောကတော့ အင်မတန် ကောင်း
တယ်'

'ဘာမှတော့ အထွေအထူးမပြောလိုက်ပါဘူး ကိုညီ'

'ဩော်. . . ဩော် ဝိုင်းမှာက ထူးခြားမှုစွမ်းအား
တွေ ရှိနေတာကိုး ဗျ'

'အို. . . ကိုညီသက်ကြီးကလည်း ဘာမှန်းလဲ မသိ
ဘူး'





ဝိုင်း မျက်နှာလေး ရှက်သွေးရောင်ပြေးလျက် ကွန်
မျှောကိုသာ တဂျောက်ဂျောက်မြည်အောင် နှိပ်ရင်း ဒီဝိုင်း
တွေ ဆွဲနေမိသည်။

ရင်ခုန်သံတွေ တည်ငြိမ်ပါစေတော့လေ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

'ဟေး. . . မဝိုင်း ကွန်ပျူတာကြီးရှေ့ချပြီး ဘာတွေ တွေးနေတာလဲ'

'အမလေး. . . လန့်သွားတာပဲ ကိုတူးရယ်၊ ဘာရယ်မဟုတ်ပါဘူး၊ အင်္ကျီအဆင်ဆန်း ဒီဇိုင်းလေးတွေထုတ်ဖို့ အရောင်ရွေးနေတာ'

'ဒါနဲ့ ကိုတူးမြင်တာတော့ ကွန်ပျူတာကြီးပေါ်မှာ ဘာမှမပေါ်ဘဲ ဝိုင်း ထိုင်ကြည့်နေတာပါကွယ်၊ ငါ့ကို မညာနဲ့နော် ကောင်မလေး၊ ရည်းစားအကြောင်းတွေ တွေးနေတာမို့လား'



ဘုရားရေ ကိုတူး ဘယ်လိုများသိပါလိမ့်။ သူမ အမှန်တကယ်လည်း တေဇာနှင့် နေဟန်အကြောင်း တစ်ယှည့်စီ တွေးနေမိတော့တာပါ။

နှစ်ယောက်စလုံးကတော့ ဝိုင်းအား ရင်ခုန်မှုတွေ ပေးစွမ်းနေခဲ့တာပါ။

'အင်း. . . မဝိုင်းနဲ့ ဆရာကိုနေ တိုက်ဆိုင်မှုက အံ့မခန်းပဲနော်'

'ရှင်. . . ဘာဖြစ်လို့လဲ ကိုတူး၊ ဝိုင်းတို့က ဘာတိုက်ဆိုင်တာလဲ ဟင်'

အဖြစ်မှန်မသိသေးသော ဝိုင်းက အထိတ်တလန့်လေး ပြန်မေးလိုက်မိသည်။

'မဝိုင်း ကား ကျွန်တော်တို့ ကုမ္ပဏီမားကတ်ရှေ့မှာ ပျက်တာ မှတ်မိလား မဝိုင်း'

'အင်း. . . မှတ်မိတယ်လေ၊ ကိုတူး ကိုတူးတောင်မှ ကားဘီးဖြုတ်လဲပေးသွားသေးတာပဲဟာ'

'အဲဒီနေ့က ကိုတူးသာ ဝင်မကူရင် မိုးလင်းတာတောင် ဝိုင်း သင်တန်းရောက်မှာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အေး . . . အဲဒါ ဘယ်သူ့ကျေးဇူး အောက်မေ့သ[လဲ]၊ ဒါကြောင့် ဝိုင်းနဲ့ ကိုနေ တိုက်ဆိုင်တာလို့ ကျွန်တော် ပြောတာ'

'ရှင် . . . ဝိုင်း မရှင်းသေးဘူး ကိုတူး၊ ဘာဖြစ်လို့လဲ'

'ဖြစ်ပါပြီကောဗျာ၊ အဲဒီနေ့က မဝိုင်းကို ကျွန်တော့် အရင်မြင်တာက ကိုနေဗျ၊ ကျွန်တော်က မဝိုင်းကို နောက်မှ တွေ့တာ'

'ဩော် . . . ဩော် ဒီလိုလား'

'ဟုတ်တယ် . . ကိုနေက မိန်းကလေးတစ်ယောက် လမ်းလယ်မှာ ကားပျက်ပြီး မြင်မကောင်းဖြစ်နေတယ် သွား ပြင်ကူပေးလိုက်ပါဆိုလို့ ကျွန်တော် လာကူပေးတာ'

'ဩော် . . . ဒါဖြင့် ကိုတူးကြီးက ကိုယ့်စေတနာနဲ့ လာကူပေးတာ မဟုတ်ဘူးပေါ့လေ၊ ဟင်း . . ဟင်း'

'ဟာ . . . ဒီသဘောတော့ မဟုတ်ပါဘူးဗျာ၊ ဆရာကိုနေက မဝိုင်းအဖြစ်ကို အရင်မြင်သွားတာကြောင့် ပါဗျာ၊ သူက သွားကူဖို့လည်းပြော၊ ကျွန်တော်ကလည်း စေတနာပါပါနဲ့ လာကူညီပေးတာပါ'



သူ့သဘောထားအမှန်ကို ဝိုင်း ခုမှသဘောပေါက် [သွား]တော့သည်။

ဝိုင်းက ဒါဆို သူ့အား အထင်အမြင်တွေလွဲနေခဲ့ [တ]ာပေါ့၊ သူကလည်း မျက်နှာတည်တည်၊ မှင်ကောင်း [ကေ]ာင်းနဲ့ နေခဲ့တာပဲကိုး . . .

'ဝိုင်း . . . ကိုတူးကို စတာနော်၊ စိတ်မဆိုးနဲ့၊ ဒါနဲ့ [က]ိုတူး အပြင်မသွားရဘူးလား'

'မသွားရဘူး မဝိုင်း၊ ဆရာကိုနေ မန္တလေးက သူ့ [မိ]ခ်မဆီ အလည်သွားတယ်၊ ဒါ ကျွန်တော့် နားရက်ပဲလေ၊ [သူ့]ကားပဲ ကျွန်တော်မောင်းရတာ'

'ဒါဖြင့် ကိုညီသက်ကျတော့ရော'

'သူက ကျွန်တော် မောင်းတဲ့ကား မစီးရဲဘူးတဲ့၊ [ကို]နေသာ စိတ်မြန်လက်မြန် ခရီးမြန်မြန်ရောက်တယ်ဆိုပြီး [စီး]တာ ဝိုင်း'

'ဩော် . . . ရှင့်ဆရာက မန္တလေး ဘာ သွားလုပ် [တ]ာလဲ၊ ကုမ္ပဏီကိစ္စပဲလား'

'ဟင့်အင်း . . . သူ့ညီမရှိတယ်လေ၊ ဆရာတို့က

www.burmeseclassic.com



မောင်နှမနှစ်ယောက်တည်း ရှိတော့တာလေ မိဘတွေ
မရှိတော့ဘူး’

‘ဩော်...ဩော်’

ဒရိုင်ဘာကိုတူးပြောသမျှ ဝိုင်းစိတ်ပါဝင်စား
နားထောင်နေမိသည်။

တစ်ခါကလည်း သူမနှလုံးသားကို လှိုက်ခုန်စေ
သော သူများဖြစ်နေမလား၊ ညီမဖြစ်သူ အမည်က
ဘယ်သူများဖြစ်နေမလဲ၊ ကိုတူးအား ဖွင့်မေးမည်ဆို
လည်း စပ်စုလွန်းရာကျနေမည် ဆိုးတာကြောင့် ဖွင့်မ
ဖြစ်တော့ချေ။

နှစ်လတွေကြာခဲ့ပေမယ့် တစ်ချိန်က ခုန်လှုပ်
သောရင်က ယခုတိုင်အောင် ခုန်လှုပ်နေဆဲပင်။

ဘာကြောင့်များ သူ့ကိုမှ သတိတရတမ်းတနေ
သည် မသိချေ။

မေမေ့ရှေ့မှာ သဏ္ဍာန်လုပ်ပြီး ပြောခဲ့ဖူးတာ
အတွက် သူ့အားဝိုင်း ဝန်ချပြီး တောင်းပန်ချင်မိသည်။

တစ်နေ့ရာမှာ တွေ့ခွင့်ဆုံခွင့်တော့ ရချင်မိပါသည်



ပြီးတော့ သူ့ညီမ ပုလဲဟာလည်း ဝိုင်းရဲ့အချစ်ဆုံး သူငယ်
ချင်းဖြစ်တယ်လေ။ ငယ်ဘဝငယ်အကြောင်းတွေ ဝိုင်း
ရင်ထဲမှာတော့ အမြဲတမ်းထာဝစဉ်ကို သတိတရနဲ့ရှိနေ
တော့တာပါပဲ။

ငပါနှင့် ဆုံဆည်းဖြစ်တိုင်း ပုလဲနှင့် သူ့ကိုပါ ဝိုင်း
နှလုံးသားထဲမှာရော အသိစိတ်တွေထဲမှာပါ သတိတရရှိ
နေခဲ့တာပဲ ဖြစ်သည်။

တွေ့လေနိုးဖြင့် ရှာခဲ့ပါသော်လည်း အချည်းနှီးသာ
ဖြစ်ခဲ့သည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

'ဘယ်လိုလဲ တေဇာ၊ နေမြင့်လေ အရှုံးရင့်လေဖြစ်နေတော့မှာလား. . . ဟော့ကောင်၊ တွေမနေနဲ့ ဝေမနေနဲ့ မြန်မြန်သာ ဖွင့်ပြောလိုက်၊ ဒီခေတ်က ဒိုးပြန်ထက် မြန်တာနော်၊ တော်ကြာ ကျန်ရစ်ဖြစ်နေခဲ့မယ်နော်'

ဇော်လွင် ဖိအားတွေပေးသဖြင့်သာ သူ ဝိုင်းအား မြန်မြန်ဆန်ဆန်ဖွင့်ပြောလိုက်ရပေမယ့် သူ့အချစ်အား ဝိုင်း အထင်များ သေးသွားမလားလို့ စိုးရိမ်မိတာလည်း အခါခါပင်. . .



ဝမ်းမြောက်ဝမ်းသာမရှိနိုင်ခဲ့တာ အမှန်။

ဖွင့်ပြောပြလိုက်ပြီးကာမှ ဝိုင်းသာ အထင်သေးသွားမည်ဆိုပါလျှင် မျှော်လင့်မိသမျှ ဆုံးရှုံးသွားနိုင်သည်ပဲလေ။

'သိပ်လည်း သောကပွားမနေနဲ့ တေဇာရယ်၊ ငါ ကောင် မင်းကိုကြည့်ပြီး သနားလာပြီ'

'ပြောတော့ ဇော်ကြီး၊ စဉ်းစားမယ်ဆိုတာ ငါ့ကို ချိုသိမ့်လိုက်တာဆို ကြွေဆင်ပဲကွာ'

'အင်း. . . မင်းဟာက ပြောတော့ပြောလိုက်တာပဲ၊ ဒါပေမဲ့ စိတ်လည်း မချမ်းသာရပါလားကွာ'

'မင်း. . . ဒီရက်ပိုင်း သွားတွေ့ကြည့်လိုက်ပါလား အခြေအနေ ထူးခြားမှာပေါ့၊ ဒီလို နေသွားမယ့်အစား ငါပြောသလို လုပ်ကြည့်ကွာ၊ မင်း ထူးခြားမှာပါ'

'အေး. . . မင်းပြောသလို သွားတွေ့ကြည့်လိုက်မယ်ကွာ'

ချစ်လွန်းမိသူမို့လည်း တေဇာ့စိတ်ထဲမှာ တထိတ်ထိတ် ရှိလွန်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးများနှင့် အထိအတွေ့ရှိခဲ့ဖူးပေမယ့် သူမနှင့်ကျမှ အနေခက်လှသည်။

နောက်ဆုံး သူမကုမ္ပဏီရုံးခန်းသို့ ရောက်ခဲ့ရ၏။

'ဟင် . . . ကိုတေဇာ ဘယ်ကလှည့်လာတာလဲ'

အမေးစကားက သူစိမ်းဆန်နေသလိုပင်။ သူမထံ ဦးတိုက်ရောက်လာမှန်း သိသင့်ပါသည်။

ဝိုင်းဆီကိုပဲလာတာပါလို့ ပြောမထွက်ခဲ့။

'တို့ . . . လမ်းကြုံလို့ အပြန်ဝင်လာတာ ဝိုင်း၊ ဝိုင်း အပြန် တို့လိုက်ပို့ပေးမယ်နော်'

'နေပါစေ ကိုတေဇာရယ်၊ ဝိုင်းအတွက်နဲ့ တကူး တက ဖြစ်နေမှာပေါ့။ ဒရိုင်ဘာ ဦးညိုလာကြိုနေကျပါ'

'တစ်ခါတစ်လေ ပို့ခွင့်ရတာပါ၊ တို့ ပို့ပေးပါရစေ နော် . . . ဝိုင်း'

ဆက်ငြင်းနေလို့ မသင့်တော့တာမို့ ဝိုင်း ခေါင်းညိတ် လက်ခံလိုက်ရသည်။

'ဒါဖြင့်လည်း ခဏလောက်စောင့်နော်၊ ဝိုင်း သိမ်း စရာလေးတွေ ရှိသေးလို့'



'သိမ်းပါ ဝိုင်း၊ တို့ စောင့်နေပါ့မယ်၊ ကားပေါ်ကပဲ စောင့်နေမယ်နော်'

'အင်း'

ဆယ့်ငါးမိနစ်လောက်စောင့်ပြီးတော့ သူမ ကားဆီသို့ ရောက်လာ၏။

'ဝိုင်း'

'ရှင်'

'အချိန်ရမယ်ဆို အင်းယားကန်စောင်းထဲမှာ တစ်ခုခုစားရင်း စကားပြောရအောင်နော်'

'ကောင်းသားပဲ ဝိုင်းလည်း ဒီနေ့ ငြီးစီစီကြီး ဖြစ်နေတာနဲ့'

တေဇာ ကားကို အင်းယားကန်ဆီသို့ ဦးတည် မောင်းခဲ့သည်။

ပြတင်းပေါက်မှ တိုးဝင်လာသော လေပြေညှင်းက ဝိုင်းထံမှ ကိုယ်သင်းနံ့လေးများကို သူ့ထံသို့ သယ်ဆောင် လာတတ်သည်။

ကားမောင်းရင်း သူမ မျက်နှာဖူးဖူးလေးအား မကြာ

www.burmeseclassic.com

www.burmeseclassic.com



ခဏ ဝိုးကြည့်မိသည်ကလည်း တေဇာ့အတွက် အခါခါပင်။ လှလွန်းသူလေးရယ် တို့ကို ပိုင်ဆိုင်ခွင့်ပေးလှည့်ပါတော့ကွယ်။

'ဝိုင်း. . . ကိုယ့်အတွက် စဉ်းစားပြီးပြီလားဟင်'

'ရှင်. . . ဘာကိုလဲဟင်'

ဝိုင်း သိနေပေမယ့် မသိဟန်ဆောင်ကာပဲ မေးလိုက်ပါသည်။

သူ့မျက်လုံးများကို ဝိုင်းအကဲဖမ်းလို့ရနေတာပဲ လေး

လူတစ်ဖက်သားကိုလည်း ဝိုင်း လှည့်စားမထားချင်။ နှလုံးသားထဲမှ စွဲလန်းမိသူကိုတော့ ကံမကုန်ကမ္ဘာလည်နေသရွေ့ ရှာကြည့်လိုက်ချင်ပါသေးတယ်လေ။

တစ်ယောက်သောသူ တေဇာကလည်း သူ့မှသူမ။

ချစ်ခွင့်တွေ ပန်နေတော့တာပါပဲ။

ခက်တော့ခက်နေပြီ၊ တေဇာ့ကို သူမ ရင်ခုန်မိတာ ှန်ပေမယ့် နှလုံးသားမှာတော့ ချစ်ကြည့်လို့မရတာ သေချာ းနေသည်။



'ဟူး'

'ဝိုင်း. . . သက်ပြင်းတွေချလှချည်လားဟင်၊ တို့မေးတာကို ဝိုင်းကြားပါတယ်နော်'

အကြော်ဆိုင်မှာ ထိုင်ဖြစ်ချိန်အထိလည်း တေဇာ သူမ အဖြေကိုသာ တောင်းနေလေတော့သည်။

အကောင်းဆုံးအဖြေတစ်ခုကို အမြန်ဆုံးနည်းဖြင့် ဉ်းစားယူရသည်ပေါ့။

'ကိုတေဇာမေးတာ ဝိုင်းကြားပါတယ်၊ ဒါပေမယ့် ဝိုင်းကို တေဇာ့ကို အဖြေရခက်နေတာမို့ပါ'

'ဟင်. . . ဘာလဲ ဝိုင်း၊ ဝိုင်းမှာ ကိုယ့်ထက်ဦးသူ ရှိနေခဲ့ပြီလား ဟင်'

'ဟုတ်တယ်. . . ကိုတေဇာ ဝိုင်း သူ့ကို စောင့်မျှော်နေတုန်းပဲ၊ ဝိုင်းတို့ ကျောင်းသူဘဝက သူနဲ့တွေ့ခဲ့ဖူးတာ ဆို'

ဝိုင်းစု နေဟန့်အကြောင်းကို တေဇာ့အား အတို ချုံးပြီး ရှင်းပြလိုက်သည်။

'ဝိုင်းရင်ထဲမှာ သူ့ကိုမေ့မရနိုင်ဘူး ဖြစ်နေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တစ်ချိန်တော့ သူ့ကို ဝိုင်းပြန်တွေ့မှာလို့ ယုံကြည်ထားတယ်လေ'

တိုက်ခတ်လာသော လေပြေအေးက တေဇာ့အတွက်တော့ ပူလောင်မှုတွေသာ ပေးစွမ်းနေခဲ့ကြပြီ။ သူမှာ ကိုယ့်ထက်ဦးသူ ရှိနေပြီဆိုပါလား။ ရင်မှာ မယုံကြည်ချင်ပေ။ ခက်တာက သူမနှုတ်ဖျားက ဖွင့်ဟနေတော့လည်း မယုံလို့မရ။

'ဝိုင်းအနေနဲ့လည်း ကိုတေဇာ့ကို မလှည့်စားချင်လို့ပါ။ ဝိုင်းကို နားလည်ပေးပါနော်'

'ကို နားလည်ပါတယ် ဝိုင်းရယ်'

မျှော်လင့်ချက်အားလုံး ပျက်ယွင်းဆုံးရှုံးသွားခဲ့ရသည်။

ဝိုင်းကို နားလည်ပေးဖို့ သူ့မှာ အင်အားရှိမနေနိုင်တာကြောင့်လည်း ရင်ထဲမှာ ပိုခံစားရသည်။

'ဝိုင်း မျှော်လင့်ထားတာလေးတွေ ဖြစ်မလာဘူးဆိုရင်တော့ ဝိုင်း ဦးဆုံးစဉ်းစားမှာက ကိုတေဇာ့ကိုပဲဆိုတာကို ယုံပါနော်'





'တို့ အစဉ်အမြဲ မျှော်လင့်နေမှာပါ ဝိုင်းရယ်'

ဆွေးမြေ့ကြေကွဲမှုတွေနဲ့ တေဇာ့အမူအယာကို သူမ မကြည့်ရက်ပေမယ့် နှလုံးသားကိုလည်း လိမ်ညာလှည့်ဖြားလို့ မရနိုင်ခဲ့။

ဝိုင်းအား အိမ်အထိ လိုက်ပို့ပေးပြီးတဲ့အထိ ဝိုင်းအားများက သူ့နားထဲမှာ စွဲစွဲထင်ထင် ကျန်ရစ်နေခဲ့လေသည်။

အချစ်ဦးသူမို့ရှုံးရတော့မယ်ထင်ပါရဲ့ ဝိုင်းရယ်. . .

'တေဇာရယ် မင်းဒီလောက်ပဲ အသည်းနုရသလားကွာ၊ ဒို့ပြင် မိန်းကလေးတွေတုန်းကတောင် ဘာမှမဖြစ်သေးတာ၊ သူ့ကျမှ အထူးအဆန်းလုပ်ပြီး ကြေကွဲနေရတယ်လို့ကွာ'

ဇော်လွင်ပြောတာကို တေဇာအပြစ်မမြင်ရက်။ သူမနဲ့ကျမှ မာကျောနေခဲ့သော သူ့နှလုံးသားများ အရည်ပျော်ခဲ့ပြီထင်၏။

'ပြောတော့ ဇော်ကြီး မင်းပြောလည်း ငါခံရမှာပဲကွာ၊ ဝိုင်းကိုငါ နင့်နင့်နဲနဲချစ်မိတာပါ၊ ဒီပြင်မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေထက် ပိုတယ်၊ အဲဒါ ငါ့ကိုယ်ငါ အသိဆုံးပဲ'

'တော်ပြီကွာ ဝိုင်းရှိတဲ့ ဒီမှာနေနေရင် ခံစားနေရဦး မယ်၊ မနက်ဖြန် မေမေ့ဆီပြန်မယ်ကွာ'

'ဟာ. . . မင်းဟာကလဲ အလောတကြီးကြီး လားကွ'

'အေးကွာ ပထမတော့ အေးဆေးမှပြန်မလို့ပါ၊ အခု တော့ ဆက်နေလည်း ငါ့ပဲခံစားနေရမှာ၊ မဖြစ်နိုင်တာကို မှန်းပြီး မျှော်လင့်နေမယ့်အစား မေ့နိုင်ဖို့ကြိုးစားရမှာပဲ'

'မေမေ့ကိုလည်း ငါတွေ့ချင်လှပြီကွာ၊ မေမေ ရန်ကုန် ရောက်လာတာတောင် ငါ သွားမတွေ့ဖြစ်ခဲ့ဘူး'

'အေးလေ မင်းပြန်ချင်သပဆိုလဲ ပြန်ပေါ့၊ ငါ့ဆီမှာ နေလို့ကလည်း မင်းတစ်ယောက်အတွက် ဘာမှပူစရာမ ပါဘူးကွာ၊ မင်း ဝင်ငွေလည်း ရှိနေတာပဲဟာ'

'အဲဒီ အကြပ်အတည်းကြောင့် မဟုတ်ပါဘူး ဇော်ကြီး ရာ၊ သူ့ကိုမြင်မိနေရင် ငါလွမ်းနေရဦးမှာလေ၊ ဒီတော့ မမြင် ကွယ်ရာရောက်သွားရင် ဝေဒနာလျော့များ သွားမလားလို့'

'အေးလေ ဒါဆိုလည်း ငါလက်မှတ်ဖြတ်ပေးထား





လိုက်မယ် ဟုတ်လား'

'ဒီနေ့ည ရထားရရင် ပိုကောင်းတယ်ကွာ'

'အေး. . . အေး'

ဇော်ကြီး သူငယ်ချင်းအဖြစ်ကို မကြည့်ရက်ချေ။ ဒါကြောင့်လည်း ဆက်ပြီးမတားတော့ခြင်းဖြစ်၏။

ဝိုင်းအား တေဇာဘယ်လောက် အရူးအမူးဖြစ်နေ ပြီဆိုတာလည်း သိထား၏။

သူ့နေရာမှာဆို ကိုယ်တောင် ဒီလောက်ခံစားနိုင် မှာ မဟုတ်ပေ။ တေဇာဟာ ရည်းစားတွေသာ ထည်လဲတွဲခဲ့ ပေမယ့် ဝိုင်းလို သံယောဇဉ်ရှိလို့မဟုတ်။

အပျော်သက်သက်တွဲပြီး မေ့ဖျောက်ပစ်လိုက်တာ ချည်းပင်။

ဒီဝဋ်ကြွေးတွေများ လည်လေပြီလားလို့ ဇော်ကြီး စိတ်ထဲ အောက်မေ့မိသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

'ဘော်. . . . ဘော်. . . ဘော်'

'ဟော. . . မြင်ဦးလွင်ရောက်ပြီဟေ့'

လူသံတွေ ဆူဆူညံညံဖြစ်သွားမှ တေဇာ့အတွေး မျှင်တန်းတွေ ပြတ်သွားခဲ့ရသည်။

မွေးရပ်မြေသည် ခုတော့ဖြင့် သူစိမ်းဆန်လှ၏။

ကြည့်လေရာမြင်လေရာမှာ သူမ ပိုင်းပုံရိပ်တွေသာ ထင်မှတ်နေသလိုလို။

ရထားပေါ်ကဆင်းပြီး အနီးဆုံးတက္ကစီကို ငှား လိုက်၏။





'ကျုံးကြီးကိုသွားမယ် အစ်ကို၊ ဘယ်လောက်ပေး ရမလဲ'

'လေးရာပဲပေးလေ အစ်ကို၊ သွားမလား'

'သွားမယ်ဗျာ'

ကားလေးက နိုင်လွန်လမ်းမပေါ်မှာ တရိပ်ရိပ်ပြေး နေသလို တေဇာ့အတွေးများကလည်း ဆောက်တည်ရာ မရခဲ့ချေ။ ဝိုင်းဆီမှာသာ လွင့်မျောနေသည်ပေ့။

သူမနှင့် ဆုံဆည်းဖြစ်ကြပုံလေးများကို အမှတ်ရ ဖြစ်သည်။

တစ်နေ့ဖေဖေကြီး အုယားဖားရား အိမ်ပြန်လာကာ

'တေဇာရေ ငါ့ကိုမွေးနေ့ရှိုးပွဲလေးတစ်ပွဲလောက် သွားရိုက်ပေးပါလားကွာ၊ ငါ မင်္ဂလာဆောင်ပွဲရိုက်ဖို့ ရှိနေ တာကို မေ့သွားလို့'

'အေး. . . မင်းက ဖင်မနိုင်ဘဲ ပဲကြီးဟင်းမှ စား တာကိုး၊ ခုတော့ သိပြီမို့လား'

'မင်းကတော့ ပြောပြီ၊ မင်းစိတ်ကြိုက် မဒီအချော စားလေးတွေ တွေ့မှာကွ'

www.burmeseclassic.com

www.burmeseclassic.com



'တော်ပါ ဖော်ကြီးရာ၊ မင်း ညာခိုင်းချင်တိုင်း
တဇာ ရင်ခုန်ရမယ့်မိန်းကလေး မမွေးသေးဘူးထင်တယ်'

'ဩော်. . . ဩော် ဟော့ကောင် အပြောမကြီးနဲ့
နော်'

ဒီတုန်းက ဖော်လွှင့်စကားတွေကို တဇာ အမှု
ထားခဲ့။ ဝိုင်းကို မြင်တွေ့လိုက်ချိန်မှာ နှလုံးသားတွေ ကြွေ
ခင်းခဲ့ရသည်။

'ဆက်လက်အလှည့်ကျဖက်ရှင် မော်ဒယ်လ်လေး
တော့ ဝိုင်းစုပဲ ဖြစ်ပါတယ်ရှင်'

အနောင်ဆာကြေငြာသံအဆုံးဝယ် စတိတ်စင် ပေါ်
ားလုံးအကြည့်တွေ ရောက်သွား၏။

သူလည်း အပါအဝင်ပေါ့. . . .

မျက်နှာက ကြွေရုပ်လေးလို လှပနေသလို ကိုယ်
ှာ အချိုးအဆက်ကျပြန်တော့လည်း လက်ရာမြောက်
ရုပ်လေးတစ်ရုပ်လိုအလား။ ယမင်းရုပ်လေးပေါ့။

မမမီနိုင်ထိကလည်း ရိုက်ကူးဖို့ပြောထားတာမို့
ဇာ့အတွက် ယမင်းရုပ်အလှလေးကို ရှုထောင့်အကွက်



အမျိုးမျိုးမှ အကောင်းဆုံး ရိုက်ကူးပေးခဲ့သည်။

ဒီအချိန်ကတည်းက သူမသည် တဇာ့နှလုံးသား
အားတစ်စတစ်စ သိမ်းပိုက်မင်းမူခဲ့တာဖြစ်သည်။

ခုတော့ဖြင့် . . .

'ဗျို့. . . ဗျို့ အစ်ကို အစ်ကို့အိမ်ရောက်နေပြီဗျ'

ကားသမားသတိပေးမှ မိမိအတွေးထဲနစ်မြောနေမိ
တာကို သတိရလိုက်မိသည်။

'ဆောရီးဗျာ၊ အတွေးထဲမျောသွားလို့၊ ကျေးဇူးပဲ'

ကားပေါ်မှဆင်းပြီး အိမ်ထဲလှမ်းဝင်တော့ မေမေ
က အသင့်ထွက်ကြိုနေသည်။

'ဟော. . . သားလေးပြန်လာပြီ၊ ကားသံကြားလို့
ါသား ဖြစ်နေတာကိုး'

'သားရယ်. . . ပြန်လာမယ်ဆိုလည်း ကြိုဖုန်းဆက်
လိုက်ရောပေါ့၊ ကိုလေးမောင်ကို လာကြိုခိုင်းမှာပေါ့'

'မေမေ အလုပ်များနေမှာစိုးလို့ပါ'

'အလုပ်ကတော့ များသလားမမေးနဲ့ သား၊ ဆီစက်
မန်နေဂျာ အလုပ်ခွင့်တင်ထားလို့ ရန်ကုန်ရောက်လာတာ

www.burmeseclassic.com

www.burmeseclassic.com



သာကြည့်၊ မေမေ့ဆီဘာလို့ လာမတွေ့တာလဲ သား'

'ဇော်လွင့် ရှိုးပွဲအော်ဒါလိုက်ရိုက်ပေးနေရလို့ပါ မေမေ'

'အင်း . . . ရန်ကုန်အကြောင်းပြောလို့ မေမေ တောင် မေမေ့သူငယ်ချင်းနဲ့တွေ့ပြီး သားရေးသမီးရေးတွေ တိုင်ပင်ခဲ့ကြသေးတယ် သားရဲ့'

'ဘယ်လို . . . မေမေ'

'အဟင်း သားအတွက်လေ မေမေချွေးမရှာလိုက် တာပေါ့၊ သွား . . . သွား ရေမိုးချိုး စားသောက်ပြီးတော့ မေမေ အေးအေးဆေးဆေးပြောပြမယ်'

ခရီးပန်းပြီး နုန်းခွေလာတာမို့ ရေစိမ်ချိုးလိုက်မှပဲ လန်းဆန်းသွား၏။

မလန်းဆန်းခဲ့တာက နှလုံးသားတွေပါပဲ မေမေက မိန်းမအကြောင်းပြောတော့ ပိုဆိုး၏။

ဒီအချိန်မှာ မဆိုလို့ သူ့ရင်မှာဘယ်သူမှ အစားထိုး လို့ရမှာမဟုတ်။

အစားထိုးဖို့လည်း နေရာ သူ့မှာရှိမနေသေးပေ။



ကိုယ်ကြိုက်တတ်သော ဟင်းတွေဖြစ်ပေမယ့် ထမင်းက အဟာရမဲ့နေသလို မေမေပြောသမျှတွေက သူ့ နားထဲမှာဘယ်လိုမှ ယုံနိုင်စရာမရှိချေ။

'မေမေ့ကျောင်းနေဖက် သူငယ်ချင်းပဲသား'

'သူ့သမီးလေးနာမည်က ဝိုင်းစုတဲ့၊ အဲဒါ သားနဲ့ လက်ထပ်ပေးဖို့ မေမေကမ်းလှမ်းခဲ့တယ်'

'ဗျာ. . . မေမေ၊ သူတို့နေတာကရော မေမေ'

'ဗဟန်းမှာလေ၊ ဘာလို့လဲ သားရဲ့'

မေမေ့အမေးကို မဖြေနိုင်ခဲ့၊ ဝိုင်းနဲ့မှ တမင်လာဆုံ သောကံကြမ္မာကို အံ့အားသင့် အံ့ဩလို့မဆုံးနိုင်တော့ချေ။

'ဘာလဲ သား၊ သား အသိလား'

'ဟို . . . မသိ . . . မသိပါဘူး မေမေ တခြားပါ'

သူ့အဖြေက မရေမရာ။

'ဒီမယ် သား၊ ငြင်းဖို့တော့ စိတ်ကိုမကူးလေနဲ့နော် မေမေက တစ်လမ်းမောင်းပဲ၊ သားဖေဖေ ပွဲရုံကိစ္စတွေပြီး တာနဲ့ ရန်ကုန်ဆင်းပြီး အမြန်ဆုံးစီစဉ်မှာ၊ သားလည်း ဘွဲ့ရ ပြီးလို့ ငယ်တော့တာမှမဟုတ်ဘဲ၊ ဝိုင်းစုလေးက ခုဆို

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်နေတဲ့ ဒီဇိုင်နာတစ်ယောက်တောင် ဖြစ်နေပြီတဲ့ ဘယ်လောက်ဂုဏ်ယူဖို့ကောင်းလဲ၊ သားကို အစွမ်းအစ ရှိတဲ့ န်းကလေးမျိုးနဲ့ပဲ မေမေက လက်ထပ်ပေးချင်တာ'

ကဲ. . . ဝိုင်းရေ မင်းရဲ့အချစ်ရှာပုံတော်ကြီးကို ပ်တန်းကသာ ရပ်ပေတော့ ဒီတစ်ခါတော့ တို့အခွင့်အရေး ခဲ့ပြီ ထင်ပါရဲ့။

'မေမေတို့က ကောင်းတာစီစဉ်တာပဲ သားမငြင်း တာ့ပါဘူး မေမေ၊ မေမေ့ကိုတောင် မိန်းမချောချောရှာ ပးလို့ ကျေးဇူးတင်နေတာပါ'

မေမေပြတဲ့ ဝိုင်းစုဓာတ်ပုံလေးအား အကြိမ်များ စွာ းနမ်းနေမိသည်အထိ။ တေဇာ ရူးသွပ်ခဲ့မိ၏။ တို့ မင်းကို ခဆုံးရှုံးမခံဝံ့ဘူး ဝိုင်း၊ တို့ဘဝဟာ မင်းပါပဲလေ။

✤ ✤ ✤

## အခန်း (၄၁)

ဝိုင်းစုအကြောင်း နမဖြစ်သူကို ရင်ဖွင့်တော့ ပုလဲ ာ်ယောက် တော်တော်ပင်အံ့ဩနေခဲ့ပါသည်။

'ဘယ်လို ကိုကို၊ ဝိုင်းစုက ဒီဇိုင်နာတစ်ယောက် တောင်ဖြစ်နေပြီ ဟုတ်လား ကိုကို'

'ဟုတ်တယ် ညီမလေး၊ ကိုကိုတောင် အစက ာင်ကို မထင်မိတာ၊ ဒါတောင် ကိုတူးစုံစမ်းပေးလို့'

'ဟော်တော်. . . အံ့ပါရဲ့၊ ဝိုင်းစု ညီမလေးတို့ ကျောင်းသူဘဝက အရမ်းအရှက်ကြီးတာ၊ ခုတော့ မော်

www.burmeseclassic.com

www.burmeseclassic.com



ဒယ်လ်ရှိုးတောင် ကိုယ်တိုင်ဒီဇိုင်းနဲ့ လျှောက်နေပြီဆိုပါလား အပြောင်းအလဲ မြန်လိုက်တာနော်'

'အလုပ်က သင်သွားတာပေါ့ ပုလဲ၊ ကိုကိုတောင် စတွေ့တော့ လုံးဝကို မယုံတာ'

'အင်းပေါ့လေ ပုလဲတို့တောင် အိမ်ထောင်ရေး ဘာတွေကျလို့ ဘဝပြောင်းလဲခဲ့ပြီပဲ၊ ဒါဆို ကိုကို့ကို သူ မမှတ်မိဘူးပေါ့'

'မှတ်မိမှာတော့ မဟုတ်ဘူး၊ သူလည်း ဇဝေဇဝါ ဖြစ်နေမှာပေါ့၊ ကိုကိုက ဆံပင်ပါပုံပြောင်းပြီး အရှည်ထား ခဲ့တာကိုး'

'သူ မမှတ်မိလည်း ဖွင့်ပြောလိုက် ပြီးရော၊ ကိုကို ကိုယ့်ဒုက္ခ ကိုယ်ရှာပြီး ကြွေနေတာ'

ဝိုင်းအား အစ်ကိုဖြစ်သူ ဘယ်လောက်တောင် ပြီ လန်းမှန်း ပုလဲသိနေခဲ့တာပဲလေ၊ အစ်ကိုဖြစ်သူ ခံစားနေရ တာ မကြည့်ရက်နိုင်။

'မပြောတော့ပါဘူး ပုလဲရယ်၊ သူ့ကို အရိပ်လို ကြည့်နေခွင့်နဲ့ပဲ ကိုကို ကျေနပ်လှပါပြီ'



'ပြီးတော့ တစ်ချိန်က သူနှိမ့်ချပြောခဲ့ဖူးတဲ့ ကိုကို့ဆီ မှာသာ အလုပ်လုပ်နေရတာ သိသွားရင် သူ သိပ်ရှက် သွားမှာပေါ့'

'ဩော်. . . ဒါကတော့ ကိုကို့ကြိုးစားမှုကြောင့် ဖြစ်လာတဲ့ဟာပဲ၊ ဝိုင်း နားလည်မှာပါ'

'နေပါစေတော့ ပုလဲရယ်၊ ပြောပြလို့ ထင်သလို ဖြစ်ဘဲ အလုပ်ထွက်သွားမှ ခက်နေဦးမယ်'

'အာ. . . ဒါ ကိုကိုမှားတာ၊ မိဘတွေကို ဖွင့်ပြော ပြီး တင်တောင်းပစ်လိုက်ပေါ့၊ ကိုကိုက ကုမ္ပဏီလုပ်ငန်းရှင် တစ်ယောက်ပဲဟာ'

'နေပါစေ ညီမလေးရာ၊ ကိုကိုက ဝိုင်းရဲ့ဖြူဖြူစင် စင် အချစ်ကိုပဲ လိုချင်တာပါ။ ကိုကိုသာ ဒီလိုလုပ်လိုက်ရင် သူတစ်ခါက နှိမ်ချပြောခဲ့တာကို ကလဲ့စားချေတယ်ထင် ပြီး အရောင်တွေစွန်းကုန်မှာ ဒါကို အကြောက်ဆုံးပဲ'

'အို. . . ကိုကို ဘာပဲပြောပြော ပုလဲတော့ ကိုကို့ ရန်ကုန်ဆင်းရင်လိုက်မယ်၊ ဝိုင်းစုကိုလည်း သိပ်တွေ့ချင်နေ တာ'



www.burmeseclassic.com

www.burmeseclassic.com



'နော်. . . ကိုကို ပုလဲ ရန်ကုန်လိုက်မယ်နော်'

'ကဲ. . . ကဲ. . . ဒါဖြင့်လည်း ညီမလေးသဘောပဲ ညီမလေး အမျိုးသားကကော ခွင့်ပြုပါ့မလား'

'ပြုပါတယ် သူ့ကိုတောင် လိုက်ပို့ခိုင်းနေတာ၊ အခု တော့ ကိုကို လာလို့ ဟန်တောင်ကျသွားဦးမယ်'

'ဝိုင်းကို အကြောင်းစုံဖွင့်ပြောပြီး ကိုကို့ရဲ့ လူပျိုသိုး ဘဝကို ခဝါချမှ၊ တော်ကြာ ဘိုးဘွားရိပ်သာအထိ ကိုကို့ လူပျိုအဓဝဖြစ်နေမှာ'

ညီမလုပ်သူအား ဆန့်ကျင်ပြီး မပြောဖြစ်တော့၊ သူမတို့ သူငယ်ချင်းတွေ ဘယ်လောက်ချစ်ကြတာ မျှော် ပွဲစားထွက်လို့ သူလိုက်သွားတော့ သိခဲ့ရတာပဲလေ။

✤ ✤ ✤



## အခန်း (၄၂)

ပြန်ကာနီးကျကာမှ လူနာတွေထပ်ရောက်လာ တာမို့ ငုဝါအိမ်မပြန်ဖြစ်တော့။ ဒီပုံအတိုင်းဆို နိုက်ဂျူတီ ပါ ဆက်ဝင်ပေးရပေတော့မည်။

'ကားအက်ဆီးဒင့်လူနာ ငုဝါ၊ မောင်နှမနှစ်ယောက် လို့ပြောတယ်၊ အရေးကြီးလို့ ငုဝါပဲ ဂျူတီဆက်ယူလိုက်နော်'

အထက်အရာရှိက အမိန့်ချနေမှ ငုဝါ ငြင်းဆန်နေ၍ မဖြစ်ပါ။

အိမ်က ဘယ်အချိန်ပြန်ပြန်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



'ညီမကတော့ သက်သာသလောက်ရှိနေပြီ၊ သူ့အစ်ကိုကတော့ ခေါင်းကိုထိထားလို့ သတိမရသေးဘူး'

'အခန်းနံပါတ် ဘယ်လောက်လဲ ဒေါက်တာ'

'အခန်းရှစ်မှာ'

အခန်းနံပါတ်သိရတာနှင့် လိုအပ်တာယူပြီး ငုဝါ ထွက်ခဲ့သည်။

အခန်းထဲဝင်ခဲ့သော ခြေလှမ်းများ အံ့သြမှုကြောင့် တုန်လှုပ်သွား၏။

ကုတင်ထက်က လူနာက ငုဝါအား ပြုံးပြကာ . . .

'ဟင် . . . နင် . . . နင် ငုဝါ . . . ငုဝါ မဟုတ်လား'

'ဟယ် . . . ပုလဲ . . နင် . . . ပုလဲနော်၊ တော်သေးတာပေါ့'

'ဟဲ့ . . . မသေကောင်းမပျောက်ကောင်း၊ ဟိုဘက်ကုတင်က ကိုနေဟန်ပေါ့'

'အေး . . . ဟုတ်တယ် ကိုကိုက ဒဏ်ရာများတယ်တဲ့၊ ငါကတော့ ဘာမှ သိပ်မဖြစ်လိုက်ဘူး'





'ကံကြီးလို့ပေါ့၊ ဒါနဲ့ ဘယ်လိုဖြစ်တာတုန်း'

'ငါတို့ မန္တလေးကအလာ လှည်းကူးအဝင်မှာ ဒက်ဆန်းကားက ကားတစ်စီးကို ကျော်တက်တိုက်မလိုဖြစ်တာသေး၊ ကိုကိုက ကားကိုလမ်းဘေးဆွဲချလိုက်တာ မြန်လို့ဘာပေါ့၊ နို့မို့ဆို ပွဲချင်းပြီးပဲ'

'ကျွတ် . . . ကျွတ် တော်သေးတာပေါ့ဟာ၊ ထိပ်ပေါက် ခေါင်းကွဲယုံလောက်သာ ဖြစ်လို့'

'နင်တို့ မောင်နှမ ပျောက်ချက်သား ကောင်းသွားတ်ကြတာ၊ ခု ဘယ်မှာနေပြီး ဘာတွေလုပ်နေလဲ'

'ငါက မန္တလေးမှာ အိမ်ထောင်ကျနေပြီ၊ ကိုကိုကတုန်းမှာ ကုမ္ပဏီနဲ့မီနီမားကတ် ထောင်ထားတာလေ'

'ဟေ . . . ဟုတ်လား၊ အင်း . . . ငါ့အထင်တော့တ်နေပြီ ပုလဲရေ၊ ဝိုင်းစုသိရင် ဘယ်လိုနေမလဲ မသိဘူး'

'အေး . . . ငါလည်း ဝိုင်းစုနဲ့တွေ့ဖို့ ရန်ကုန်လိုက်တာဟ၊ ကိုကို့ အဆွေးဇာတ်လမ်းကြီးကို မကြည့်ရက်ဘူးလို့'

www.burmeseclassic.com

www.burmeseclassic.com



'တင်. . . ဘယ်လို ပုလဲ၊ ငါမရှင်းတော့ဘူး'

'ဟုတ်တယ်. . ငုဝါ၊ ကိုကို့ကုမ္ပဏီမှာ ဝိုင်းစုထ အလုပ်ဝင်ပြီး ဒီဇိုင်နာလုပ်နေတာလေ၊ ကိုကိုက သိသိကြီးနဲ့ မသိဟန်ဆောင်တာတဲ့တော်'

'အင်း. . . သူတို့က နှီးရက်နဲ့ဝေးနေကြတာပေ အင်း. . ဝိုင်း. . . ဝိုင်း ကျိတ်ပြီး ဆွေးနေတဲ့ဝဋ်က ကျွတ်ရပြီ ပေါ့'

'နင်က ဒီမှာ အမြဲတာဝန်လား ငုဝါ'

'ဟုတ်တယ် ပုလဲ၊ တစ်ရက်ဝင် တစ်ရက်နားပဲ၊ ဒီ နေ့တော့ မင်းတို့ရောက်လာလို့ ဂျူတီမနားဖြစ်တော့ဘူး'

'ကျေးဇူးပဲ ငုဝါ၊ ဒါနဲ့ ငါ့ကိုကိုရော သက်သာရဲ့လား ဟယ်'

'သက်သာတယ် ပုလဲ၊ ဒဏ်ရာကြောင့် သတိမ သေးတာပါ၊ နောက် နှစ်နာရီလောက်ဆို သတိရလာမှာပါ'

'သတိ့သားလောင်းကြီး ဘယ်အခါသတိမရလို့ဖြစ်မလဲ'

'အေးဟယ် ငါတို့တော့ နင့်ပဲ အားကိုးရတော့မှာ'



အပေါင်းအသင်းတွေ ပြန်တွေ့ကြတာမို့ စိတ်ထဲ အပျော်ကိုယ်စီရှိနေကြသည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

'ဟော. . . ငုဝါ စောစောစီးစီး ဘယ်ကဘယ်သို့ စိတ်ကူးပေါက်လာရတာလဲ'

'ဩော်. . . ငါက စိတ်ကူးပေါက်မှ လာရတော့မှာ လား ဝိုင်း၊ မင်္ဂလာသတင်း ပြောချင်လို့ သိရဲ့လား'

'ဘာလဲ နင့်မင်္ဂလာဆောင်မယ့်သတင်းလား'

'သွားစမ်းပါ ဝိုင်းရယ်၊ တို့ကအပျိုကြီးလုပ်မှာ၊ နင့် အတွက်ဟာ'

'ဘာလဲ ငါ့အတွက်'



'ပုလဲတို့ မောင်နှမကို ငါတွေ့ခဲ့ပြီဟ'

'ဟင်. . . တကယ် မင်းနဲ့ ဘယ်မှာတွေ့တာလဲ ငုဝါ'

'အယွန်း. . . ရှင်ပါဂူမှာလေ၊ ကားအက်ဆီးဒင့်နဲ့ လာတာလေ'

'ဘို. . . ဘုရား. . . ဘုရား သူတို့ဘာဖြစ်သွားကြ သေးလဲ'

'ဟောဒေး. . . ကားချိုင့်ထဲကျရုံလောက် ဆိုတော့ ဘာမှ မဖြစ်ပါဘူး၊ ကိုနေဟန်ကတော့ ခေါင်းဒဏ်ရာရ တယ်၊ ပုလဲက ဘာမှမဖြစ်ဘူး၊ လန့်ပြီး သတိလစ်တာ လောက်ပဲ'

'ခုရော သက်သာသွားကြပြီလား၊ ငုဝါရယ်'

ဝမ်းသာမိတာရော စိုးရိမ်မိတာပါ၊ ဝိုင်းရဲ့ရင်ထဲမှာ ပြောင်းဆန်နေတော့၏။

ဝိုင်းကို ကြည့်လျက် ပြုံးချင်နေမိသည်။

'လူတွေကတော့ သက်သာနေပြီ ဝိုင်း၊ ဗေဒနာခံရ နေသူတစ်ယောက်က ဟောဒီမေခလာမလေး ရောက်မှ

www.burmeseclassic.com

www.burmeseclassic.com



သက်သာတော့မှာ'

'သွား. . . ငှဝါ ကောင်မစုတ်'

'ဟဲ့. . . ငှဝါချည်းသွားလို့ ဘယ်ဖြစ်မလဲ၊ နင်ပါ လိုက်ခဲ့ပေါ့ဟ'

'အေး. . . လိုက်မှာပါ ကုမ္ပဏီကို ဖုန်းဆက်လိုက်ဦးမယ်၊ ဟိုလူ့ပွစာကြီး ဒီနေ့ ပြန်ရောက်မှာတဲ့ဟ'

'ဘာလဲ နင့်အလုပ်ရှင် သူဌေးဦးနေဟန်လား'

'အေး. . . ဟုတ်တယ်'

'ဒါဖြင့် ဆက်မနေနဲ့တော့ ငါ့တာဝန်ယူတယ်၊ နင့်ကို အဲဒီလူကတောင် ပြန်တောင်းပန်သွားရမယ်. . . လာ'

'သွားစို့ ပုလဲကိုချက်ချင်းပြန်လာမယ် ပြောခဲ့တာ'

'ဟာ နင်ကတော့ ရွတ်ပဲ'

'အကျိုးတော်ဆောင်လေ မမပိုင်းနဲ့ ကိုနေဟန် တို့ရဲ့ မင်းအနားမှာ နေပါရစေသီချင်းလေး အသက်ဝင်လာအောင် အသက်သွင်းပေးမလို့ပါ'

'မစနဲ့ ငှဝါ၊ ဟိုက အိပ်ထောင်တွေ ဘာတွေကျချင်



ကျနေမှာ'

'အမလေး ကိုနေက လူပျိုကြီးစစ်စစ်ပါတဲ့နော်၊ ပိုတောင် ခန့်ချောလာသေးတာ'

ငှဝါကားနှင့် ပိုင်း ယောင်ချာချာပါလာခဲ့သည်။ အလွမ်းနေ့ရက်တွေ တကယ်ပဲ ကုန်ဆုံးစေတော့မှာလား တွယ်။

တည်ငြိမ်နေတဲ့ ပိုင်းနှလုံးသားတွေ ချက်ချင်းပဲ ဘောင်ဘင်ခတ်လို့လာခဲ့၏။

နေ့ပေါင်းများစွာ သူ့အား တမ်းတလွမ်းနေခဲ့ရတာပဲလေ။

ပိုင်း ကိုယ့်မျက်လုံးတွေကိုတောင် မယုံချင်တော့။

ဒါ အိပ်မက်တွေများလား။

သူနှင့် ဒီလောက်မြန်မြန်ဆန်ဆန် ပြန်လည်ဆုံတွေ့ရမယ်မှန်း သူမ မမျှော်လင့်မိခဲ့တာပါ။

ကုတင်ထက်မှ နေဟန်က သူမနှစ်သက်ခဲ့သော အပြုံးတွေနှင့် ဆီးကြိုပြုံးပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာကြည့်နေတာလဲ ပိုင်းရဲ့၊ အဲဒါ ကိုနေလေ'

ငုဝါပြောတဲ့အထိ သူမ မယုံကြည်နိုင်သေး။

သူမ အလုပ်ရှင်ဦးနေဟန်က သူမနှလုံးသားကို ဆွဲဆောင်သိမ်းပိုက်ခဲ့သူ ဖြစ်နေပါပကော။

'ပိုင်း. . . ကိုယ့်ကိုတောင် မမှတ်မိတော့ဘူးလား ဟင်'

သူက အသံချိုချိုလေးနှင့် မေးတော့ ပိုင်းဘာပြောရမည်မသိ။

တစ်ချိန်က မေမေ့ရွှေ့မှာမို့ ဟန်ဆောင်ပြောမိခဲ့တဲ့ အဖြစ်ကို ပြန်လည်သတိရမိပြီး စိတ်မကောင်းနိုင် ဖြစ်ခဲ့ရသည်။

'သိပ် အံ့ဩနေသလား ပိုင်း၊ အရင်ကတည်းက ပိုင်းကို ကိုယ်က ပိုင်းမှန်းသိနေခဲ့တာပါ'

'ရှင်. . . ဒါဖြင့် ပိုင်းကို ဘာလို့ ဖွင့်မပြောခဲ့တာလဲ ဒီမှာတော့ လူတူပဲလို့ထင်နေတာ၊ အနားမှာ အတူရှိနေခဲ့ရက်နဲ့တောင် ကိုနေက စိမ်းရက်တယ်နော်၊ ပိုင်းမှာဖြင့်



ရှာလိုက်ရတာ၊'

'ကိုယ့်ကို ပိုင်း အထင်မှားသွားမှာ စိုးလို့ပါကွာ'

ငုဝါနဲ့ပုလဲက ဧတ်ကောင်းခန်းလေးမို့ အပြင်ရှောင်ထွက်သွားကြသည်။

'သူ့ကို ပိုင်း တောင်းပန်စရာရှိတယ်'

'ဘာကိုလဲ ပိုင်းရဲ့'

'မေမေ့ရှေ့မှာ ဒရိုင်ဘာတစ်ယောက်လို ဆက်ဆံမိခဲ့တာလေ၊ အဲဒီအတွက်ပေါ့ ငုဝါနဲ့ပိုင်း ကိုတို့အိမ်ကို ရောက်ကြသေးတယ်၊ ဘယ်ပြောင်းသွားကြမှန်းမသိဘူး ဆိုလို့ ပြန်လာခဲ့ရတာ'

'ကိုယ်ကျေနပ်ပါတယ် ပိုင်း၊ ပိုင်း အဲဒီလိုဆက်ဆံလိုက်လို့လဲ ကိုယ်ဒီနေ့အောင်မြင်တဲ့ ကုမ္ပဏီလုပ်ငန်းရှင်တစ်ယောက်ဖြစ်လာတာပေါ့ကွာ၊ ပြီးတော့ ခဏလေးပဲ တွေ့လိုက်ရပြီး တစ်ဘဝစာ ချစ်ရသူနဲ့ ပြန်ဆုံတော့ အရင်က ပိုင်းမှဟုတ်ပါလေစ၊ ကိုယ်က ပိုင်းကို အရင်လိုအောက်

www.burmeseclassic.com

www.burmeseclassic.com



နှုပြီး ပြောမိရင် ဒီက မမဝိုင်းက ကိုယ့်ကို ကြောင်တယ်
ဘင်မှာစိုးတာရယ်၊ ပြီးတော့ ဝိုင်းလည်း ကိုယ့်ကို တကယ်
သံယောဇဉ်ရှိနေမရှိနေဆိုတာ အနားမှာ အတူနေရင်း
အကဲခတ်ခဲ့ရတာပေါ့"

'ဟင်. . . ဒါဆို အခုကော ဝိုင်းကတကယ် ကိုနေ့
ကို သံယောဇဉ်ရှိမရှိ ဘယ်လိုလုပ်ပြီး သိလဲ'

'သိတာပေါ့'

'ဟင်. . . ဘယ်လိုသိ'

'ဝိုင်းရဲ့ ဒီမျက်လုံးလေးတွေပေါ့ ကိုယ့်နဲ့တွေ့တိုင်း
စကားတွေ ပြောပြောနေတတ်တယ်'

'သွား . . . မဟုတ်ပဲနဲ့'

'ဝိုင်း. . . ကိုယ် ဝိုင်းကို ချစ်တယ်၊ ဝိုင်းကို ကိုယ်
လက်ထပ်ပါရစေနော်'

ထွေးဆုပ်ကိုင်လာသော လက်များအား ဝိုင်း မရုန်း
ယမိ။



ပန်းဆီရောင်ပြေးနေသော သူမမျက်နှာလေးအား
ချစ်သူရင်ခွင်မှာ ထွေးအပ်ပြီး ရင်ခုန်သံတွေသာ မြန်နေမိပါ
တော့သည်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

ကန်ရေပြင်ကိုဖြတ်တိုက်သွားတဲ့ လေနုအေးက အသစ်စက်စက် ချစ်သူနှစ်ဦးကို ပွေ့ဖက်ကာ ကျီစယ်လို့ သွား၏။

နေဟန် ဝိုင်းရဲ့မေးဖျားလေးကို ဆွဲမော့ကာအကြည့်ချင်းဆုံရင်း . . .

'ဝိုင်း'

'ရှင်'

'ကိုယ့်ကို ချစ်ရဲ့လားဟင်၊ ကိုယ်ကတော့ ဝိုင်းကို





မခွဲနိုင်အောင် ချစ်နေမိတော့တာပဲ'

'သွားပါ ကိုပို၊ ဝိုင်းက ခုမှ မဟုတ်ဘူး၊ ကိုယ့်နဲ့ သီချင်းဆုံတွဲဆိုတဲ့နေ့ကတည်းက ချစ်သွားတာ ရှင့်ထက် ဝိုင်း အချစ်က ပိုတာပေါ့'

'ဒါဖြင့် အဲဒီသီချင်းလေးရဲ့အမည်ကော သိသေးရဲ့လား ဝိုင်း'

'သိပ့ါ . . . . မင်းအနားမှာ နေပါရစေတဲ့'

'ဒါဖြင့် . . . '

နေဟန် ချစ်သူလေးနှင့် ပိုမိုနီးကပ်အောင် တိုးကပ်ထိုင်လိုက်သည်။

'အို့ . . ကြည့်စမ်း ကိုနော်၊ ဒါ ဘာလုပ်တာလဲ'

'ဝိုင်းပဲ မင်းအနားမှာ နေပါရစေဆို၊ ဒါကြောင့် ပိုနီးအောင်လို့လေ နောက်လည်း ဘယ်တော့မှ မခွဲတော့ဘူးနော်၊ သီချင်းလေးထဲကလိုပေါ့ အရိပ်လေးလို နေပါရစေတဲ့၊ ရန့်လေးလို နေပါရစေတဲ့'

'ရွှတ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်. . . ဒါ. . ဘာ. . . ဘာလုပ်တာလဲ'

'တံဆိပ်ခတ်လိုက်တာလေ'

'သွား. . . ဒီက သီချင်းခေါင်းစဉ်ရွတ်ပြတဲ့ဟာ'

'ရွက်မနေပါနဲ့ကွာ၊ ဒီက မကြာခင်လက်ထပ်တော့မယ့် ကိုယ်ဒီဇိုင်နာ သတို့သမီးကို အနမ်းလေးနဲ့ ဂုဏ်ပြုတာပါကွာ'

'ဘယ်သူက လက်ထပ်မယ်ပြောထားလို့လဲ'

'ဟင်. . . ဝိုင်းက ကိုယ့်ကို လက်မထပ်တော့ဘူးပေါ့'

'ဟင့်အင်း. . . ကိုယ်နဲ့ မင်္ဂလာပဲဆောင်မှာ'

'ဟာ. . . ဝိုင်း ဒါအတူတူပဲလေ'

'ဟိုးထား ဆရာကြီး၊ ကန့်ပေါင်မှာ ဒီ့ပြင်အတွဲတွေ ရှိသေးတယ်လေ'

ဝိုင်း ဘယ်လိုတားနေပေမယ့် နေဟန်က သူမ ကိုယ်လုံးလေးအား ကြွင်နာစွာ ထွေးဖက်ထားလိုက်ပါသည်။



သစ်ပင်ထက်မှ ငှက်ကလေးများက ချစ်သူနှစ်ဦးအားရှက်နေမှာစိုးသည့်အလား အလိုက်တသိပင် အဝေးသို့ ပျံထွက်ပြေးသွားကြ၏။

ထိုငှက်ကလေးတွေနဲ့ဆန့်ကျင်စွာ ချစ်သူနှစ်ဦးပြောနေသမျှ ကြားနိုင်သမျှကြားအောင် အနီးကပ်နားစွင့်နေမိသူကတော့ ပြင်ဦးလွင်မှ ဝိုင်းအား တောင်းယူရန် မိခင်ကြီးနှင့် ရောက်လာသော တေဇာဖင်ဖြစ်သည်။

အသည်းတွေကွဲကြေအောင် ခံစားရမည့်အစား ချစ်သူနှစ်ဦးအတွက် ခွဲစေမည့်မိမိအကြံကို တေဇာပြန်လို့နောင်တရနေမိပါတော့သည်။ မေမေ့အား အကြောင်းစုံဖွင့်ပြောပြီး ဒီနေ့ပဲ ပြင်ဦးလွင်ပြန်ဖို့ စီစဉ်ရမည်။

သူ ဝိုင်းကို ချစ်ပါသည်။ သို့ပါသော် ဝိုင်း စိတ်ချမ်းသာစေလိုသော ဖြူစင်တဲ့အချစ်များနှင့်သာ ချစ်ခဲ့ခြင်းဖြစ်သည်။

သွက်လက်သောခြေလှမ်းများဖြင့် ချစ်သူနှစ်ဦးအနီးမှ လှမ်းထွက်ခဲ့ပေမယ့် သူ့ရင်မှာ လွမ်းတာရော ဆွေးတာ

www.burmeseclassic.com

www.burmeseclassic.com



ပါ ဘာဆိုဘာမှ မကျန်ရစ်ခဲ့တော့ချေ။ တစ်ခုပ မေမေစီစဉ်တော့မယ့် သူ့မင်္ဂလာပွဲကို ဖျက်သိမ်းပစ်ဖို့ သူကြိုးစားရမှာပင်။

ဒီအဖြစ်တွေကို နေဟန်နှင့် ဝိုင်းစုဆိုတဲ့ချစ်သူစုံတွဲ အသစ်စက်စက်နှစ်ယောက်ကတော့ သိလိုက်မှာမဟုတ်ပါလေ။

သူတို့တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်ထားကြရင်း သီချင်းလေးတစ်ပုဒ်ကို သီဆိုနေသေး၏။ သူတို့နှ ဦးရင်ခုန်မှုတွေကို ဖန်ဆင်းပေးခဲ့သော မင်းအနားမှာ နေပါရစေ စုံတွဲတေးသွားလေးပဲ ဖြစ်ပါသည်. . . .

ရင်ခုန်သံမရပ်သရွေ့ အမြဲကြိုးစားနေမယ့်. .

**ခင်ခင်မြတ်နိုး**

www.burmeseclassic.com